ယနေ့ သာယာမည်

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

# မြန်မာ့အလင်း

အရိယ သစ္စာန ဒဿနံ တော်မင်္ဂလ မုတ္တမံ သစ္စာလေးပါးကို သိခြင်းသည် မြတ်သော မင်္ဂလာမည်၏။

■ အတွဲ [၅၅] အမှတ် [၀၇၄]

၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက် [13-12-2015]

MYANMA ALINN SUNDAY ISSUE


# အနာဂတ်တွင် စာပေပညာရှင်များ၏ ကလောင်စွမ်းအားဖြင့် ပြည်သူကို အသိပညာ ဗဟုသုတမျှဝေပေးသည့် စာအုပ်စာပေများ ရေးသားထုတ်ဝေပေးနိုင်ရန်လိုအပ်

**ရန်ကုန် ဒီဇင်ဘာ ၁၂**

၂၀၁၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း တက်ရောက်အမှာစကားပြောကြားပြီး အမျိုးသားစာပေတစ်သက်တာဆုရရှိသူများကို ဆုများပေးအပ် ချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ဆုရွေးချယ်ရေးကော်မတီဝင်များ၊ ဆုရစာပေပညာရှင်ကြီးများ၊ ၎င်းတို့၏ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

## နိုင်ငံတော်အနေဖြင့် စာပေမြင့်မှ လူမျိုးတင့်မည်ဆိုသည့် ရည်မှန်းချက်ထားပြီး မြန်မာစာပေပညာရှင်ကြီးများ၏ ထူးခြားသည့် စာပေလက်ရာမွန်များကို စာဆိုတော်နေ့ရောက်လာတိုင်း ယခုကဲ့သို့ နှစ်စဉ်မပြတ် ချီးမြှောက်ဂုဏ်ပြုနေခြင်းဖြစ်





ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ၂၀၁၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)


## တနင်္ဂနွေ ဖတ်စရာ

ရန်ကုန်မြို့ပြအမွေအနှစ်များရဲ့ရာဇဝင်

တစ်ချိန်က မြန်မာပြည်၏ ပင်လယ်တံခါး ပေါက်ကို ထိန်းချုပ်ခဲ့သည့်နေရာ သို့မဟုတ် ယခုမြန်မာ့ဆိပ်ကမ်းအာဏာပိုင် အဆောက်အအုံ စာ ➤ ၁၅

ခရီးသွားဆောင်းပါး

အရုဏ်ဦးမှာ ပူးခဲ့သည် စာ ➤ ၁၆





## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# စတုတ္ထမဏ္ဍိုင် ခိုင်မာစွာရပ်တည်

ပြည်သူအကျိုးပြုမီဒီယာတစ်ရပ်အနေဖြင့် ပြည်သူတို့အား အသိပညာဗဟုသုတများ၊ သတင်းဖြစ်ရပ်မှန်များ အချိန်နှင့်တစ်ပြေးညီ ထုတ်ဝေအသိပေးရန်တာဝန်ရှိသကဲ့သို့ အခြားတစ်ဖက်တွင်လည်း စောင့်ကြည့်ဝေဖန်ထောက်ပြပေးရန် တာဝန်ရှိပေသည်။ ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးတည်းဟူသော မဏ္ဍိုင်သုံးရပ် တည့်မတ်မှန်ကန်ရေး စောင့်ကြည့်ဝေဖန်ထောက်ပြပေးရန်လည်း တာဝန်ရှိပေသည်။ ဤသို့ အရှိကိုအရှိအတိုင်း၊ အမှန်ကို အမှန်အတိုင်း၊ အမြင်ကိုအမြင်တိုင်း ပွင့်လင်းမြင်သာစွာ စောင့်ကြည့်ဝေဖန်ထောက်ပြခြင်းသည်ပင်လျှင် စတုတ္ထမဏ္ဍိုင်၏ အဓိကတာဝန်ကြီးတစ်ရပ်ပင်ဖြစ်ပေသည်။

လက်ရှိနိုင်ငံတော်သမ္မတ ဦးသိန်းစိန်အစိုးရလက်ထက်တွင် မီဒီယာလွတ်လပ်ခွင့်များ လမ်းဖွင့်ပေးခဲ့သည်ကို အားလုံးအသိပင်ဖြစ်ပါသည်။ နှစ်ပေါင်းများစွာ ထုတ်ဝေခွင့်မရခဲ့သော ပုဂ္ဂလိကသတင်းစာများ၊ ဂျာနယ်နှင့် မဂ္ဂဇင်းများကို ပြန်လည်ထုတ်ဝေခွင့်၊ အသစ်ထုတ်လုပ်ခွင့်များပေးခဲ့သည်။ တစ်ချိန်တည်းမှာပင် စာပေ၏ ကင်ပေတိုင်ဟုပြောဆိုလေ့ရှိကြသော စာပေစိစစ်ရေးကို အပြီးတိုင်ဖယ်ရှားပေးနိုင်ခဲ့သည်။ သတင်းစာများ၊ ရုပ်မြင်သံကြား၊ ရေဒီယိုအစရှိသဖြင့် မီဒီယာမျိုးစုံတို့တွင် ပွင့်လင်းလွတ်လပ်စွာ ရေးသားခွင့်များရရှိလာကြသည်။ ဤသို့ဖြင့် မီဒီယာလွတ်လပ်ခွင့်၊ စာပေလွတ်လပ်ခွင့်များသည် ဒီရေအလားတိုးပွားလာခဲ့သည်ကို ပြည်သူအားလုံးအသိပင်ဖြစ်သည်။

ယခုအခါ မီဒီယာလွတ်လပ်ခွင့်ကို တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ခိုင်ခိုင်မာမာရပ်တည်နိုင်မည့် သတင်းမီဒီယာကောင်စီကိုလည်း ဖွဲ့စည်းလိုက်ပြီဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်သမ္မတ၏ရှေ့မှောက်၌ သတင်းမီဒီယာကောင်စီဝင်များ ကတိသစ္စာပြုခြင်းအခမ်းအနားတစ်ရပ်ကို ဒီဇင်ဘာ ၁၁ ရက် နံနက်ပိုင်းက နိုင်ငံတော်သမ္မတအိမ်တော်၌ ကျင်းပခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က သတင်းမီဒီယာကောင်စီသည် သတင်းမီဒီယာသမားများ၏ အခွင့်အရေးတစ်ခုတည်းကိုသာ ကာကွယ်ရန်အတွက်မဟုတ်ဘဲ ပြည်သူများ၏ သတင်းသိပိုင်ခွင့်ကို ဖြည့်ဆည်းပေးရန်၊ ပြည်သူများ၊ သတင်းမီဒီယာများ၏ စောင့်ကြည့်ဝေဖန်ခြင်းကိုခံရမည့် မဏ္ဍိုင်များအနေဖြင့် မှန်ကန်တိကျပြီး အရည်အသွေးပြည့်ဝသည့် သတင်းအချက်အလက်များကို ရရှိစေရန်အတွက် စာနယ်ဇင်းကျင့်ဝတ်ဆိုင်ရာအဆင့်အတန်းများကို ထိန်းသိမ်းပေးရန်ဆိုသည့် လုပ်ငန်းတာဝန်များရှိကြောင်း၊ အဆိုပါတာဝန်များကို သတင်းမီဒီယာကောင်စီအနေဖြင့် သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း စသည်ဖြင့် ပြောကြားခဲ့ပါသည်။

သတင်းမီဒီယာကောင်စီသည် ညှိနှိုင်းဖြေရှင်းခြင်းနှင့် အရေးယူခြင်းအတွက်လည်း ဥပဒေအရ ဆောင်ရွက်ပေးနိုင်သည့် အခွင့်အာဏာရှိသော အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ သို့ဖြစ်၍ ပိုမိုပွင့်လင်းမြင်သာမှုရှိသော မီဒီယာလွတ်လပ်ခွင့်များနှင့်အတူ ပြည်သူ့အကျိုးစီးပွားကို အလေးအနက်ထား ဖော်ဆောင်ပေးနိုင်မည့် စတုတ္ထမဏ္ဍိုင်အဖြစ် ခိုင်ခိုင်မာမာရပ်တည်သွားနိုင်တော့မည်ဖြစ်ပါကြောင်း။ ။


**မြန်မာ့အလင်း**

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

**Myanma Alinn Daily**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆


# မိုင်းကြောင့် ထိခိုက်ဒဏ်ရာရသူများနှင့် မသန်စွမ်းသူများ လွိုင်ကော်မြို့၌ တွေ့ဆုံဆွေးနွေး

**လွိုင်ကော် ဒီဇင်ဘာ ၁၂**

မိုင်းကြောင့် ထိခိုက်ဒဏ်ရာရသူများနှင့် မသန်စွမ်းသူများ၏ တွေ့ဆုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၁ ရက် နံနက် ၉ နာရီက လွိုင်ကော်ဟိုတယ်၌ ကျင်းပရာ ဆွေးနွေးပွဲသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များ၊ မိုင်းကြောင့်ထိခိုက်ဒဏ်ရာရရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် DAI မှ Ms.Kristen(Ki Ki)L.Lentz က Victim Assistance and Disability နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက ဆွေးနွေးခြင်း၊ မေးခွန်းများမေးမြန်းဖြေကြားခြင်းတို့ကိုလည်းကောင်း၊ မိုင်းကြောင့် ထိခိုက်ဒဏ်ရာရသူများကို ကူညီထောက်ပံ့ပေးသည့် အဖွဲ့အစည်းများမှ မိမိတို့၏ လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းတင်ပြခြင်းကိုလည်းကောင်း၊ World Education Inc မှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်ခင်မာအောင်က ကယားပြည်နယ်အတွင်း မိုင်းကြောင့်ထိခိုက်ဒဏ်ရာရသူများနှင့် မသန်စွမ်းသူများအား အကူအညီပေးခြင်းအပေါ် ခြုံငုံသုံးသပ်ခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# လျှပ်စစ်မီးကြိုးအန္တရာယ်မဖြစ်စေရန် မလွတ်ကင်းသောသစ်ပင်များ ရှင်းလင်း

**ကသာ ဒီဇင်ဘာ ၁၂**



စစ်ကိုင်းတိုင်း ဒေသကြီး ကသာခရိုင် ကသာမြို့အတွင်း၌ ဆက်သွယ်ရေးကြိုးများနှင့် လျှပ်စစ်မီးကြိုးများ သွယ်တန်းထားသည့် နေရာများအား အန္တရာယ်မဖြစ်ပေါ်စေရေးအတွက် မလွတ်ကင်းသော သစ်ပင်ကြီးများအား သစ်ကိုင်းချိုင်ခြင်း၊ ခုတ်လှဲခြင်းများကို ဒီဇင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီမှ စတင်၍ ပြုလုပ်လျက်ရှိသည်။

ယခုအချိန်ကာလသည် ပွင့်လင်းရာသီရောက်လာပြီ ဖြစ်သဖြင့် ဆက်သွယ်ရေးကြိုးများနှင့် လျှပ်စစ်မီးကြိုးများပေါ်သို့ လေတိုက်၍ဖြစ်စေ၊ အလိုအလျောက်ဖြစ်စေ လျှပ်စစ်အန္တရာယ် ဖြစ်စေနိုင်သောကြောင့် ယခုလို ကြိုတင်ကာကွယ်ဆောင်ရွက်ထားရခြင်း ဖြစ်ကြောင်း ကသာမြို့နယ် လျှပ်စစ်ခွဲရုံတာဝန်ခံတစ်ဦးက ပြောသည်။

ဆက်သွယ်ရေးကြိုးများနှင့် လျှပ်စစ်မီးကြိုးများပေါ်သို့ အန္တရာယ်ပေးနိုင်သော သစ်ကိုင်း၊ သစ်ပင်ခုတ်ခြင်း၊ ကာကွယ်တားဆီးခြင်းကို ကသာမြို့နယ် ဆက်သွယ်ရေးလုပ်ငန်းမှ ဝန်ထမ်းများနှင့် ကသာမြို့နယ် လျှပ်စစ်ခွဲရုံမှ ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

**ရဲကို(ကသာ)**




# စာဆိုတော်နေ့ဂုဏ်ပြု အသိပညာပေး

**တောင်ငူ ဒီဇင်ဘာ ၁၂**

မြန်မာနိုင်ငံ စာဆိုတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်သူများ အသိပညာဗဟုသုတရရှိစေရေးနှင့် စာဖတ်ကျင့်ရရှိစေရေး ရည်ရွယ်၍ ဟောပြောပွဲကို ဒီဇင်ဘာ ၁၀ ရက် မွန်းတည့် ၁၂ နာရီက တောင်ငူခရိုင် ရေတာရှည်မြို့နယ် ကျွဲရိုင်းပြင်ကျေးရွာအုပ်စု ပိန္နဲပင်ကျေးရွာရှိ အလင်းရောင် စာကြည့်တိုက်၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်ခိုင်သင်း၊ ရေတာရှည်မြို့နယ်ဦးစီးမှူး ဒေါ်အေးဆုစံ၊ ရေတာရှည်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်ဌေးလွင်၊ ရေတာရှည်မြို့နယ် စာရေးဆရာအသင်း၊ နာယက စာရေးဆရာ သိုက်နွယ်၊ ကိုကြီးစိုး (ဂန္ထဝင်)၊ လွမ်းသစ္စာ (ကေတု)တို့က အသိပညာဗဟုသုတဆိုင်ရာ ဆောင်းပါး၊ ကဗျာများကို ဟောပြောခဲ့ကြသည်။

ထို့နောက် ဟောပြောပွဲ လာရောက်ကြသူများအား မူခင်းကျဆင်းရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပြီး အသိပညာပေး နံရံကပ်စာစောင်များ ပြသခဲ့ကြကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၂-၁၂-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၅၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၁၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၆၅၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

| | ရန်ကုန် |
|---|---|
| ဒီဇယ် | ၆၃၀/၆၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၅ ကျပ် |
| အောက်တိန်း ၉၅ | ၇၅၀/၇၇၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၆၀/၆၉၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)**

| | ရန်ကုန် |
|---|---|
| ဒီဇယ် | ၅၆၈ ကျပ် |
| အောက်တိန်း၉၂ | ၅၆၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀-၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၉၉.၀ |
| ဥရောပ | တစ်ယူရို | ၁၄၃၁.၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၂၇.၆၃ |
| ထိုင်း | တစ်ဘတ် | ၃၆.၁၈၀ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၄၃၁ |
| တရုတ် | တစ်ယွမ် | ၂၀၂.၀၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၆.၀၄ |

ခင်ရတနာ-စုစည်းသည်။



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ၂၀၁၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရ ဆရာကြီး ဦးကိုလေး(ကိုလေး-အင်းဝဂုဏ်ရည်)အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

❖ **ရှေ့ဖုံးမှ**

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက အမှာစကားပြောကြားရာတွင် မြန်မာ့စာပေယဉ်ကျေးမှု အနုပညာ အဖြာဖြာသည် ရှေးနှစ်ပေါင်းများစွာကတည်းက ပေါ်ပေါက်ခဲ့ပြီး ယနေ့အထိ ရှင်သန်ဖွံ့ဖြိုးလျက်ရှိကြောင်း၊ မြန်မာစာဆိုတော်ကြီးများကလည်း စာကောင်းပေမွန်များကို အမြောက်အမြား ရေးသားဖွဲ့ဆိုခဲ့ပြီး မြန်မာစာပေကို အစဉ်အဆက် လက်ဆင့်ကမ်းပေးခဲ့ကြပါကြောင်း၊ စာပေသည် ရုပ်ရှင်၊ ဂီတ၊ သဘင်စသည့် အနုပညာများ၏ ပင်မဇစ်မြစ်ဖြစ်သည့်အပြင် အမျိုးသားရေးစရိုက်လက္ခဏာ၊ ယဉ်ကျေးမှုအဖြာဖြာတို့ ပေါင်းဆုံရာနယ်ပယ်ကြီးဖြစ်သည်နှင့်အညီ “စာပေမြင့်မှ လူမျိုးမြင့်မည်” “စာပေပျောက်ရင် လူမျိုးပျောက်မည်”ဟု ဆိုစမှတ်ပြုခဲ့ကြခြင်းဖြစ်ကြောင်း။

စာပေဟူသည် လူ့ဘောင်အဖွဲ့အစည်း၏ အယူအဆသတ်မှတ်ချက်နှင့် တန်ဖိုးကိုထင်ဟပ်စေသည့် ကြားခံဖြစ်သည်ဟု ပြန်ဆိုကြပါကြောင်း၊ စာပေသမိုင်းနှင့် လူ့ဘောင်အဖွဲ့အစည်း သမိုင်းသည်လည်း ယှဉ်တွဲ၍နေပြီး အချင်းချင်းကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ ရှိနေကြပါကြောင်း၊ လူ့ဘောင်အဖွဲ့အစည်းမရှိဘဲ စာပေ အသက်ရှည်ရိုးမရှိနိုင်သကဲ့သို့ စာပေမရှိသည့် လူ့ဘောင်အသိုင်းအဝိုင်းမှာလည်း ရေရှည်ဖွံ့ဖြိုးရှင်သန်နိုင်ရန် များစွာခက်ခဲမည်ဖြစ်ကြောင်း၊ စာပေကို လူမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရေး၊ ဆုတ်ယုတ်စေရေးသာမက အမျိုးသားရေးစိတ်ဓာတ် နိုးကြားတက်ကြွစေရေးအတွက် ထိရောက်သည့် လှုံ့ဆော်မှုအဖြစ် အသုံးပြုနိုင်သည်ကို သိရှိလာသည်နှင့်အမျှ လူ့အဖွဲ့အစည်းအတွင်း မမှန်မကန် လုပ်ဆောင်နိုင်သည့် ကမ္ဘာ့တစ်ဝန်း နိုင်ငံ့အကြီးအကဲများ၊ နိုင်ငံရေးသမားများ၊ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရဝန်ထမ်းများ၊ ပြည်သူများ၏ တစ်ဖက်စောင်းနင်းလုပ်ဆောင်မှုများကိုလည်း သက်ဆိုင်သည့်စာရေးသူများက မီးမောင်းထိုးဝေဖန်ထောက်ပြနိုင်စွမ်းရှိသည်ကို အားလုံးသိရှိကြပြီးဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် “စာပေမြင့်မှ လူမျိုးတင့်မည်” ဆိုသည့် ရည်မှန်းချက်ထားပြီး မြန်မာစာပေပညာရှင်ကြီးများ၏ ထူးခြားသည့် စာပေလက်ရာမွန်များကို စာဆိုတော်နေ့ရောက်လာတိုင်း ယခုကဲ့သို့ နှစ်စဉ်မပြတ် ချီးမြှောက်ဂုဏ်ပြုနေခြင်းဖြစ်ပါကြောင်း၊ မြန်မာစာပေလောက ဖွံ့ဖြိုးရေးကို ဦးတည်ပြီး အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုကို ခေတ်အဆက်ဆက် ရွေးချယ်ဂုဏ်ပြုချီးမြှင့်လာခဲ့ရာတွင် ဘာသာရပ်ဆိုင်ရာ စာပေဆုများ၊ တိုးချဲ့ချီးမြှင့်ခဲ့သကဲ့သို့ ဂုဏ်ပြုငွေများကိုလည်း တိုးမြှင့်ပေးခဲ့ပါကြောင်း၊ ထို့အပြင် မြန်မာစာပေအကျိုးကို မျှော်ကိုးပြီး မိမိ၏ ကလောင်အားဖြင့် တစ်သက်တာပတ်လုံး စွမ်းစွမ်းတမံ သယ်ပိုး ဆောင်ရွက်ခဲ့သည့် ဝါရင့်စာပေပညာရှင်ကြီးများကို ဂုဏ်ပြုချီးမြှောက်သောအားဖြင့် အမျိုးသားစာပေတစ်သက်တာဆုကို ၂၀၀၁ ခုနှစ်က စတင်ချီးမြှင့်ခဲ့ပြီး စာပေပညာရှင် တစ်ဦးစီကိုသာ ချီးမြှင့်ခဲ့ရာမှ ၂၀၁၂ ခုနှစ်ကစပြီး အမျိုးသားစာပေ တစ်သက်တာဆုကို သုံးဦးအထိ တိုးမြှင့်ခဲ့ပါကြောင်း၊ အဆိုပါစာပေဆုများကို ရွေးချယ်ရာတွင်လည်း ပွင့်လင်းမြင်သာမှုနှင့် ထိုက်တန်သည့်စာအုပ် စာမူများကို ရွေးချယ်ဆုချီးမြှင့်နိုင်ရန် စာပေဆုရွေးချယ်ရေးကော်မတီများဖွဲ့စည်းပြီး ဆောင်ရွက်စေခဲ့ပါကြောင်း။

ယနေ့အချိန်အခါတွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်သည် အများပြည်သူလိုလားတောင့်တနေသည့် ဒီမိုကရေစီခရီးလမ်းကြောင်းမှန်ပေါ်တွင် စိတ်အားထက်သန်စွာ လျှောက်လှမ်းနေပြီ ဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကိုလည်း နိုဝင်ဘာ ၈ ရက်တွင် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲဖြစ်အောင် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရာတွင် နိုင်ငံသားအားလုံးက နိုင်ငံကြီးသားပီသစွာဖြင့် ဒီမိုကရေစီကျင့်စဉ်အတိုင်း လိုက်နာဆောင်ရွက်နိုင်ကြရန် အထူးအရေးကြီးသကဲ့သို့ အာဆီယံဒေသအပါအဝင် နိုင်ငံတကာအလယ်တွင် မြန်မာနိုင်ငံက ဂုဏ်သိက္ခာရှိရှိနှင့် ရပ်တည်နိုင်ရန်လည်း အထူးလိုအပ်လာပြီဖြစ်ကြောင်း။

သို့အတွက် အနာဂတ်ကာလတွင် စာပေပညာရှင်များ၏ ကလောင်စွမ်းအားဖြင့် ပြည်သူကို အသိပညာ ဗဟုသုတမျှဝေပေးသည့် စာအုပ်စာပေများ ရေးသားထုတ်ဝေပေးနိုင်ရန်နှင့် စာပေအရည်အသွေးမြင့်မားလာအောင် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ စာပေပညာရှင်များကလည်း တစ်ဦးချင်း တစ်ဖွဲ့ချင်းမှစပြီး အများပြည်သူကို ကောင်းကျိုးပြုနိုင်မည့် သုတ၊ ရသစာပေ၊ အတွေးအခေါ် မှန်ကန်ရင့်ကျက်စေမည့် စာပေ၊ ပေါ်ပင်မဟုတ် ဂန္ထဝင်မြောက် စာပေများကို ဦးစားပေးရေးသားဖွဲ့ဆိုပေးကြရန်လည်း အလေးအနက် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။




ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့ဝင်များ ဆုရစာပေပညာရှင်ကြီးများ၏ မှတ်တမ်းဓာတ်ပုံများနှင့် ဆုရစာအုပ်များ ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးစဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ၂၀၁၄ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုရ ဆရာကြီးဦးဝင်းဖေ (မြဇင်)၊ ဆရာကြီး ဦးခင်မောင်စိုး (မောင်ပေါ်ထွန်း)နှင့် ဆရာကြီး ဦးကိုလေး(ကိုလေး-အင်းဝဂုဏ်ရည်) တို့အားဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီး ဦးရဲထွဋ်၊ ဦးစိုးဝင်း၊ ဒေါက်တာ ဒေါ်ခင်စန်းရီနှင့် ဦးအေးမြင့်ကြူတို့က အမျိုးသားစာပေဆု ရရှိကြသူများအားလည်းကောင်း၊ ဒုတိယဝန်ကြီးဦးအောင်သိမ်း၊ ဒေါ်စန္ဒာခင်၊ ဦးသန်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါ်စန်းစန်းနွယ်နှင့် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဝန်ကြီး ဦးစိုးမင်းတို့က စာပေဗိမာန်စာမူဆု ရရှိကြသူများအားလည်းကောင်းဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် စာပေဆုရရှိကြသူများကိုယ်စား ၂၀၁၄ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုရ ဆရာကြီး ဦးခင်မောင်စိုး(မောင်ပေါ်ထွန်း)က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့ဝင်များသည် ၂၀၁၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရှင်များ၊ အမျိုးသားစာပေဆုရှင်များ၊ စာပေဗိမာန်စာမူဆုရှင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆုချီးမြှင့်ပွဲအခမ်းအနား မစတင်မီ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ဆုရ စာပေပညာရှင်ကြီးများ၏ မှတ်တမ်းဓာတ်ပုံများနှင့် ဆုရစာအုပ်များ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှတို့က ၂၀၁၄ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုရ စာပေပညာရှင်ကြီး သုံးဦးတို့အား ချီးမြှင့်သည့် ငွေကျပ် ၁၀ သိန်းစီကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးဇော်သိန်းက ပေးအပ်ချီးမြှင့်သည်။

အမျိုးသားစာပေတစ်သက်တာဆုကို ၂၀၀၁ ခုနှစ်က စတင်ချီးမြှင့်ခဲ့ပြီး ယခင်က တစ်နှစ်လျှင် တစ်ဦးသာ ရွေးချယ်ချီးမြှင့်ခဲ့သော်လည်း ၂၀၁၂ ခုနှစ်မှစ၍ ယခုနှစ်အထိ အမျိုးသားစာပေ တစ်သက်တာဆုရှင်ကို သုံးဦးအထိ တိုးမြှင့်ရွေးချယ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ထို့အတူ ယခင်က တစ်သက်တာစာပေဆုကို ငွေကျပ်ခြောက်သိန်း ချီးမြှင့်ခဲ့ရာမှ ယခုအစိုးရလက်ထက်တွင် အဆင့်ဆင့်တိုးမြှင့် ချီးမြှင့်ပေးခဲ့ပြီး ၂၀၁၃ ခုနှစ်မှစ၍ ငွေကျပ် ၂၅ သိန်းအထိ ထပ်မံတိုးမြှင့်ချီးမြှင့်ခဲ့ကြောင်းသိရသည်။

အလားတူ ယခင်က အမျိုးသားစာပေဆုကို ငွေကျပ်သုံးသိန်းချီးမြှင့်ခဲ့ရာမှ ယခုအစိုးရလက်ထက်တွင် အဆင့်ဆင့်တိုးမြှင့် ချီးမြှင့်ပေးခဲ့ပြီး ၂၀၁၃ ခုနှစ်မှစ၍ ငွေကျပ် ၁၅ သိန်းအထိ ထပ်မံတိုးမြှင့်ချီးမြှင့်ခဲ့ကာ အမျိုးသားစာပေဆုဘာသာရပ်များကိုလည်း အမျိုးအစားအလိုက် တိုးမြှင့်ရွေးချယ်ပေးခဲ့သည်။

စာပေဗိမာန်စာမူဆုများကိုလည်း ယခင်က ပထမဆုငွေကျပ်တစ်သိန်းခွဲ၊ ဒုတိယဆု ငွေကျပ်တစ်သိန်းနှင့် တတိယဆု ငွေကျပ်ခုနစ်သောင်းခွဲ ချီးမြှင့်ခဲ့ရာမှ ယခုအစိုးရလက်ထက်တွင် အဆင့်ဆင့်တိုးမြှင့်ချီးမြှင့်ပေးခဲ့ပြီး ၂၀၁၃ ခုနှစ်မှစ၍ ပထမဆုကို ငွေကျပ်ခုနစ်သိန်း၊ ဒုတိယဆုကို ငွေကျပ်ငါးသိန်း၊ တတိယဆုငွေကျပ်သုံးသိန်းအထိ ထပ်မံတိုးမြှင့် ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ယနေ့ကျောက်စိမ်းအတွဲ ၁၇၅၀ ဆက်လက်ရောင်းချ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

မြန်မာ့ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲကို ဒီဇင်ဘာ ၇ ရက်မှစတင်ပြီး နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပလျက်ရှိရာ ယနေ့တွင်လည်း ကြည့်ရှုလေ့လာသူများ၊ တင်ဒါတင်သွင်းဝယ်ယူသူများနှင့် စည်ကားလျက်ရှိသည်။

ယနေ့ ကျောက်စိမ်းအတွဲပေါင်း ၁၇၅၀ တွဲကို တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ပြီး ယမန်နေ့က ကျောက်စိမ်းအတွဲပေါင်း ၁၇၅၀ အနက် အတွဲ ၁၃၆၀ ကို တင်ဒါအောင်မြင်ခဲ့ကြောင်း သိရသည်။

ပြပွဲတွင် ဗဟိုကော်မတီအနေဖြင့် လာရောက်ဝယ်ယူကြသူများ သိရှိဆောင်ရွက်နိုင်ရန် အချက်အလက်များကို မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ LED ဘုတ်များဖြင့် ကြေညာပေးလျက်ရှိသည်။

ဒီဇင်ဘာ ၁၃ ရက် ပြပွဲနောက်ဆုံးနေ့တွင်လည်း ကျောက်စိမ်းအတွဲ ၁၅၇၆ တွဲကို တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ညအပူချိန်များ အနည်းငယ်လျော့နည်း

**နေပြည်တော် ဒီဇင်ဘာ ၁၂**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနေမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

# ဗြိတိန်မြေပြင်တပ်ဖွဲ့ဝင်များ အီရတ်သို့ စေလွှတ်မည်မဟုတ်ဟု ဗြိတိန်ကာကွယ်ရေးဝန်ကြီးပြော




**ဝါရှင်တန် ဒီဇင်ဘာ ၁၂**

ဗြိတိန်နိုင်ငံအနေဖြင့် အီရတ်သို့ မြေပြင်တပ်များစေလွှတ်မည်မဟုတ်ကြောင်း ဝါရှင်တန်သို့ရောက်ရှိနေသော ဗြိတိန်ကာကွယ်ရေးဝန်ကြီး မိုက်ကယ်ဖော်လွန်းက သောကြာနေ့တွင် ပြောကြားသည်။ **(ယာပုံ)**

"ကျွန်တော်တို့အနေနဲ့ အီရတ် သို့မဟုတ် ဆီးရီးယားနိုင်ငံကို မြေပြင်တပ်တွေ ပြန်လွှတ်ပေးဖို့ မရှိပါဘူး" ဟု အမေရိကန်ကာကွယ်ရေးဝန်ကြီး အက်ရှ်ကာတာနှင့် ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားသည်။ အီရတ်ဝန်ကြီးချုပ် ဟိုင်ဒါအယ်လ်ဘာဒီကလည်း ဗြိတိသျှတပ်များ အီရတ်သို့ဖြန့်ကြက်မှုအပေါ် မလိုလားဟုဆိုသည်။

"ကျွန်တော်တို့အနေနဲ့ အမေရိကန်တပ်တွေ အဲဒီမှာမရှိစေချင်တာကိုလည်း လေးစားလိုက်နာရမှာဖြစ်ပါတယ်" ဟု ဖော်လွန်းက ဆိုသည်။ အီရတ်တို့အနေဖြင့် အိုင်အက်စ်တို့ ထိန်းချုပ်ခြင်းမရှိသောဒေသများကို လုံခြုံရေးကောင်းစွာ ဆောင်ရွက်နိုင်လိမ့်မည်ဟု နားလည်သဘောပေါက်ထားကြသည်။ လုံခြုံရေးတပ်များက ဆွန်နီဒေသများကိုလုံခြုံမှု ပိုမိုပေးနိုင်လိမ့်မည်ဟုလည်း ယုံကြည်ထားကြသည်။

**(ဆင်ဟွာ)**

# လက်နက်ကိုင်အုပ်စုများနှင့် ငြိမ်းချမ်းရေးဆွေးနွေးရန်မရှိကြောင်း ဆီးရီးယားသမ္မတ ဘရှာအယ်လ်အာဆတ်ပြောကြား



**ဘေရွတ် ဒီဇင်ဘာ ၁၂**

အမေရိကန်နှင့် ရုရှားတို့က လာမည့်လတွင် ဆီးရီးယားအရေး ငြိမ်းချမ်းစွာ ဖြေရှင်းရေး မျှော်လင့်နေသော်လည်း သမ္မတဘရှာအယ်လ်အာဆတ်က သူ့အနေဖြင့် လက်နက်ကိုင်အုပ်စုများနှင့် ညှိနှိုင်းဖြေရှင်းမှု ပြုလုပ်မည်မဟုတ်ကြောင်း သောကြာနေ့တွင် ကြေညာလိုက်သည်။

ဆီးရီးယား အတိုက်အခံပါတီများမှ အဖွဲ့ဝင် ၁၀၀ ကျော် ပါဝင်သော အဖွဲ့အစည်းနှင့် အနောက်အုပ်စု ကျောထောက်နောက်ခံ သူပုန်အုပ်စုများအကြား ဝါရှင်တန်၏ ကြားဝင်စေ့စပ်မှုဖြင့် ကြာသပတေးနေ့က ငြိမ်းချမ်းရေး သဘောတူညီချက်တစ်ရပ် ရရှိထားသည်။

သို့သော်လည်း အိုင်အက်စ်အဖွဲ့အနေဖြင့် လာမည့်လတွင် ကျင်းပမည့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲသို့ တက်ရောက်ခွင့် ရရှိမည်မဟုတ်ဟု ဆိုသည်။

ဆီးရီးယားနှင့် အီရတ်နယ်မြေများကို သိမ်းပိုက်ထားသော အိုင်အက်စ်အဖွဲ့ကို ဘုံရန်သူအဖြစ် သတ်မှတ်ထားပြီး အနောက်အုပ်စုနှင့် ရုရှားတို့က တိုးမြှင့်တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိသည်။

မည်သည့်လက်နက်ကိုင် အုပ်စုနှင့်မျှ နိုင်ငံရေးဆွေးနွေးလိမ့်မည်မဟုတ်ကြောင်း ဆီးရီးယားသမ္မတ အာဆတ်က စပိန်သတင်းအေဂျင်စီ အီးအက်ဖ်အီးနှင့် အင်တာဗျူးတွင် ပြောသည်။

**(ရိုက်တာ)**

# ကဘူးလ်မြို့ စပိန်သံရုံး တာလီဘန်တို့အသေခံတိုက်ခိုက် နိုင်ငံခြားသားများအား ပစ်မှတ်ထားတိုက်ခိုက်ခြင်းဟုဆို

**ကဘူးလ် ဒီဇင်ဘာ ၁၂**

အာဖဂန် လုံခြုံရေးတပ်များက ကဘူးလ်မြို့ စပိန်သံရုံးကို တာလီဘန်တို့ အသေခံ တိုက်ခိုက်ပြီးနောက် ဝိုင်းရံထားခဲ့ကြောင်း၊ စနေနေ့ အစောပိုင်းက ပစ်ခတ်မှုများနှင့် ပေါက်ကွဲမှုများဖြစ်ပွားပြီး အသေခံ တိုက်ခိုက်ခဲ့သော တာလီဘန်သုံးဦးလည်း သေဆုံးခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါ တိုက်ခိုက်မှုအတွင်း စပိန် လုံခြုံရေးအရာရှိတစ်ဦးနှင့် အာဖဂန် ရဲတပ်ဖွဲ့ဝင်လေးဦးလည်း သေဆုံးခဲ့ကြောင်း ကဘူးလ်မြို့ကို ကာကွယ်ရန် သံရုံးအချို့နှင့် အစိုးရ အဆောက်အအုံများပါ ပိတ်ထားခဲ့ရကြောင်း ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဘာဆီရာမူဂျာဟစ်က ပြောသည်။



တိုက်ခိုက်မှုတွင် အာဖဂန်အရပ်သား ကိုးဦးလည်း ဒဏ်ရာရရှိခဲ့ပြီး အခြား အာဖဂန်နှင့် နိုင်ငံခြားသား ၄၇ ဦးအား အနီးအနားရှိ အဆောက်အအုံများမှ ကယ်တင်ခဲ့ကြောင်း ရဲအဖွဲ့က ပြောသည်။

အဆိုပါတိုက်ခိုက်မှုသည် နိုင်ငံခြားသားများကို ပစ်မှတ်ထားတိုက်ခိုက်မှုများအနက် နောက်ဆုံးတိုက်ခိုက်မှုဖြစ်ကြောင်း၊ သောကြာနေ့ညနေ ၆ နာရီခန့်က အသေခံတိုက်ခိုက်သူတစ်ဦးသည် စပိန်သံရုံးဧည့်ဂေဟာအတွင်း ကားဗုံးဖြင့်တိုက်ခိုက်ခဲ့ရာမှ သေနတ်သမားသုံးဦးနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအကြား ပစ်ခတ်မှုလည်း ပြင်းထန်စွာဖြစ်ပွားခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

**(ရိုက်တာ)**

# လစ်ဗျားပြိုင်ဘက် ပါလီမန်နှစ်ရပ်အကြား ဒီဇင်ဘာ ၁၆ ရက်တွင် ငြိမ်းချမ်းရေးလက်မှတ်ထိုးမည်

**ထရီပိုလီ ဒီဇင်ဘာ ၁၂**

လစ်ဗျားပြိုင်ဘက် ပါလီမန်နှစ်ခုက နောက်ဆုံးငြိမ်းချမ်းရေး သဘောတူစာချုပ်ကို ဒီဇင်ဘာ ၁၆ ရက်တွင် လက်မှတ်ရေးထိုးရန် သောကြာနေ့က ကြေညာလိုက်သည်။

" ကျွန်တော်တို့အနေနဲ့ ၁၄ လကြာ စေ့စပ်ဆွေးနွေးခဲ့ပြီးနောက် အစိုးရတစ်ရပ်ဖွဲ့စည်းနိုင်မှု ငြိမ်းချမ်းရေးစာချုပ်ကို ဒီဇင်ဘာ ၁၆ ရက်မှာ လက်မှတ်ရေးထိုးသွားကြမှာဖြစ်ပါတယ်" ဟု လစ်ဗျားနိုင်ငံ အောက်လွှတ်တော်များဆိုင်ရာ နိုင်ငံတကာအသိမှတ်ပြု ကိုယ်စားလှယ် မိုဟာမက်ရှူအစ်က ပြောသည်။

ကုလသမဂ္ဂကြားဝင်စေ့စပ်မှုနှင့် ဆောင်ရွက်သည့် ယင်းဆွေးနွေးပွဲ လက်မှတ်ရေးထိုးမည်နေ့ကို အစ္စလာမ်လွှမ်းမိုးသော အထွေထွေ အမျိုးသားကွန်ဂရက်ကိုယ်စားလှယ် ဆလက်အယ်လ်မတ်ဇွန်းကလည်း အတည်ပြုပြောကြားသည်။

အဆိုပါစာချုပ်သည် လစ်ဗျားပြည်သူများအတွက် အပြုသဘော ဆောင်တိုးတက်မှုများ ရရှိလာလိမ့်မည်ဟု ဆိုသည်။

လစ်ဗျားနိုင်ငံသည် မွမ်မာဂဒါဖီကျဆုံးပြီးကတည်းက ပြိုင်ဘက်ပါလီမန်နှင့် အစိုးရများအကြား နိုင်ငံရေးတင်းမာမှုများနှင့် ရင်ဆိုင်နေရသည်။ **(ဆင်ဟွာ)**

# ရုရှားတပ်များအပေါ် ခြိမ်းခြောက်မှုမှန်သမျှ အမြန်ဆုံးဖျက်ဆီးပစ်ရန် သမ္မတပူတင်ပြောကြား

**မော်စကို ဒီဇင်ဘာ ၁၂**

ဆီးရီးယားနိုင်ငံအတွင်း ရုရှားတပ်များအပေါ် ခြိမ်းခြောက်လာသည့် မည်သည့်တပ်ဖွဲ့ကိုမဆို အမြန်ဆုံးချေမှုန်းရှင်းလင်းပစ်ရန် ရုရှားသမ္မတ ဗလာဒီမာပူတင်က သတိပေးပြောကြားသည်။

"ရုရှားတပ်များ ဒါမှမဟုတ် မြေပြင်အဆောက်အအုံများအပေါ် မည်သည့်ခြိမ်းခြောက်မှုမျိုးကိုမဆို အမြန်ဆုံး ဖျက်ဆီးပစ်ဖို့လိုပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ကာကွယ်ရေးဝန်ကြီး အစည်းအဝေးမှာ ရုရှားကာကွယ်ရေးဦးစီးချုပ်ကို အမိန့်ပေးထားပြီးဖြစ်ပါတယ်" ဟု ပူတင်ကပြောသည် ။

ဆီးရီးယားနိုင်ငံအတွင်းရုရှားတို့၏ စစ်ဘက်အဆောက်အအုံများအနီးရှိ ဝေဟင် မြေပြင်တို့ကို လုံခြုံအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုက်လေယာဉ်များလွှမ်းခြုံသည့် စစ်ကြောင်းကာကွယ်ရေးစနစ်များ ကောင်းမွန်အောင် ဆောင်ရွက်ထားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ဆီးရီးယားရှိ ရုရှားတပ်များအနေဖြင့် ဆီးရီးယားအစိုးရတပ်များနှင့်သာ ပူးပေါင်းဆောင်ရွက်နေခြင်းမဟုတ်ဘဲ ဆီးရီးယားလွတ်မြောက်ရေးတပ်အပါအဝင် အခြားသော အတိုက်အခံများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သမ္မတပူတင်က ပြောသည်။ **(ဆင်ဟွာ)**

# အိန္ဒိယကို ဂျပန်က ကျည်ဆန်ရထား ကူညီမည်

**နယူးဒေလီ ဒီဇင်ဘာ ၁၂**

ဂျပန်နိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံကို အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံတန်ဖိုးရှိ ပထမဆုံးသော ကျည်ဆန်ရထားတည်ဆောက်ရန် ရန်ပုံငွေတစ်ရပ် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အိန္ဒိယသို့ အလည်အပတ်ရောက်ရှိနေသော ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ကြေညာလိုက်သည်။

အဆိုပါ သဘောတူညီချက်အရ အိန္ဒိယရထားလမ်းကွန်ရက်အများစုနှင့် ချိတ်ဆက်နိုင်မည့် မွမ်ဘိုင်းမြို့နှင့် အာမက်ဒဘတ်မြို့အကြား မြန်နှုန်းမြင့် ကျည်ဆန်ရထားကွန်ရက် တည်ဆောက်သွားမည်ဟု ဆိုသည်။

" အိန္ဒိယနိုင်ငံရဲ့ အနာဂတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြန်ရထားစီမံကိန်းက အထောက်အပံ့ပေးသွားနိုင်မှာ ဖြစ်ပါတယ်" ဟု အိန္ဒိယဝန်ကြီးချုပ် မိုဒီက ပြောသည်။ **(ရိုက်တာ)**

မြန်မာ့အလင်းသတင်းစာဖတ်ပရိသတ်များ မျက်မှောက်နိုင်ငံတကာရေးရာဖြစ်ရပ်များကို ဖတ်ရှုလေ့လာ ဗဟုသုတရရှိစေရန်အတွက် ဘာသာပြန်စာရေးဆရာများက နိုင်ငံတကာသတင်းများမှ ရှာဖွေစုစည်းပြန်ဆိုသော သတင်းဆောင်းပါးများကို အပတ်စဉ်ဖော်ပြပေးလျက်ရှိပါကြောင်း။ (စာတည်းအဖွဲ့)

# အမေရိကန်၊ ရုရှားနှင့် ဆီးရီးယားနိုင်ငံရေး အခင်းအကျင်းကို အဖြေရှာကြည့်ခြင်း

**တင်လင်းအောင်**

"ဆီးရီးယားနိုင်ငံအပေါ် ကျွန်တော်တို့ရဲ့ အဖြေရှာခြင်းကတော့ အလွန်ကိုပဲ ရှင်းလွန်းပါတယ်။ လက်ရှိသမ္မတ ဘတ်ရှာအယ်လ်အာဆတ်အစိုးရကို အနာဂတ်တွင် ဆီးရီးယားမှာ မမြင်တွေ့လိုပါဘူး။ ဆီးရီးယားကို ဂိုဏ်းဂဏပေါင်းစုံ ပေါင်းစည်းထားတဲ့ ညီညွတ်တဲ့နိုင်ငံအဖြစ်တွေ့မြင်လိုပါတယ်။ ပြီးတော့လည်း ဆီးရီးယား ပြည်တွင်းရေးကို ဝင်ရောက်နှောင့်ယှက်မယ့် မည်သည့်ပြင်ပနိုင်ငံရေး နှောင့်ယှက်မှုမျိုးမဆို ငြင်းဆိုပါတယ်။ အခုဆိုရင် ဆီးရီးယားအခက်အခဲ အကျပ်အတည်းကို အဆုံးသတ်စေမယ့် တိုးတက်မှုအချို့ကို ပြုလုပ်နေပါတယ်။ ဒါပေမယ့် အဲဒီအဆင့်ကို ရောက်ဖို့ဆိုရင် ညှိနှိုင်းဆွေးနွေးမှုတွေ ဆက်လက်ပြုလုပ်ရဦးမှာဖြစ်ပါတယ်" ဟု ပြောကြားလိုက်သူက ဆော်ဒီနိုင်ငံခြားရေးဝန်ကြီး အဒယ်အယ်လ်ဂျူဘာ ဖြစ်ပါသည်။



အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ကာဘီက အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့၌ မကြာသေးမီက ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ဆီးရီးယား ပဋိပက္ခအဆုံးသတ်ရေး သံတမန်နည်းအရ ဆွေးနွေးအဖြေရှာခြင်းကို စောနိုင်သမျှစောအောင် ပြုလုပ်နိုင်မည်ဟု ခန့်မှန်းထားကြောင်းပြောခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဂျွန်ကယ်ရီကလည်း ဆီးရီးယား ပဋိပက္ခအဆုံးသတ်ရေး လှုပ်ရှားဆောင်ရွက်မှုများသည် လမ်းကြောင်းမှန်ပေါ်သို့ ရောက်နေပြီဖြစ်ကြောင်း ပြောခဲ့သည်။



အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် ၎င်းနှင့်အဆင့်တူ ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီဗွိုလက်ဗ်ရော့ဗ်တို့သည် ဆီးရီးယားတွင်ဖြစ်ပွားနေသော ပြည်တွင်းစစ်အရေးနှင့်ပတ်သက်ပြီး နိုင်ငံရေးအရဖြစ်နိုင်သော အဖြေကိုရှာဖွေရန် မကြာသေးမီကတွေ့ဆုံခဲ့သည်။ နှစ်ဖက်နိုင်ငံများက အဓိကအတားအဆီးကို သတိပြုမိကြသည်။ ယင်းအတားအဆီးမှာ ရုရှားက ဆီးရီးယား သမ္မတဘတ်ရှာအယ်လ်အာဆတ်ကို ဆက်လက်ရှိစေချင်ပြီး အမေရိကန်နှင့် အနောက်အုပ်စုများက ၎င်းကို သမ္မတနေရာမှ ဆင်းပေးစေလိုခြင်းဖြစ်သည်။

ယင်းအစည်းအဝေးတွင် သဘောထားမတူညီမှုကိုယ်စီဖြင့် အဆုံးသတ်ခဲ့ရသည်။ သို့သော်လည်း ကယ်ရီက ၎င်းတို့နှစ်နိုင်ငံခေါင်းဆောင်များသည် အပြုသဘောဆွေးနွေးခဲ့ကြောင်း သတင်းထောက်များကို ပြောခဲ့သည်။

အမေရိကန်ပြည်ထောင်စုနှင့် ရုရှားနိုင်ငံတို့သည် ဆီးရီးယားပြည်တွင်းစစ်ကို နိုင်ငံရေးနည်းဖြင့် အဖြေရှာရန် သဘောတူခဲ့ပြီး ဆီးရီးယားကို စုစည်းညီညွတ်သောနိုင်ငံအဖြစ် ဆက်လက်တွေ့မြင်လိုကြောင်း၊ အမေရိကန်ပြည်ထောင်စုနည်းတူ ရုရှားနိုင်ငံကလည်း ဆီးရီးယားတွင် အိုင်အက်စ် အကြမ်းဖက်စစ်သွေးကြွများနှင့် အခြားအကြမ်းဖက် စစ်သွေးကြွများကို ဖယ်ရှားရှင်းလင်းချင်နေကြောင်း မစ္စတာကယ်ရီကပြောခဲ့သည်။ လတ်တလောအနေအထားတွင် ဆီးရီးယားခေါင်းဆောင်ပိုင်း သဘောမတူဖြစ်ရုံမှတစ်ပါး အမေရိကန်နှင့် ရုရှားတို့သည် အခြားညှိနှိုင်းဆွေးနွေးမှုများတွင် အတော်ခရီးပေါက်နေပြီဖြစ်သည်။ အမေရိကန်နှင့်ရုရှားတို့သည် ဆီးရီးယားကို ညီညွတ်သောနိုင်ငံအဖြစ် ပေါ်ထွန်းလာစေချင်သောအချက်၊ ဆီးရီးယားတွင် အိုင်အက်စ်စစ်သွေးကြွများနှင့် အခြားစစ်သွေးကြွများကို နှိမ်နင်းပြီး အနာဂတ်ခေါင်းဆောင်ကို တည်ငြိမ်အေးချမ်းစွာ ရွေးချယ်စေချင်သောအချက် စသည့်အချက်များတွင် သဘောတူကြသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ရုရှားသည် အိုင်အက်စ်စစ်သွေးကြွများကို တိုက်ခိုက်မှုတွင် အပြုသဘောဆောင်သော်လည်း လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခြင်းကိုမူ ဝေဖန်ထားသည်။ တိုက်ခိုက်ရေးသမားအနည်းစုကို ဦးတည်တိုက်ခိုက်ခြင်းသည် အိုင်အက်စ်စစ်သွေးကြွများကို ထိခိုက်မှုမရှိနိုင်ကြောင်း ဂျွန်ကယ်ရီက ပြောကြားသည်။ ထိုကဲ့သို့ ရုရှားက တိုက်ခိုက်ရေးသမားအနည်းစုကို ဦးတည်တိုက်ခိုက်ခြင်းသည် လက်ရှိ ဆီးရီးယားသမ္မတ အာဆတ်အစိုးရကို အားပေးအားမြှောက်ပြုပြီး ဆီးရီးယားပြည်သူများကို အာဆတ်အနေဖြင့် ဆက်လက်ရက်စက်ကြမ်းကြုတ်မှု များပြုလုပ်ရန် လမ်းဖွင့်ပေးသကဲ့သို့ဖြစ်ကြောင်း၊ ရုရှားအနေဖြင့် ထိုသို့ပြုလုပ်ခြင်းက နိုင်ငံအတွင်း ဂိုဏ်းဂဏကွဲများကို ပိုမိုဆိုးရွားစေသော တင်းမာမှုများကိုမြင့်တက်စေကာ အကြမ်းဖက်သမားများအတွက် အခွင့်ကောင်းဖြစ်နိုင်ကြောင်း ဂျွန်ကယ်ရီက ပြောကြားခဲ့သည်။

ဆီးရီးယားတွင် တာဝန်ရှိသော အစိုးရတစ်ရပ် အမှန်တကယ်ပြောင်းလဲခြင်းဆိုသည်မှာ ပြည်သူများ၏ တကယ့်လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည့်အနေဖြင့် အကြမ်းဖက်တိုက်ခိုက်ရေးသမားများကို ၎င်းတို့ရှေ့မှ အပြီးတိုင် မောင်းထုတ်ပေးခြင်းပင်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

မစ္စတာဂျွန်ကယ်ရီနှင့်တွေ့ဆုံပြီး မကြာမီ မစ္စတာလက်ရော့ဗ်က ဆီးရီးယားတွင် အများသဘောတူ ဆန္ဒတစ်ခုဖြစ်သော နိုင်ငံတကာအသိုင်းအဝိုင်းကလက်ခံမည့် အဖြေတစ်ခုကို ရှာဖွေနေကြောင်း သတင်းထောက်များအား ပြောခဲ့သည်။ ဆီးရီးယား၏ ပဋိပက္ခများကို အခြေကျအောင်လုပ်ဖို့ဆိုသည်မှာ ဆီးရီးယားနိုင်ငံကို တစ်စုတစ်စည်းတည်းဖြစ်အောင် ပြုလုပ်ခြင်းပင်ဖြစ်ပြီး ဘာသာပေါင်းစုံအုပ်စုများက လေးစားရမည့် လွတ်လပ်ပြီး အချုပ်အခြာပိုင်သောနိုင်ငံဖြစ်အောင် ထူထောင်ခြင်းပင်ဖြစ်ကြောင်း မစ္စတာ လက်ရော့ဗ်ကပြောကြားခဲ့သည်။ ထို့ပြင် အကြမ်းဖက်မှုများကို တိုက်ခိုက်ရန်လိုအပ်ပြီး နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွင် ဆီးရီးယားနိုင်ငံသားအားလုံး ပါဝင်ရေးပင်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားလိုက်သည်။ ဆီးရီးယားနိုင်ငံရေးသဘောတူညီချက်သည် လက်တစ်ကမ်းအလိုတွင်ရှိသည်ဆိုသော ကောလာဟလကို ငြင်းပယ်ကြောင်း၊ အဆိုပါ နိုင်ငံရေးသဘောတူညီချက်ကို ဆီးရီးယားလက်ရှိသမ္မတ အာဆတ်လက်ထက်တွင် ချမှတ်မည်ဆိုသော ကောလာဟလကို အစောကတည်းကပင်သိပြီးဖြစ်ကြောင်း၊ ထိုကိစ္စများက ထင်သလိုဖြစ်လာမည်မဟုတ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီဗွိုလက်ဗ်ရော့ဗ်ကပြောသည်။ မစ္စတာ လက်ဗ်ရော့ဗ်က ဆီးရီးယားနိုင်ငံရေးနှင့်ပတ်သက်ပြီး အီရတ်နှင့် လစ်ဗျားနိုင်ငံများနှင့် နှိုင်းယှဉ်ပြရာတွင် အီရတ်နှင့် လစ်ဗျားနိုင်ငံတို့သည် ဘယ်လိုအဆုံးသတ်မလဲဆိုသည်ကို မိမိတို့ သိပြီးသားဖြစ်ကြောင်း၊ ဘာကြောင့် ဆီးရီးယားမှာ မိမိတို့ ရှိနေသလဲဆိုသည့် အယူအဆမှာ ရှင်းရှင်းကြီးဖြစ်ကြောင်း၊ ဆီးရီးယားကံကြမ္မာ၊ သမ္မတအာဆတ်၏ကံကြမ္မာ၊ အခြားနိုင်ငံသားများ၏ ကံကြမ္မာကို ဆီးရီးယားပြည်သူများကသာ ဖြေရှင်းရမည်ဖြစ်ကြောင်း၊ ဆီးရီးယားသည် စစ်မြေပြင်မဟုတ်ကြောင်း၊ ဆူပူအုံကြွမှုများနှင့် အာဏာသိမ်းမှုများ ဖြစ်ပေါ်စရာ မလိုကြောင်း၊ သို့သော်လည်း နိုင်ငံရေး စကားဝိုင်းဆွေးနွေးမှုများကို ပြုလုပ်ခြင်းဖြင့် ဆီးရီးယားပြဿနာကို အဖြေရှာရမည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီဗွိုလက်ဗ်ရော့ဗ်ကပြောသည်။

မည်သို့ပင်ဆိုစေ ဆော်ဒီနိုင်ငံခြားရေးဝန်ကြီး အဒယ်အယ်လ်ဂျူဘာပြောသလို ဆီးရီးယား၏ပြောင်းလဲသွားသော သမိုင်းစာမျက်နှာသစ်တွင် လက်ရှိသမ္မတ ဘတ်ရှာအယ်လ်အာဆတ်အစိုးရကို ဆက်လက်တွေ့မြင်နေဖို့ဆိုသည်မှာ အမေရိကန်အစိုးရက ဆီးရီးယားနိုင်ငံရေးစာမျက်နှာတွင်ပါဝင်နေသမျှ မည်သို့မျှ ဖြစ်နိုင်ခြင်းမရှိပေ။

သို့သော်လည်း အမေရိကန်နှင့် ရုရှားတို့၏ တူညီသော သဘောထားကမူ ဆီးရီးယားနိုင်ငံ၏ အခက်အခဲအကျပ်အတည်းများကို ဖြေရှင်းရန်၊ စစ်မဖြစ်အောင်တားဆီးရန်၊ ဆီးရီးယားနိုင်ငံကို ခြိမ်းခြောက်နေသော အကြမ်းဖက်တိုက်ခိုက်ရေးသမားများကို ပိုမိုထိရောက်စွာ နှိမ်နင်းချေမှုန်းရန်၊ ၂၀၁၂ ခုနှစ် ဇွန်လ ၃၀ရက်နေ့တွင်ချမှတ်ခဲ့သော ဂျီနီဗာ တရားဝင်ကြေညာချက်ပါအချက်များကို အခြေခံ၍ တက်ကြွဖွံ့ဖြိုးသော နိုင်ငံရေးဖြစ်စဉ်ပေါ်ပေါက်ရန် တို့ပင်ဖြစ်ပါကြောင်း။ ။

> **မည်သို့ပင်ဆိုစေ ဆော်ဒီနိုင်ငံခြားရေးဝန်ကြီး အဒယ်အယ်လ်ဂျူဘာပြောသလို ဆီးရီးယား၏ ပြောင်းလဲသွားသော သမိုင်းစာမျက်နှာသစ်တွင် လက်ရှိသမ္မတ ဘတ်ရှာအယ်လ် အာဆတ်အစိုးရကို ဆက်လက်တွေ့မြင်နေဖို့ဆိုသည်မှာ အမေရိကန် အစိုးရက ဆီးရီးယားနိုင်ငံရေး စာမျက်နှာတွင် ပါဝင်နေသမျှ မည်သို့မျှ ဖြစ်နိုင်ခြင်းမရှိပေ။**

# မြန်မာနိုင်ငံသည် ပိုလီယိုကင်းစင်သောဒေသဖြစ်နေပြီးမှ

# ရခိုင်ပြည်နယ်တွင် ပိုလီယိုရောဂါပိုး ဘာကြောင့်တွေ့ရသနည်း

တွေ့ဆုံမေးမြန်း-လေးဝတီထွန်းစောခိုင်
ဓာတ်ပုံ-ကိုကြီးစော

**မြန်မာနိုင်ငံသည် ၂၀၁၅ ခုနှစ်တွင် ပိုလီယိုကင်းစင် ကြောင်းကြေညာပြီးနောက် ၂၀၁၅ ခုနှစ် ဧပြီလနှင့် အောက်တိုဘာလတွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ ပိုလီယိုရောဂါပိုးရှိသော ကလေးငယ်နှစ်ဦးကို တွေ့ရှိခဲ့ရသည်။ သို့ဖြစ်၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ် ၁၀ မြို့နယ်နှင့် ၎င်းတို့နှင့်ထိစပ်နေသော ငါးမြို့နယ်တွင် အိမ်တိုင်ရာရောက် ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းအစီအစဉ်ကို ဆောင်ရွက်နေသည်။ မြန်မာနိုင်ငံသည် ပိုလီယိုကင်းစင်သော ဒေသဖြစ်နေပြီးမှ ရခိုင်ပြည်နယ်တွင် ပိုလီယိုရောဂါပိုးတွေ့ရသဖြင့် ယင်းနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသောင်းလှိုင်အား တွေ့ဆုံမေးမြန်းခဲ့သည်။**

**မေး။ ။ ရခိုင်ပြည်နယ် ၁၀ မြို့နယ်နဲ့ ထိစပ်နေတဲ့ အခြားဒေသငါးမြို့နယ်မှာ အိမ်တိုင်ရာရောက် ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်း လုပ်ငန်းကို ဘာကြောင့်ဆောင်ရွက်ရပါသလဲ။**

ဖြေ။ ။ မြန်မာနိုင်ငံဟာ ၂၀၁၅ ခုနှစ် မတ်လ ၂၇ ရက်နေ့မှာ ပိုလီယိုကင်းစင်ကြောင်းကြေညာပြီးဖြစ်ပါတယ်။ အရှေ့တောင်အာရှ(အာဆီယံ) နိုင်ငံတွေနဲ့အတူတူပဲ။ Polio Eradication ခေါ်တဲ့ ပိုလီယိုကင်းစင်တဲ့နယ်မြေဖြစ်သွားပြီပေါ့။ ဒီလိုကင်းစင်ကြောင်းပြောပြီးခါမှ ရခိုင်ပြည်နယ် မောင်တောမြို့နယ်မှာ ၂၀၁၅ ခုနှစ် ဧပြီလအတွင်းမှာ တစ်ဦး၊ အောက်တိုဘာလအတွင်းမှာ တစ်ဦး ကလေးငယ်နှစ်ဦးဟာ ပိုလီယိုပိုးတစ်မျိုးကူးစက်ခံရတာတွေ့ရပါတယ်။ ဒါကို ဓာတ်ခွဲခန်းမှာစစ်ဆေးလိုက်တော့ ကာကွယ်ဆေးကအသွင်ပြောင်းလာတဲ့ Vaccine Derived Polio Virus(VDPV) လို့ခေါ်တဲ့ အသွင်ပြောင်းပိုလီယိုရောဂါပိုးတစ်မျိုးကြောင့်ဖြစ်နေကြောင်း အတည်ပြုချက်ရရှိခဲ့ပါတယ်။ အဲဒီပိုးကူးစက်မှုကို ဖြတ်တောက်တဲ့အနေနဲ့ ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးစီမံချက်ဌာနက အဓိကဦးဆောင်ပြီးတော့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နဲ့ ယူနီဆက်တို့ပူးပေါင်းပြီး ခုလိုအိမ်တိုင်ရာရောက် ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်း (Mopping -Up OPV) ကို ဆောင်ရွက်ရတာပါ။ ဒီအစီအစဉ်မှာပါတာကတော့ ရခိုင်ပြည်နယ်ထဲက မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်၊ စစ်တွေ၊ ကျောက်တော်၊ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ မြောက်ဦး၊ မင်းပြား၊ မြေပုံ ၁၀ မြို့နယ်နဲ့ ရခိုင်ပြည်နယ်နဲ့ နယ်စပ်ချင်းထိစပ်နေတဲ့ ချင်းပြည်နယ် ပလက်ဝနဲ့ ကန်ပက်လက်၊ ဧရာဝတီတိုင်းဒေသကြီးက ရေကြည်၊ မကွေးတိုင်းဒေသကြီး ငဖဲ၊ ပဲခူးတိုင်းဒေသကြီးက ပန်းတောင်းမြို့နယ်တို့ ပါဝင်ပါတယ်။

**မေး။ ။ ဒါဆိုရင် အဲဒီ Mopping -Up OPV အစီအစဉ်ကို ဘယ်လိုဆောင်ရွက်သွားမှာပါလဲ။**

ဖြေ။ ။ ကျွန်တော်တို့ပြည်သူ့ကျန်းမာရေးဦးစီးဌာန အနေနဲ့ မွေးစမှအသက်ငါးနှစ်အောက် ကလေးတိုင်းကိုတော့ ပိုလီယိုကာကွယ်ဆေးကို တိုက်ကျွေးပေးခဲ့ပါပြီ။ ပထမအကြိမ်အဖြစ် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှ ၇ ရက်အထိ သုံးရက်သတ်မှတ်ထားပေမယ့် ကျွန်တော်တို့အနေနဲ့ ဒီဇင်ဘာလ ၈ ရက်အထိ တစ်ရက်တိုးပြီးတော့ စုစုပေါင်း ၄ ရက် တိုက်ကျွေးပေးခဲ့ပါတယ်။ နောက်ပြီး တစ်ကြိမ်နဲ့တစ်ကြိမ် သုံးပတ်ခြားပြီးတော့ ဒီဇင်ဘာ ၂၆ ရက်မှ ၂၈ ရက်ထိ ဒုတိယအကြိမ်နဲ့ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၆ ရက်မှ ၁၈ ရက်အထိ တတိယအကြိမ် တိုက်ကျွေးပေးသွားမှာဖြစ်ပါတယ်။ ဆေးတိုက်ပေးတဲ့အခါမှာ ရွှေ့လျားဆေးတိုက်အဖွဲ့အနေနဲ့ အိမ်တိုင်ရာရောက်ကာကွယ်ဆေးတိုက်ကျွေးပေးသလို ဆေးတိုက်အဖွဲ့တွေကိုလည်း အထူးကြပ်မတ်ဆောင်ရွက်ခဲ့တဲ့အဖွဲ့တွေနဲ့ ကြီးကြပ်ဆောင်ရွက်စေပါတယ်။ နောက်ပြီးတော့ အထူးဆောင်ရွက်ဖို့ လိုအပ်တဲ့နေရာတွေသတ်မှတ်ပြီးတော့ ဆောင်ရွက်စေပါတယ်။ ဒီလိုဆောင်ရွက်ပြီးမှလည်း လုပ်ငန်းကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ရာရောက်မှာ ဖြစ်ပါတယ်။

**မေး။ ။ အထူးကြပ်မတ်ဆောင်ရွက်ဖို့ လိုအပ်တဲ့ နေရာတွေဆိုတာ ဘယ်လိုနယ်မြေတွေကိုဆိုတာပါလဲ။**

ဖြေ။ ။ အထူးကြပ်မတ်ဆောင်ရွက်ဖို့ လိုအပ်တဲ့ နေရာတွေဆိုတာက ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်လုပ်ငန်းတွေကိုဆောင်ရွက်တဲ့အခါမှာ လွှမ်းခြုံမှုအားနည်းတတ်တဲ့ နိုင်ငံနှစ်ခုအကြား၊ မြို့နယ်နှစ်ခုအကြား၊ ကျန်းမာရေးဌာနခွဲနှစ်ခုအကြား ထိစပ်နေတဲ့နေရာတွေပါ။ နောက်ပြီး လူအများ ခရီးသွားရာ၊ စုဝေးရာနေရာများ ဖြစ်တဲ့ ကားဂိတ်၊ မီးရထားဘူတာရုံ၊ သင်္ဘောဆိပ်၊ ဘုတ်ဆိပ်၊ လေဆိပ်တွေနဲ့ ဆေးရုံစတဲ့နေရာတွေမှာလည်း အခြေစိုက်ဆေးတိုက်ကျွေးအဖွဲ့တွေထားပြီးတော့ သုံးရက်တိုင်တိုင် စစ်ဆေးတိုက်ကျွေးပေးခဲ့တာတွေလည်း ပါဝင်ပါတယ်။

**မေး။ ။ ပိုလီယိုကင်းစင်ပြီလို့ ကြေညာပြီးတဲ့နိုင်ငံတွေမှာ ခုလိုမျိုး ပိုလီယိုပိုးတွေ ထပ်တွေ့ရတာရှိပါသလား။**

ဖြေ။ ။ ထူးထူးခြားခြား သိရသလောက်ကတော့ အာဆီယံဒေသအတွင်းမှာ ကျွန်တော်တို့နိုင်ငံလိုမျိုးမရှိခဲ့ပါဘူး။ ဒီထဲမှာ ကျွန်တော်တို့ရခိုင်ပြည်နယ် မောင်တောမြို့နယ်မှာ ကလေးနှစ်ဦးတွေ့ရတယ်ဆိုတော့ ရခိုင်ပြည်နယ်ဒေသတစ်ခုလုံးရဲ့ အာရုံစိုက်စရာမျိုးဖြစ်သွားတာပါ။ မြန်မာနိုင်ငံအတွက်သာမက ဒေသတွင်း



သူနာပြုဆရာမတစ်ဦးက ပိုလီယိုရောဂါကာကွယ်ဆေးကို ကလေးငယ်တစ်ဦးအား တိုက်ကျွေးနေစဉ်။

ကျန်းမာရေးပြဿနာတစ်ခုလိုဖြစ်သွားရတဲ့သဘောမျိုးပါ။ ကလေးနှစ်ဦးရဲ့ပိုးအမျိုးအစားကလည်း VDPV တစ်မျိုးတည်းဖြစ်နေတော့ အဲဒီဒေသတွင်းမှာ တစ်ယောက်ဖြစ်ပွားပြီး နောက်တစ်ယောက်ကို ကူးစက်ခံရတာမျိုးဖြစ်သွားတာပါ။ ဒါကြောင့်လည်း ဂရုစိုက်ပြီးတော့ ဆောင်ရွက်နေရတာပါ။

**မေး။ ။ မြန်မာနိုင်ငံဟာ ပိုလီယိုကင်းစင်တဲ့ဒေသဖြစ်နေပြီးမှ ရခိုင်ပြည်နယ်မှာ ပိုလီယိုရောဂါပိုး ဘာကြောင့်တွေ့ရတာပါလဲ။**

ဖြေ။ ။ ကျွန်တော်တို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဝန်ထမ်းတွေအနေနဲ့ Routine EPI လို့ခေါ်တဲ့ ပုံမှန်ကာကွယ်ဆေးထိုးရင်း ဆေးတိုက်လုပ်ငန်းတွေကို အမြဲဆောင်ရွက်နေရပါတယ်။ အဓိကအချက်ကတော့ရောဂါတွေကို ကာကွယ်ဖို့ပါပဲ။ ပိုလီယိုရောဂါကာကွယ်ဆေးလည်း ပါဝင်ပါတယ်။ ခုလို ရခိုင်ပြည်နယ်မှာ ပိုလီယိုရောဂါပိုးဘာကြောင့်တွေ့ရသလဲဆိုတော့ ကျွန်တော်တို့ဝန်ထမ်းတွေ အလုပ်မလုပ်လို့၊ ညံ့လို့မဟုတ်ဘူးဆိုတာကိုတော့ ဦးစွာပြောလိုပါတယ်။ ဒါပေမယ့်ကျွန်တော်တို့ဝန်ထမ်းတွေဟာ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်တဲ့အခါ အခက်အခဲတွေတော်တော်ကြုံရပါတယ်။ မောင်တောမြို့နယ်မှာ အခုလို ပိုလီယိုရောဂါပိုးတွေ့ရတဲ့နေရာမျိုးလိုပေါ့။

ကျွန်တော်တို့ဝန်ထမ်းတွေအနေနဲ့ ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်တဲ့လုပ်ငန်းဆောင်ရွက်တဲ့အခါမှာ ကြိုတင်အစီအစဉ်တွေ ပြုလုပ်ရပါတယ်။ ကြိုတင်လည်း အကြောင်းကြားပါတယ်။ ဒါပေမယ့် တချို့အုပ်စုတွေက ဆေးထိုးမယ့်စုရပ်ကို မလာကြဘူး။ မလာရင် သွားပြီးထိုးပေးမယ်၊ တိုက်ပေးမယ်စီစဉ်သော်ငြားလည်း တချို့အုပ်စုတွေဆိုရင် အိမ်ကိုအဝင်မခံတာ၊ အိမ်ကလူတွေကို အကုန်ထုတ်မပြတာတွေလည်းရှိပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေအနေနဲ့လည်း ဘယ်လောက်ပဲ ပညာပေးပါစေ လက်မခံကြပါဘူး။ ဒီလိုမျိုးအုပ်စုတွေရဲ့ ကျန်းမာရေးအသိစိတ်ဓာတ်မရှိတာတွေရယ်၊ မမှန်ကန်တဲ့အကြောင်းပြချက်တွေနဲ့ စည်းရုံးသိမ်းသွင်းခံနေရတာကြောင့်လို့ သိရပါတယ်။ နောက်ပြီး ဒီအုပ်စုတွေကလည်း မြန်မာစကား၊ မြန်မာစာ၊ မြန်မာဓလေ့ထုံးစံတွေကို မသိတဲ့၊ မယူတဲ့၊ လက်မခံတဲ့သူတွေဖြစ်ပါတယ်။ နောက်ပြီး ကန့်သတ်တားမြစ်ချက်တွေနဲ့ သူတို့ရဲ့ခေါင်းဆောင်လုပ်သူတွေက လွှမ်းမိုးထားတာလည်းရှိပါတယ်။ ဒီတော့လုပ်ငန်းတွေဆောင်ရွက်ရတာ ခက်ခဲတာပေါ့၊ ဘာသာစကားမတတ်တဲ့သူတွေကို ဘာသာစကားတတ်တဲ့သူတွေကတစ်ဆင့်ရှင်းပြရင်ရပါတယ်။ ခုဟာက သူတို့ကိုယ်တိုင်က သဘောမပေါက်လို့ စိတ်မဝင်စားလို့ဖြစ်နေရတာပါ။

ကလေးတွေကို ကာကွယ်ဆေးထိုးရင်၊ တိုက်ရင် ကလေးတွေရဲ့ဘဝဟာ အင်မတန်ကောင်းသွားမှာပါလား ဆိုတဲ့အသိကို သူတို့နားမလည်ကြပါဘူး၊ မသိကြပါဘူး။ ကိုယ်ဝန်ဆောင်တွေကို ကာကွယ်ဆေးထိုးရင် မိခင်ရောကလေးပါ ကျန်းမာသန်စွမ်းပြီး အင်မတန်မှ အကျိုးကျေးဇူးတွေကြီးမားပါလားဆိုတဲ့ သဘောပေါက်မှုတွေမရှိပါဘူး။ သဘောပေါက်ဖို့လည်း အသုံးပြုခွင့်မရကြပါဘူး။ နောက်ပြီးတချို့ကလည်း ကျွန်တော်တို့ကျန်းမာရေးဝန်ထမ်းတွေဆောင်ရွက်တာတွေကို Possitive View လို့ခေါ်တဲ့အကောင်းမြင်ဝါဒနဲ့ မတွေးကြတော့ဘဲ Negative View လို့ခေါ်တဲ့ အဆိုးမြင်ဝါဒနဲ့တွေးခေါ်နေကြလို့ပါ။ သူတို့တွေရဲ့ စည်းရုံးဟောပြောမှုတွေကြောင့် အမျိုးသမီးတွေက ကျန်းမာရေးဝန်ထမ်းတွေရဲ့ ဆောင်ရွက်ချက်တွေကို ငြင်းဆန်တာတွေရှိပါတယ်။ ဒါကလည်း Reproductive Health လို့ခေါ်တဲ့ မျိုးဆက်ပွား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ရတဲ့အခါ အဓိကအခက်ခဲတွေဖြစ်ပါတယ်။ တကယ်ပြောရရင်တော့ သူတို့တွေဟာ ကျွန်တော်တို့ပြည်သူ့ကျန်းမားရေးဦးစီးဌာနက ဝန်ထမ်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုအင်မတန်မှ အားနည်းနေလို့ပါ။ ဆိုပါတော့ Routine EPI လုပ်ဖို့အတွက် ဆရာမတွေက ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေနဲ့ပူးပေါင်းပြီး ဆောင်ရွက်ပါတယ်။ ဒီတော့ ဥပမာ လူ ၄၀ ဆိုပါဆို့၊ ဆရာမက လူ ၂၀ စီ ခွဲပြီး စုရပ်နှစ်ခုနဲ့ ထိုးချင်ရင်ထိုးမှာ၊ ဒါမှမဟုတ် တစ်နေရာတည်းနဲ့ ထိုးချင်ရင်ထိုးမှာ။ ဆရာမတွေက ဆေးထိုး/ဆေးတိုက် ဆောင်ရွက်ပြီးမှ ပြန်မှာပါ။ ဒီအချိန်မှာ ဖျားနာနေတဲ့ ကလေးတွေကလွဲလို့ တခြားကလေးတွေဟာ ကာကွယ်ဆေးထိုးကြတာပါပဲ။ သူတို့အုပ်စုတွေက ကလေးတွေကတော့ ကာကွယ်ဆေးလာထိုးတာ အလွန်နည်းပါတယ်။ ဒီဘက်က ရခိုင်အပါအဝင် တခြားတိုင်းရင်းသားတွေကတော့ အကုန်လာထိုးကြတာပါပဲ။ ဖျားနာနေတဲ့ကလေး တစ်ဦးစနှစ်ဦးစကျန်ချင် ကျန်ခဲ့မှာပါ။ မကျန်တာကများပါတယ်။ နောက်ပြီးသူတို့ အုပ်စုတွေမှာရှိတဲ့ ကိုယ်ဝန်ဆောင်မိခင်တွေဟာ ကျန်းမာရေးဝန်ထမ်းတွေရဲ့ စောင့်ရှောက်ပေးမှုကို လက်မခံကြသလို၊ သူတို့တွေခမျာ လက်ခံပိုင်ခွင့်လည်းမရကြပါဘူး။

မျိုးဆက်ပွားကျန်းမာရေးအတွက် ဆောင်ရွက်ရင်လည်း သူတို့ကိုတားဆီးပိတ်ပင်ခံရတာတွေလည်း များပါတယ်။ ဒါကတော့ ကျန်းမာရေးစောင့်ရှောက်မှုမှာ ပူးပေါင်းပါဝင်လိုစိတ်မရှိတာ၊ ဒီဘက်အုပ်စုတွေနဲ့ ကွာခြားတာကို ကွက်ကွက်ကွင်းကွင်းမြင်ရတာပါပဲ။ စောစောက ကျွန်တော်ပြောခဲ့သလို ပိုလီယိုပိုးတွေ့ရတဲ့ဒေသတွေဟာ ဒီလိုဒေသမျိုးတွေပါ။

ကျွန်တော်တို့ကျန်းမာရေးဝန်ထမ်းတွေမှာ ဘယ်သူ့ကိုမှခွဲခြားဆက်ဆံတတ်တဲ့ Boundary မရှိပါဘူး။ အားလုံးကိုအတူတူထားပြီး စောင့်ရှောက်တာပါ။ ဆက်ဆံမှုပေးကြတာပါ။ ဒါတွေကို သူတို့ရဲ့ခေါင်းဆောင်တွေကို ကျွန်တော်တို့အဖွဲ့က သွားပြီးရှင်းပြပေးတော့ သူတို့က နားလည်သင့်သလောက်နားလည်ပေမယ့် သူတို့အမျိုးသမီးတွေကို ပြန်မရှင်းပြကြပါဘူး။ ဒါကို UN အပါအဝင် တချို့အဖွဲ့အစည်းတွေက သူတို့ကို Universal Health Coverate (UHC)လို့ခေါ်တဲ့ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝမပေးကြဘူးလို့ စွပ်စွဲတာတွေလည်းရှိပါတယ်။ ဒါကလက်မခံနိုင်တဲ့ကိစ္စပါ။ ဘယ်ပေတံနဲ့တိုင်းပြီး ပြောနေကြတာပါလဲ။ အနောက်နိုင်ငံတွေရဲ့စံနဲ့တော့ တိုင်းလို့မရပါဘူး။ ကျွန်တော်တို့နိုင်ငံရဲ့ ကျေးလက်ကျန်းမာရေး စောင့်ရှောက်မှုစံနဲ့ တိုင်းကြည့်ကြပါ။ အားလုံးအတူတူပါပဲ။ တစ်ပြေးညီပါပဲ။ ဘယ်သူ့ကိုမှ သာစေ၊ နာစေ သဘောမထားပါဘူး၊ မခွဲခြားပါဘူး။ သူတို့အုပ်စုတွေအနေနဲ့သာ ကျန်းမာရေးစောင့်ရှောက်ပေးမှုကို လိုလိုလားလား လက်မခံကြလို့ ပူးပေါင်းဆောင်ရွက်မှုအားနည်းလို့သာ ဖြစ်ပါတယ်။

သူတို့အုပ်စုတွေကို ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနအနေနဲ့လည်း လူနာညွှန်းပို့တာတို့၊ ဆေးကုသတာတို့က အစပြုလုပ်ပေးနေတာပါပဲ။ NGOs တွေလည်း ပါပါတယ်။ ရခိုင်ပြည်နယ်အစိုးရ အနေနဲ့လည်း ငွေကြေးများစွာ အကုန်အကျခံပြီးတော့ အစစအရာရာ စောင့်ရှောက်ပေးနေတာပါပဲ။ ဒါတွေကို မမြင်ဘဲနဲ့တစ်ဖက်သတ်ပြစ်တင်စွပ်စွဲတာဟာ သဘာဝမကျပါဘူး။ ဒါတွေကိုတော့ သေသေချာချာလေ့လာပြီးမှ ပြောကြပါလို့ ပြောလိုပါတယ်။

ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ရာတွင် ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက်ကောင်းကြောင်း လူတိုင်းအသိပင်ဖြစ်သည်။ ပိုလီယိုရောဂါပိုးသည် တစ်နေရာတွင်ဖြစ်ပွားပါက အခြားဒေသများကိုပါ ကူးစက်ပျံ့နှံ့တတ်သည်။ သို့အတွက်ကြောင့် ကျန်းမာရေးဝန်ကြီးဌာန အနေနဲ့အိမ်တိုင်ရာရောက် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းကို အလေးထားဆောင်ရွက်ပေးနေသဖြင့် ပြည်သူများအနေဖြင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပေသည်။ ပိုလီယိုကာကွယ်ဆေးသာမက အခြားသော ကာကွယ်ဆေးများဖြစ်သည့် ထိုးဆေး၊ တိုက်ဆေးများကိုပါ သတ်မှတ်ထားသောအသက်အရွယ်အပိုင်းအခြားတွင် ထိုးပေး၊ တိုက်ပေးသင့်သည်။ ပိုလီယိုရောဂါကူးစက်ခံရပါက ဘဝတစ်လျှောက်လုံးလူလုံးမလှ ဒုက္ခိတဘဝဖြင့် ဖြစ်သွားတတ်သည်။ သို့ဖြစ်၍ သားသမီးအပေါ် မေတ္တာထားပြီး ကာကွယ်ဆေးဖြင့်ရောဂါတားကြပါရန် တိုက်တွန်းရေးသားလိုက်ရပါကြောင်း။

## ခုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံ ဆောက်လုပ်မည်

**ကျိုက်ထို ဒီဇင်ဘာ ၁၂**

ကျိုက်ထိုမြို့နယ် ပြည်သူ့ဆေးရုံကို ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ်ခွင့်ပြုငွေဖြင့် ခုတင် ၅၀ ဆံ့ နှစ်ထပ်ဆေးရုံကိုဆောက်လုပ်ရန် ဒီဇင်ဘာလပထမပတ်ကစတင်ပြီး ဆေးရုံဝင်းအတွင်း သစ်ပင်များခုတ်လှဲခြင်းဖောင်ဒေးရှင်းချရန် မြေနေရာများ တူးဖော်ခြင်းကို မြင်တွေ့ခဲ့ရသည်။ ခုတင် ၅၀ ဆံ့ နှစ်ထပ်လူနာဆောင်မှာ အလျား ၁၄၃ ပေ၊ အနံ ၅၆ ပေ သံကူကွန်ကရစ်အဆောက်အအုံဖြစ်ကာ GOLDEN STATE INTERNATIONAL LTD ကုမ္ပဏီက တာဝန်ယူဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းမောင်(ကျိုက်ထို)**

# တိုင်းရင်းသားမီဒီယာများ ရေရှည်ရပ်တည်ဖွံ့ဖြိုးတိုးတက်ရန် တိုင်းရင်းသားမီဒီယာ ၁၀ ခုခန့်ကို ထောက်ပံ့ပေးရန်လျာထား

**ရန်ကုန် ဒီဇင်ဘာ ၁၂**

တိုင်းရင်းသား မီဒီယာများ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်ပြီး ပြန်ကြားရေးဝန်ကြီးဌာန၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုပြန်ကြားရေးကော်မတီ၊ BNI သတင်းဌာနနှင့် မဇ္ဈိမသတင်းဌာနတို့ တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့နံနက် ၁၁ နာရီက ရန်ကုန်မြို့ချက်ထရီယံဟိုတယ် ရန်ကုန်ခန်းမ၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

ညှိနှိုင်းဆွေးနွေးပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေက ယခုတွေ့ဆုံမှုမှာ ဒုတိယအကြိမ်မြောက် ဖြစ်ပြီး ပထမအကြိမ်ကို အောက်တိုဘာ ၁၃ ရက်က နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ ပြည်ထောင်စုဝန်ကြီးနှင့်အတူ တွေ့ဆုံခဲ့ပြီးဖြစ်ကြောင်း၊ ယင်းအစည်းအဝေး၌ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် လှုပ်ရှားရှင်သန်နေကြသော တိုင်းရင်းသားမီဒီယာများ ရေရှည်ရပ်တည်ဖွံ့ဖြိုးနိုင်ရေးအတွက် မည်သို့ထောက်ပံ့ပေးနိုင်မည်ဆိုသည့် အချက်ကို အဓိကထား ဆွေးနွေးခဲ့ကြကြောင်း၊ ထောက်ပံ့သည် ဆိုရာတွင်လည်း တိုင်းရင်းသား မီဒီယာများ၏ အယ်ဒီတာလွတ်လပ်ခွင့်ကို လွှမ်းမိုးချုပ်ကိုင်မှုလုံးဝမပါဝင်သော ရိုးရှင်းပွင့်လင်းမြင်သာသည့် ထောက်ပံ့မှုမျိုးဖြစ်စေရန် မည်သို့ဆောင်ရွက်သင့်သည်ကို ဆွေးနွေးခဲ့ကြပါကြောင်း၊ ထို့နောက်အခြေခံမူနှင့်စံအချက်အချို့ ညှိနှိုင်းရရှိခဲ့ပြီး ဆက်လက်၍ မည်သို့ဆောင်ရွက်သင့်သည်ကို ယခုအစည်းအဝေး၌ ထပ်မံညှိနှိုင်းရန် ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုးက ယခုကဲ့သို့ ထောက်ပံ့မည့် လုပ်ငန်းဆောင်ရွက်နိုင်ရန် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ အကြမ်းဖျဉ်းအားဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ အချို့လျာထားပြီး ဖြစ်ပါကြောင်း၊ သတင်းဖော်ပြမှု အပိုင်းအနေဖြင့် မည်သို့ ထောက်ပံ့ပေးခြင်းအားဖြင့် အားလုံးအတွက် လက်တွေ့အဆင်ပြေနိုင်မည်ကို နည်းလမ်းရှာဖွေကြစေလိုကြောင်း၊ ထောက်ပံ့ပေးသည့် မီဒီယာများကိုလည်း သတ်မှတ်ထားသောအခြေခံမူနှင့် စံအချက်များဖြင့် ရွေးချယ်မည်ဖြစ်ပြီး ကနဦး၌ တိုင်းရင်းသားမီဒီယာ ၁၀ ခုခန့်ကို စတင်ထောက်ပံ့ပေးရန် လျာထားပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသူများအနက်မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုပြန်ကြားရေးကော်မတီအဖွဲ့ဝင် ဦးအောင်ရှင် (မုံရွာအောင်ရှင်)က ယခုကဲ့သို့ တိုင်းရင်းသားမီဒီယာများ ရေရှည်ရပ်တည် ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ထောက်ပံ့ပေးမည့်အစီအစဉ်မှာ အလွန်ကောင်းမွန်ပါကြောင်း၊ တိုင်းရင်းသားမီဒီယာများအနေဖြင့် အသေးစိတ် ပြန်လည်ချပြညှိနှိုင်းပြီး သတ်မှတ်ကာလ တစ်ခုအတွင်း၌ ပြန်လည်အစည်းအဝေး ခေါ်ယူတွေ့ဆုံသွားသင့်ပါကြောင်း ဆွေးနွေးပြောကြားသည်။

မဇ္ဈိမသတင်းမီဒီယာမှ အယ်ဒီတာချုပ် ဦးစိုးမြင့်က တိုင်းရင်းသားမီဒီယာများနှင့် လတ်တလော အကူအညီပေးဆောင်ရွက်နေသော အခြေအနေများအား ရှင်းလင်းပြောကြားပြီး BNI အဖွဲ့မှ အမှုဆောင်ဒါရိုက်တာ ဒေါ်နန်းဖောဂေးနှင့် ဦးဇင်လင်းတို့က တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ တိုင်းရင်းသားမီဒီယာများ၏ ရှင်သန်ရပ်တည်နေမှု အခြေအနေများကို အသေးစိတ်ပြန်လည် ရှင်းလင်းဆွေးနွေးကြသည်။



တိုင်းရင်းသားများနှင့် ရှင်းလင်းချပြဆွေးနွေးပြီး ရရှိလာမည့် အသေးစိတ် အခြေအနေများကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အသေးစိတ် ထပ်မံဆွေးနွေးရန် သတ်မှတ်ပြီး ဇန်နဝါရီလ နောက်ဆုံးပတ်တွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် အပြီးသတ် ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်နှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ တာဝန်ရှိသူများလည်း တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များအတွက် အသက်မွေးမှုပညာရပ်များနှင့် နိုင်ငံ့ဝန်ထမ်းများ ခေါင်းဆောင်မှုစွမ်းရည်တိုးမြှင့်ရေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

**သတင်းစဉ် (သတင်းအဖွဲ့)**

**နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူငယ်များ အသက်မွေးဝမ်းကျောင်းလုပ်ငန်းပညာရပ်များ တတ်မြောက်စေရန်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက ဂျပန်နိုင်ငံ၏ အစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခုဖြစ်သည့် Bridge Asia Japan(BAJ)နှင့် ပူးပေါင်းပြီး ကရင်ပြည်နယ် ဘားအံမြို့၌ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။**

အဆိုပါ သင်တန်းကျောင်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အထိ ခြောက်နှစ်တာကာလအတွင်း အမေရိကန် ဒေါ်လာ ၁ ဒသမ ၅ သန်းကျော် အကုန်အကျခံပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

လက်ရှိအခြေအနေတွင် ယင်းသင်တန်းကျောင်း၌ စာသင်ခန်း၊ ကျောင်းသားအိပ်ဆောင်၊ အုပ်ချုပ်မှုရုံး၊ ရေချိုးခန်း၊ အိမ်သာ၊ စက်ပြင်အလုပ်ရုံ၊ ဂဟေနှင့် လျှပ်စစ်အလုပ်ရုံ၊ မီးစက်ခန်းအဆောက်အအုံတို့ကို ဆောက်လုပ်ထားရှိပြီး ၂၀၁၄ မှ ၂၀၁၅ ခုနှစ်အတွင်း အဆင့်မြင့်စက်ပြင်သင်တန်း၊ ဆောက်လုပ်ရေးသင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်း၊ ဂဟေသင်တန်းနှင့် လျှပ်စစ်ပိုင်းဆိုင်ရာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ သင်တန်းသားဦးရေ ၃၁၉ ဦးတို့ကို သင်ကြားပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ယင်းသင်တန်းများတွင် နယ်စပ်ဒေသများမှ ပညာသင်ကြားခွင့်မရသော တိုင်းရင်းသားလူငယ်များအား နည်းပညာပံ့ပိုးရန်၊ သင်တန်းဆင်း တိုင်းရင်းသားလူငယ်များအနေဖြင့် သင်ကြားသောပညာရပ်များကို အသုံးပြု၍ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိခြင်းဖြင့် ဒေသတွင်းစီးပွားရေးနှင့် နည်းပညာများ ဖွံ့ဖြိုးလာစေရန်၊ ဂျပန်နိုင်ငံ Bridge Asia Japan (BAJ) အဖွဲ့မှ ကျွမ်းကျင်ပြီး အတွေ့အကြုံရင့်ကျက်သော ပညာရှင်များ၏ ကြီးကြပ်မှုအောက်တွင် လုပ်ကိုင်ခြင်းဖြင့် လုပ်ငန်းစွမ်းရည်များ တိုးတက်လာစေရန်အပါအဝင် ရည်ရွယ်ချက်ခြောက်ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါသင်တန်းကျောင်းဆင်း တိုင်းရင်းသားလူငယ်များအနေဖြင့် ပုဂ္ဂလိက လုပ်ငန်းများနှင့် အစိုးရဌာနများတွင် ဝင်ရောက်လုပ်ကိုင်လျက်ရှိသကဲ့သို့ ကိုယ်ပိုင်လုပ်ငန်းများလည်း လုပ်ကိုင်လျက်ရှိကြသည်။



**နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ အသက်မွေးမှုပညာရပ်ဖြစ်သည့် လက်သမား လက်တွေ့သင်တန်း ဆောင်ရွက်နေမှုကို တွေ့ရစဉ်။**

ထို့ပြင် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနနှင့် Nippon Foundation တို့ ပူးပေါင်းပြီး ပြည်နယ်ခုနစ်ခုတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး တာဝန်ထမ်းဆောင်နေကြသည့် နယ်စပ်ရေးရာဝန်ကြီးဌာန လက်အောက်ရှိ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ နိုင်ငံ့ဝန်ထမ်းများအား ခေါင်းဆောင်မှုစွမ်းရည်တိုးမြှင့်ရေး သင်တန်းနှင့် အဆင့်မြင့်အရာရှိများ စွမ်းရည်မြှင့်သင်တန်းများကိုလည်း ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်း အကုန်အကျခံ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စီမံကိန်းဒေသများအဖြစ် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ရခိုင်၊ မွန်၊ ရှမ်းပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို သတ်မှတ်ထားရှိသည်။

အဆိုပါ ပြည်နယ်အစိုးရများ၌ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး တာဝန်ထမ်းဆောင်နေကြသည့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ နိုင်ငံ့ဝန်ထမ်းများအား အရည်အသွေးမြှင့်တင်ရေး သင်တန်းများကို ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ တစ်နှစ်လျှင် နှစ်ကြိမ် သင်တန်းများ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ပထမအကြိမ် ခေါင်းဆောင်မှုစွမ်းရည် တိုးမြှင့်ရေးသင်တန်းကို ရန်ကုန်မြို့ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ပြည်နယ်ခုနစ်ခုရှိ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဝန်ထမ်း ၇၀ အားလည်းကောင်း၊ ဒုတိယအကြိမ်သင်တန်းကို ပြည်နယ် ခုနစ်ခုရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့မှ ဝန်ထမ်း ၇၄ ဦးကိုလည်းကောင်း၊ အဆင့်မြင့်အရာရှိ ၁၅ ဦးအား နယ်စပ်ရေးရာဝန်ကြီးဌာန၌လည်းကောင်း သင်ကြားပို့ချပေးခဲ့ပြီး အဆိုပါ သင်တန်းသားများမှ ၇၅ ဦးအား စင်ကာပူနိုင်ငံသို့ လေ့လာရေးခရီးစေလွှတ်ပေးခဲ့သည်။

အလားတူ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် British Council တို့ ပူးပေါင်း၍ ပညာရေးဝန်ကြီးဌာန အောက်ရှိ ပညာရေးတက္ကသိုလ်၊ ပညာရေးကောလိပ်များနှင့် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်တို့မှ ဆရာ၊ ဆရာမများအား အင်္ဂလိပ်စာ 4 Skills ကို ကျွမ်းကျင်စွာ သိရှိနားလည်စေရန်၊ ခေတ်မီသင်ပြနည်းနှင့် သင်ထောက်ကူပစ္စည်းများကို သိရှိအသုံးပြုတတ်စေရန်၊ နိုင်ငံတကာ ပညာရေးစနစ်ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်နှင့် သက်ဆိုင်ရာဘာသာရပ် သင်ကြားရေး၌ ထိရောက်စွာ အသုံးချတတ်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် အင်္ဂလိပ်စာ စွမ်းရည်မြှင့်မားစေရန် English for Education College Trainers (EfECT) သင်တန်းကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယခုအချိန်အထိ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ ဆရာ ဆရာမ ၆၁ ဦးအား သင်တန်း ဖွင့်လှစ် ပို့ချပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

❈ ***ကျောဖုံးမှ***

တစ်မီတာ၊ ယာဉ်သွားလမ်းအကျယ် ၆ ဒသမ ၅ မီတာရှိပါတယ်။ ရေလမ်းကင်းလွတ်အမြင့် ၄ ဒသမ ၈၇ မီတာ၊ ရေလမ်းကင်းလွတ် နယ်အကျယ် မီတာ ၆၀ ရှိပါတယ်။ လူသွားလမ်းနှစ်လမ်း၊ ယာဉ်သွားလမ်း နှစ်လမ်း၊ ကွန်ကရစ်တံတားဖြစ်ပြီး ခွင့်ပြုခံနိုင်ဝန် ၇၅ တန် ယာဉ်များဖြတ်သန်းမောင်းနှင်နိုင်ပါတယ်။ ကုန်ကျငွေကျပ် ခြောက်ဘီလီယံကုန်ကျမယ်လို့ ခန့်မှန်းထားပါတယ်။ နိုင်ငံခြားအင်ဂျင်နီယာ ၁၀ ဦး၊ မြန်မာအင်ဂျင်နီယာ ၁၂ ဦး၊ လုပ်သားစုစုပေါင်း ၁၀၀ ကျော် နေ့ညမနားဆောင်ရွက်နေပါတယ်။ ဒါကြောင့် သတ်မှတ်ချိန် ပြီးနိုင်မှာပါ” ဟု ပြောသည်။

ငမိုးရိပ်တံတား (သုနန္ဒာ)ယာဉ်နှစ်လမ်းသွားကွန်ကရစ်တံတား ပြီးပါက ကြိုးတံတားကိုသာ အမှီပြုသွားလာနေကြသော ခရီးသွားပြည်သူများ စိတ်ချမ်းသာမှုဖြင့် လွယ်ကူစွာ မော်တော်ယာဉ်ခရီးဖြင့် သွားလာနိုင်တော့မည်ဖြစ်သည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေး

**ပေါင် ဒီဇင်ဘာ ၁၂**

ပေါင်မြို့နယ် ဇင်းကျိုက်မြို့ အထကမှ အသက် ၁၀ နှစ်ပြည့် ကျောင်းသားကျောင်းသူများအား သထုံခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာန ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ရင်နှင့် ဝန်ထမ်းများက ဒီဇင်ဘာ ၁၀ ရက်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မောင်မွေး**

# ၂၀၁၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ရရှိသူများစာရင်း

| စဉ် | အကြောင်းအရာ | ဆုရရှိသူအမည် | စာပေအမျိုးအစား |
|---|---|---|---|
| ၁။ | အမျိုးသားစာပေ တစ်သက်တာဆု | (က) ဆရာကြီးဦးဝင်းဖေ (မြဇင်)၊<br>( ခ ) ဆရာကြီးဦးခင်မောင်စိုး (မောင်ပေါ်ထွန်း)<br>( ဂ ) ဆရာကြီးဦးကိုလေး (ကိုလေးအင်းဝဂုဏ်ရည်) | |
| ၂။ | အမျိုးသား စာပေဆု | (က) ဆရာမ စံပယ်ဖြူနု | ဝတ္ထုရှည်စာပေဆု (မြောက်ဖျားဆီကအလွမ်းရာသီ) |
| | | (ခ) ဆရာကြူးနှစ် (ဘုန်းဘုန်းဦးတေမိ) | ဝတ္ထုတိုပေါင်းချုပ် စာပေဆု (မာရ်နတ်ရဲ့စည်းစိမ်) |
| | | (ဂ) ဆရာမောင်လင်းကြည် | ကဗျာပေါင်းချုပ် စာပေဆု (မိုးဦးလေဦး ကဗျာများ) |
| | | (ဃ) ဆရာတက္ကသိုလ် ခင်မောင်ဇော် | စာပဒေသာ စာပေဆု ၊ တက္ကသိုလ်သီလာ မြကျွန်းသာ(ရန်ကုန်တက္ကသိုလ်သမိုင်း) |
| | | (င) ဆရာဒေါက်တာမောင်ဖြေ | မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆု (မွန်မြတ်သောကျေးဇူးဆပ်သူနှင့် မွန်မြတ်သော ကျေးဇူးပြုသူ) |
| | | (စ) ဆရာဇော်မျိုးဟန်(ငါးသိုင်းချောင်း) | ကလေးစာပေဆု၊ (ပန်းစုံရွှေပြည်ကလေး ကဗျာများ) |
| | | (ဆ) ဆရာဆူးသစ် | လူငယ်စာပေဆု၊ (ခွန်အားရှိသောစာ၊ ခွန်အားရှိသောလူငယ်) |
| | | (ဇ) ဆရာနတ်မောက်အနီချို | ဘာသာပြန်(သုတ)စာပေဆု၊ (ကိုယ့်ကိုယ်ကိုယ်ကိုး တိုး၍သာဝင်) |
| | | (ဈ) ဆရာဟိန်းလတ် | ဘာသာပြန်(ရသ) စာပေဆု၊ (ကျွန်မမာလာလာ) |
| | | (ည) ဆရာဒေါက်တာတိုးလှ | သုတပဒေသာ(ဝိဇ္ဇာ) ဘာသာရပ်စာပေဆု၊ (သက္ကရာဇ်တွေထဲက သမိုင်း) |
| | | (ဋ) ဆရာကျော်ဦး | သုတပဒေသာ (ရိုးရိုးသိပ္ပံစာပေဆု)၊ (စွမ်းအင်နှင့် ဝန်းကျင်) |
| | | (ဌ) ဆရာရတနာစိုး | သုတပဒေသာ(အသုံးချသိပ္ပံစာပေဆု) (ဝါး) |
| | | (ဍ) ဆရာ ဒေါက်တာကျော်ဝင်း | နိုင်ငံရေးစာပေဆု၊ (နိုင်ငံရေးအတွေးအခေါ် သမိုင်း) |
| | | (ဎ) ဆရာဦးစိုင်းအောင်ထွန်း | အင်္ဂလိပ်ဘာသာ (သုတစာပေဆု)၊ (SHAN LEGENDS) |
| | | (ဏ) ဆရာ ဦးထွန်းအောင်ချိန် | အင်္ဂလိပ်ဘာသာ (ရသစာပေဆု)၊ (MAUNG YIN MAUNG AND MA ME` MA) |
| | | (တ) ဆရာမောင်သာလင်း | ကဗျာပေါင်းချုပ်ဆု (ဒုတိယဆု)၊ (ချိုးကူသံလေး ပလွေတေးနှင့် ငှါမွေးရပ်ရွာ ကဗျာများ) |
| | | (ထ) ဆရာလွင်ဦး (ကွမ်းခြံကုန်း) | ကဗျာပေါင်းချုပ်ဆု (တတိယဆု) (မူးမြစ်တေးသံ ကဗျာများ) |
| | | (ဒ) ဆရာဦးထွဏ်းလွင် (မိတ္ထီလာ) | သုတပဒေသာဝိဇ္ဇာပညာရပ်ဆု(ပထမဆု)၊ (လုမ္ဗိနီကို တူးဖော်ခြင်း) |
| | | (ဓ) ဆရာဇော်လွင်ဦး ဟသ်ာတ | သုတပဒေသာဆု (ဝိဇ္ဇာပညာရပ်) (ဒုတိယဆု)၊(ကွယ်ပျောက်လုဆဲယင်းတလဲ) |
| | | (န) ဆရာစေတုတ္တရာ ချင်းလှထွန်း | သုတပဒေသာ ဝိဇ္ဇာပညာရပ်ဆု (တတိယဆု) (မုန်းချောင်းရေပြာစေတုတ္တရာ) |
| | | (ပ) ဆရာတီးတိုး (Geo Physics) | သုတပဒေသာ သိပ္ပံနှင့် အသုံးချသိပ္ပံ ပညာရပ်ဆု (တတိယဆု)၊ (ကမ္ဘာ၊ နေ၊ နေမိသားစုနှင့် စကြဝဠာ) |
| | | (ဖ) ဆရာမောင်ချိုဝေ | စာပဒေသာဆု(ဆောင်းပါး) ပထမဆု၊ (ဇာတိစိတ်၏ ခေါ်ဆောင်ရာ) |
| | | (ဗ ) ဆရာမအိချို | စာပဒေသာဆု (ဆောင်းပါး) ဒုတိယဆု၊ (ရွှေပိတောက် ) |
| | | (ဘ) ဆရာသောင်းညွှန့်သစ် (အမျိုးသားစာပေဆု) | စာပဒေသာဆု(ဆောင်းပါး) တတိယဆု၊ (သစ်ပင်တောတောင်တို့၏ ပရိယာယ်) |
| | | (မ) စာရေးဆရာမ အိအိမွန်(ယဉ်ကျေးမှု) | မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆု၊ (ဒုတိယဆု)၊ ( ကချင်ရိုးရာ အနုလက်ရာ ဒီဇိုင်းများ) |
| | | (ယ) ဆရာမခင်ညိုညိုမြင့် | မြန်မာ့ယဉ်ကျေးမှုအနုပညာဆိုင်ရာ စာပေဆု (တတိယဆု)၊ (ငါးထုပ်ဖက်ပေါ် ကျသည့် ပျားရည်စက်) |
| | | (ရ) ဆရာရဲဘော်မြသိန်း(ဟိုပုံး) | ကလေးစာပေဆု(ပထမဆု)၊ (ကျူရှင်နှင့် အခြား ကလေးဝတ္ထုတိုများ) |
| | | (လ) ဆရာနန္ဒာမိုးကြယ် | ကလေးစာပေဆု(ဒုတိယဆု)၊ (မင်္ဂလာ ရှိသောနေ့ ကလေးကဗျာများ) |
| | | (ဝ) ဆရာသန်းအောင်(အညာမြေ) | ကလေးစာပေဆု (တတိယဆု)၊ (ရွှေစင်နှစ်ပွင့်) |
| | | (သ) ဆရာမအေပရယ်ယုနိုင် (ရွှေတောင်) | လူငယ်စာပေဆု (ပထမဆု)၊ (ကိုယ်တိုင်ရေးရောင်စုံပန်းချီကားတစ်ချပ်) |
| | | (ဟ) ဆရာမနွယ်နွယ်ဝင်း | နိုင်ငံရေးစာပေဆု (တတိယဆု)၊ (မြန်မာ့ လွတ်လပ်ရေးမှတ်တိုင် ပြည်ခရိုင် ) ၁၉၂၀-၁၉၄၈ |
| | | (ဠ) ဆရာဇင်မင်း(သမိန်ထော) | ပြဇာတ်စာပေဆု (ဒုတိယဆု)၊ (တောဟောဝန်လယ် တောင်စွယ် ဝေယန်ဦး) |
| | | (အ) ဆရာမောင်(မကွေး) | ပြဇာတ်စာပေဆု (တတိယဆု)၊ (လှေခွက်ချည်းကျန် အလံမလဲဟော့) |
| ၃။ | စာပေဗိမာန် စာမူဆု | (က) ဆရာမ သွဲ့ထားညို(သက္ကလ) | ဝတ္ထုရှည်ဆု (ဒုတိယဆု) (အလင်းစေတမာန်) |
| | | (ခ) ဆရာစိုးမြင့်မောင်(သာရဝေါ) | ဝတ္ထုရှည်ဆု (တတိယဆု) (မုန်းခက်ပြုံးတစ်သက်) |
| | | (ဂ) ဆရာကေ(တောင်တန်းပြာ) | ဝတ္ထုတိုပေါင်းချုပ်ဆု (ပထမဆု)၊ (အောက်ချင်းငှက်ကလေးရဲ့ ဒဏ္ဍာရီနှင့် အခြားဝတ္ထုတိုများ) |
| | | (ဃ) ဆရာထွန်းလှိုင် (မြိုင်) | ဝတ္ထုတိုပေါင်းချုပ်ဆု(ဒုတိယဆု) (မထိုး တစ်ကျပ် ထိုးတစ်ကျပ်နှင့် ကိုယ်တွေ့ ဝတ္ထုတိုများ) |
| | | (င) ဆရာရဲရင့်ကျော် | ဝတ္ထုပေါင်းချုပ်ဆု (တတိယဆု)၊ (သမုဒ္ဒယ ဒီရေတောနှင့်အခြားဝတ္ထုတိုများ) |
| | | (စ) ဆရာ ပုလောစိုးနွံ့သာ | ကဗျာပေါင်းချုပ်ဆု(ပထမဆု)၊ (ပြဒါးမဲ့မှန် ကဗျာများ) |
| | | (ဆ) ဆရာ Dr. Saw Mra Aung | အင်္ဂလိပ်စာမူဆု (ပထမဆု)၊(A Glimpse-into Part of ancient Myanmar History and Fundamental Buddhist Concepts ) |
| | | (ဇ) ဆရာ ဒီပန်လင်း | ဘာသာပြန်စာမူဆု(ပထမဆု)၊ ( မြစ်နဒီတို့ ခန်းခြောက်လေသောအခါ) |

# မြန်မာနိုင်ငံ၏ ပညာရေးပြုပြင်ပြောင်းလဲမှုတွင် အိုင်စီတီ၏ကြီးမားသောအခန်းကဏ္ဍ

ဝရဇိန်

ICT in education ဟူသောခေါင်းစဉ်မှာ လူဦးရေ၏ ၂ ရာခိုင်နှုန်း လောက်သာ အင်တာနက်သုံးစွဲနိုင်သော လွန်ခဲ့သည့်နှစ် အနည်းငယ်က မြန်မာနိုင်ငံအဖို့ အသစ်အဆန်းများဖြစ်ခဲ့သော်လည်း ယခုအခါ ပညာရေး ကဏ္ဍ ပြုပြင်ပြောင်းလဲမှုဆိုင်ရာ ဆွေးနွေးပွဲများ၌ အလေးထားပြောကြား လာခဲ့ကြပြီဖြစ်သည်။

ယမန်နှစ် တစ်နှစ်တည်းကပင် မြန်မာနိုင်ငံ၌ မိုဘိုင်းဖုန်းသုံးစွဲမှု ၃၀၀ ရာခိုင်နှုန်း မြင့်တက်လာခဲ့သဖြင့် ယခုအခါ ယူနက်စကိုသည် ပညာရေး ဝန်ကြီးဌာနနှင့် လက်တွဲပူးပေါင်းကာ ဩစတြေးလျအစိုးရ ထောက်ပံ့သော သင်တန်းသားဆရာ၊ ဆရာမများ၏အိုင်စီတီဆိုင်ရာအရည်အသွေးမြှင့်တင် ရေးစီမံကိန်းမှတစ်ဆင့် ဆရာ ဆရာမများ အိုင်စီတီထိတွေ့မှုမြှင့်တင်ရေး ကို ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံရှိ ပညာရေးကောလိပ်များတွင် အိုင်စီတီပညာရပ်များ သင်ကြားမှုကြောင့် ဆရာ၊ ဆရာမများ၏ အရည်အသွေးမြှင့်တင်ရေးတွင် ပညာရေး ကောလိပ်များ၏အရေးပါမှုကို ပို၍အသိအမှတ်ပြုလာကြပြီး ယမန်နှစ်က သင်တန်းဆင်းဆရာ၊ ဆရာမ ၁၃၀၀၀ မှာ မြန်မာနိုင်ငံအနှံ့ရှိ စာသင် ကျောင်းများသို့ ရောက်ရှိသွားကြပြီဖြစ်သည်။ ယူနက်စကိုသည် ၂၀၁၅ ခုနှစ် စောစောပိုင်းကတည်းက ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းကာ ပညာရေး ကောလိပ်များအတွင်း အိုင်စီတီပညာဖွံ့ဖြိုးတိုးတက်မှုအတွက် အကောင် အထည်ဖော်လျက်ရှိပြီး ပညာရေးကောလိပ်များရှိ သင်ကြားရေးအဖွဲ့ဝင်များ ကို သင်တန်းအစီအစဉ်များပြုလုပ်ပေးခြင်းနှင့် ပညာရေးကောလိပ်များ၌ အိုင်စီတီစွမ်းဆောင်ရည်များ မြှင့်တင်ရေးအတွက် ငါးနှစ်မူဘောင်တစ်ခု ပေါ်ပေါက်လာရေးကို လုပ်ဆောင်ခဲ့ကြသည်။

ယခုအခါ ပညာရေးဝန်ကြီးဌာနသည် ပညာရေးကောလိပ်တစ်ခုတွင် အိုင်စီတီဆရာအသစ် သုံးဦးနှုန်းဖြင့် စုစုပေါင်း ၆၅ ဦးအား ပညာရေး ကောလိပ်များရှိ သင်ကြားရေး၊ သင်ယူရေးများတွင် အိုင်စီတီကိုထိရောက်စွာ အသုံးပြုနိုင်ရန် သင်ကြားပေးလျက်ရှိသည်။ နိုဝင်ဘာလက ရန်ကုန်နှင့် မန္တလေးမြို့များရှိ အိုင်စီတီ သင်တန်းသားဆရာ၊ ဆရာမများအတွက် အနီး ကပ် ငါးရက်သင်တန်းများပြုလုပ်ပေးခဲ့သည်။ သင်တန်းပြ ဆရာ ဆရာမများ အနေဖြင့် ပညာရေးပြုပြင်ပြောင်းလဲမှုတွင် ရှေ့ပြေးအဖြစ် ပညာရေး၌ အိုင်စီတီအသုံးပြုလိုစိတ်နှင့် တာဝန်ဝတ္တရားများ ရင်ထဲတွင် ကိန်းအောင်း လာကြပြီး မိမိတို့သင်ကြားပေးသော သင်တန်းသားဆရာ၊ ဆရာမများ အရည်အသွေးမြင့်မားရေးအတွက် မိမိတို့၏အခန်းကဏ္ဍကြီးမားပုံကို သိရှိ လာကြပြီဖြစ်သည်။ (UNESCO.BKK)

**သတင်း-မောင်မောင်မြင့်ဆွေ မောင်စိန်လွင်(မြန်မာ့အလင်း) ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)၊ မင်းထက်**



ဆရာ ကိုလေး(အင်းဝဂုဏ်ရည်)



ဆရာ ဒေါက်တာမောင်ဖြေ



ဆရာဟိန်းလတ်



ဆရာဒေါက်တာတိုးလှ

*ကျောဖုံးမှ*

စာပေဆုများ ချီးမြှင့်ခံရသော စာရေးဆရာကြီးများအား မြန်မာ့အလင်း သတင်းအဖွဲ့အနေဖြင့် စင်မြင့်ထက်ဆုယူအပြီး တွေ့ဆုံမေးမြန်းခဲ့ရာ ဆုရရှိသူများ၏ ရင်တွင်းဖွင့်ဟစကားသံများကို စုစည်းဖော်ပြလိုက်ပါသည်။

**စာရေးဆရာကြီး**
**ကိုလေး (ကိုလေးအင်းဝဂုဏ်ရည်)**
**အမျိုးသားစာပေ တစ်သက်တာဆုရ**

ကဗျာကို တစ်သက်လုံးရေးဖွဲ့ခဲ့တာပါ။ ကျွန်တော့်အနေနဲ့ ကဗျာဆိုတာ သစ်ခြင်း၊ သစ်အောင်လုပ်တာ ကဗျာဆရာလို့ ပြောချင်ပါတယ်။ အခုခေတ် လူငယ်ကဗျာဆရာတွေက အသစ်လွန်နေတယ်။ မြန်မာမှုကို စုံကန်ပြီး အသစ်လွန်နေတယ်။ မြန်မာကဗျာဟာ မြန်မာရနံ့ သင်းနေရမှာပေါ့။ အခုကဗျာတွေက ရေးသားရင်းနဲ့ ကော်ပီတွေလိုဖြစ်နေတယ်။ နောက်ပြီး မြန်မာနိုင်ငံမှာ ကဗျာနဲ့ပတ်သက်ပြီး လိုအပ်ချက်တစ်ခုကို မြင်ပါတယ်။ ဒါကဘာလဲဆိုတော့ ရှေးခေတ်ကဗျာစာဆိုကြီးတွေဖြစ်တဲ့ နတ်သျှင်နောင်၊ နဝဒေး၊ ရှင်မဟာရဋ္ဌသာရ စတဲ့စာဆိုတွေ ရေးသားခဲ့တဲ့ ကဗျာတွေကိုစုစည်းပြီး ကဗျာပေါင်းချုပ်အဖြစ် ပေါ်ထွက်ဖို့ လိုနေပါတယ်။ ကမ္ဘာ့နိုင်ငံတွေမှာ အဲဒီလို ကဗျာပေါင်းချုပ်တွေရှိတယ်။ ကျွန်တော်တို့နိုင်ငံမှာမရှိသေးဘူး။ ဒါကို အကောင်အထည်ဖော်သင့်တယ်လို့ ယူဆတယ်။

**ဆရာဒေါက်တာမောင်ဖြေ**
**(မြန်မာ့ယဉ်ကျေးမှုနှင့်**
**အနုပညာဆိုင်ရာ အမျိုးသားစာပေဆု)**

ဗုဒ္ဓတရားတော်ရဲ့ အဓိပ္ပာယ်တွေကို လူငယ်တွေကောင်းစွာနားလည်သဘောပေါက်အောင် မဟာဗုဒ္ဓဝင်တို့မှထုတ်နုတ်ပြီး ဇာတ်ဝတ္ထုတွေနဲ့ တန်ဆာဆင်ရေးသားထားခြင်းဖြစ်ပါတယ်။ မြန်မာ့ယဉ်ကျေးမှုနဲ့ ဘာသာတရားအဆုံးအမကို အခြေခံပြီး ရေးသားခဲ့သလို ဗုဒ္ဓအဆုံးအမတွေထဲက အနှစ်သာရတွေကိုကိုးကားပြီးရေးသားခဲ့ပါတယ်။ မြန်မာ့ယဉ်ကျေးမှုအသိနဲ့ ဆင်ယင်ထုံးဖွဲ့မှုတွေကို ရှာဖွေတင်ပြထားသလို မိဘတို့ရဲ့မေတ္တာတရား၊ ဇနီးကောင်းတို့ရဲ့အကြင်နာ၊ မိတ်ဆွေကောင်းတို့ရဲ့စေတနာတွေကို ဖော်ပြထားပြီး လူငယ်တွေ သိရှိလိုက်နာနိုင်အောင်၊ နားလည်လွယ်အောင် ရေးဖွဲ့ထားတာပါ။ မှန်မြတ်သော ကျေးဇူးဆပ်သူတွေဖြစ်အောင်၊ မှန်မြတ်သော ကျေးဇူးပြုသူတွေဖြစ်အောင် စာတိုတိုလေးတွေနဲ့ ရေးဖွဲ့တင်ပြခဲ့ခြင်းဖြစ်ပါတယ်။လူငယ်တွေကို လိမ္မာစေချင်တယ်။ကျေးဇူးသိတတ်သူ၊ ကျေးဇူးပြုတတ်သူတွေ ဖြစ်စေချင်ပါတယ်။

**ဆရာဟိန်းလတ်**
**ဘာသာပြန်(ရသ)ဆု**
**အမျိုးသားစာပေဆု**

မြန်မာနိုင်ငံမှာ ရသစာပေ အားနည်းနေတယ်။ ဘာသာပြန် ရသစာပေ ပိုပြီးအားနည်းလာတာကို တွေ့ရတယ်။ဒါကလည်း ရသစာပေ ရေးသားထုတ်လုပ်မှု နည်းသွားတာပါတယ်။ ရသစာပေရေးသားထုတ်ဝေဖို့ဆိုတာကလည်း စာဖတ်သူများဖို့လိုတယ်။ ခုဆိုရင် စာအုပ်ဆိုင်တွေ နည်းသွားတယ်။ စာအုပ်အငှားဆိုင်တွေလည်း တဖြည်းဖြည်းနည်းပါးသွားတာ တွေ့ရတယ်။ အခုဆိုရင် အရင်ကစာအုပ်ရောင်းတဲ့ ဆိုင်နေရာတွေမှာ စားသောက်ဆိုင်တွေ၊ ဘဏ်တွေဖြစ်သွားကြတယ်။ မြန်မာနိုင်ငံမှာ စာအုပ်ဈေးတွေမြင့်နေပြီး စာအုပ်တစ်ခါထုတ်နိုင်တာက အုပ်ရေ ၅၀၀ နဲ့ ၁၀၀၀ လောက်ပဲ ထုတ်နိုင်တော့ စီးပွားရေးအရ မကိုက်တော့ဘူး။ ဒါနဲ့လည်းဆက်စပ်နေတယ်။ ဒါဆိုရင် စာဖတ်ရှိန်မြှင့်တင်ရမယ်ပေါ့။ စာဖတ်ရှိန်မြှင့်တင်ဖို့ဆိုရင် မြန်မာတစ်နိုင်ငံလုံးမှာ ခိုင်မာတောင့်တင်းတဲ့ စာကြည့်တိုက် ကောင်းကောင်းနဲ့ စာဖတ်ချိန် သီးသန့်ပေးသင့်တယ်။ ကျောင်းတွေမှာ ရသစာပေထားရှိရမယ်။ တက္ကသိုလ်နဲ့ ကောလိပ်တွေမှာ နိုင်ငံတကာဘာသာစကား သင်ပြောပေးနိုင်ရင် ကောင်းမယ်။

**ဆရာဒေါက်တာတိုးလှ**
**သုတပဒေသာ(ဝိဇ္ဇာ)**
**အမျိုးသားစာပေဆုရ**

ဒီစာအုပ်က ပထမစာအုပ်ထက် ပိုကျေနပ်ပါတယ်။ အနှစ် ၄၀ သုတေသနလုပ်ပြီး ရေးတဲ့စာအုပ်ဆိုတော့ လယ်ယာမြေသက္ကရာဇ်တွေထဲကသမိုင်းဆိုတာက ကျေးလက်ဒေသရဲ့ လူနေမှုဘဝကို ပုံဖော်တဲ့သူတို့ဟာ ငွေကြေးမရှိတဲ့အခါ ရောင်းကြ၊ ပေါင်ကြ ဒီအကြောင်းအရာစာချုပ်တွေကို ရေးတာဖြစ်တဲ့အတွက် ရှေးကကျေးလက်ဒေသရဲ့ လူနေမှုဘဝကို ကျွန်တော်တို့ တော်တော်လေးကို ပုံဖော်နိုင်တယ်ပေါ့။ ကျေးလက်ဒေသမှာ အုပ်ချုပ်တဲ့သူတွေရဲ့ ဆက်ဆံရေးတွေ၊ သူတို့ဒေသရဲ့ လူမှုရေးတွေ၊ ဘာသာရေးကိုးကွယ်ယုံကြည်မှုတွေ၊ နောက်ဆုံးအမှုအခင်းတွေကအစ ဒီစာအုပ်တွေထဲမှာ တော်တော်များများပါတော့ မြန်မာနိုင်ငံရဲ့ ကျေးလက်သမိုင်းကို လူမှုရေးနဲ့ကြည့်ရင် တော်တော်ကိုပဲ ပြည့်စုံအောင်ပြောနိုင်ခဲ့တာ။ လူမှုရေးဆိုတာ အများနဲ့ ပေါင်းသင်းနေကြရတဲ့အခါ ပျော်စရာတွေ၊ ဝမ်းနည်းစရာတွေ၊ ဒုက္ခ၊ သုက္ခတွေ ရှိတယ်။ အဲဒါတွေကို စုပေါင်းဖြေရှင်းကြတာရှိတယ်။ အဲဒီလို စုပေါင်းလုပ်ကြတဲ့ဘဝတွေလည်း ဒီစာအုပ်ထဲမှာတွေ့ရတဲ့အတွက် တော်တော်လေးပဲ သမိုင်းကိုပုံဖော်ပေးတဲ့ အထောက်အထားတွေဖြစ်တာပေါ့။ အဲဒီအထောက်အထားတွေအမှီပြုပြီး မြန်မာတွေရဲ့ ရှေးလူမှုဘဝ ဘယ်လိုရှိတယ်ဆိုတာ ပြောနိုင်ခဲ့လို့ ဝမ်းသာပါတယ်။ နိုင်ငံတော်ကလည်း အမှတ်တရ ဆုပေးတယ်ဆိုတော့ ကျေနပ်ပါတယ်။ ကျေးလက်လူမှုဘဝကို ဒီစာအုပ်ဖတ်ရင် နောင်ဘာတွေပြုပြင်ဖို့လိုဦးမလဲ၊ လူမှုဘဝရဲ့တိုးတက်မှုကို နောင်ဘာတွေ ဆောင်ရွက်ရင်ကောင်းမလဲဆိုတဲ့ သမိုင်းဆိုင်ရာဆုံးဖြတ်ချက်တွေ ရသွားမယ်လို့ ယူဆပါတယ်။ အဲဒီလို အသိသစ်၊ အမြင်သစ်တွေပေးနိုင်လို့ ဝမ်းသာတာပါ။ အဓိကကတော့ ဗမာတွေ ဟိုတုန်းက ဘယ်လောက်အထိ ရောင့်ရဲပြီး ဘယ်လောက်အဆင့်အထိ နေနိုင်တယ်ဆိုတာရယ် ရှေးက အုပ်ချုပ်တဲ့သူတွေကရော တောင်သူလယ်သမားတွေအပေါ်မှာ ဘယ်လောက်ကြည့်ရှုစောင့်ရှောက်ခဲ့သလဲ၊ တောင်သူလယ်သမားတွေရဲ့ ဘဝသာယာရေး ဘာတွေလုပ်ခဲ့သလဲဆိုတာတွေ၊ ဒါ့အပြင် ဒေသမှာရှိတဲ့ ရဟန်း၊ သံဃာတွေပါ၊ အဲဒါတွေကအစ လူမှုဆက်ဆံရေးမှာ ဘယ်လိုဘယ်လိုကွင်းဆက်တွေနဲ့ လုပ်ကိုင်ကြတယ်ဆိုတာ ဒါတွေကို မီးမောင်းထိုးပြခဲ့တာပါ။

**ဆရာမ အေပရယ်ယုနိုင်**
**(စာပေဗိမာန်စာမူ ပထမဆု)**

စာမူရေးတာ တစ်နှစ်ကျော်ကျော်ကြာတယ်။ ကလေးတွေဖတ်စေချင်တဲ့ စေတနာဆန္ဒနဲ့ ရေးခဲ့တာ။ လူငယ်ကျေနပ်ပါတယ်။ နောင်လည်း ဒီထက်မက တိုင်းပြည်နောင်အနာဂတ်လူငယ်တွေအတွက် အကျိုးပြုစာပေတွေ ဆက်ရေးသွားဖို့ ရှိပါတယ်။ အခုလူငယ်တွေကို ပြောချင်တာကတော့ လက်ဖက်ရည်ဆိုင်ထိုင်မယ့်အစား၊ မိန်းကလေးတွေဆိုလည်း အလှအပတွေကို အချိန်ပေးနေမယ့်အစား အနည်းဆုံးတော့ ကိုယ့်ရပ်ရွာ၊ မြို့နယ် ကိုယ့်ပတ်ဝန်းကျင်ကို အကျိုးပြုတဲ့ နိုင်ငံ့လူတော် လူကောင်းလေးတွေ ဖြစ်စေချင်ပါတယ်။



ဆရာမ အေပရယ်ယုနိုင်



ဆရာမ သွဲ့ထားညို (သက္ကလ)

**ဆရာမသွဲ့ထားညို(သက္ကလ)ဝတ္ထုရှည်၊**
**စာပေဗိမာန်စာမူ ဒုတိယဆု**

စာပေဆုက နှစ်နှစ်ရှိပြီ မချိတ်တာ။ အခုလိုရတဲ့အတွက် ဝမ်းသာပါတယ်။ ရေးဖြစ်တဲ့ ရည်ရွယ်ချက်က အဲဒီစာမူလေး၊ ဝတ္ထုလေးကို ၁၈ နှစ်ဝန်းကျင် ကလေးတွေဖတ်ပြီးရင် အဲဒီထဲမှာပါတဲ့ ကျောင်းဆရာမလေးအတိုင်း စေတနာထားတဲ့စိတ်၊ ကြိုးစားချင်တဲ့စိတ်၊ ဝါသနာကအစပေါ့ လူငယ်လေးတွေ ပေါ်ပေါက်လာစေချင်တယ်။ ကျွန်မဝတ္ထုကို အနည်းဆုံး လူငယ် ၁၀၀ ဖတ်ဦးတော့ ၅၀ လောက်က အဲဒီလိုလုပ်မှာပဲလို့ ဖြစ်စေချင်တဲ့ ဆန္ဒတွေ အများကြီးထည့်ရေးထားတာပါ။ စာရေးသက် ၂၀ ကျော်ပါပြီ။ ဒီဆုက အမြင့်ဆုံးရတဲ့အတွက် လူငယ်တွေဘဝမှာ အရှုံးနဲ့ရင်ဆိုင်ရတဲ့အခါ စိတ်ပျက်ဝမ်းနည်းမနေဘဲ ကိုယ့်ဘဝကိုယ် ပြန်တည့်မတ်အောင် ကြိုးစားနိုင်ရမယ်။ မိုးရွာတုန်းရေမခံဘဲ ခွက်မှောက်ထားသလိုမျိုးမဖြစ်မိဖို့ သတိရှိ၊ အသိရှိစေဖို့လိုတာတွေကို ဖော်ကျူးထားပါတယ်။ ဘဝဆိုတာ အမြဲတမ်းလင်းမနေသလိုအမြဲတမ်းလည်းမှောင်မနေပါဘူး။ လူငယ်တွေအတွက် စိတ်ဓာတ်ခွန်အား၊ကြိုးစားစေချင်တဲ့ တွန်းအားတွေ ဖြစ်ပေါ်စေချင်ပါတယ်။

**ဆရာမ အိအိမွန် (ယဉ်ကျေးမှု)**
**စာပေဗိမာန်စာမူ ဒုတိယဆု**

ပထမဦးဆုံး ယှဉ်ပြိုင်ပြီး ပထမဦးဆုံးရရှိတဲ့အတွက် အလွန်ပဲ ကျေနပ်မိပါတယ်။ ဒီကချင်ရိုးရာ အနုလက်ရာဒီဇိုင်းများဆိုတဲ့ စာမူက ပထမဦးဆုံးပါ။ ဒီစာအုပ်ကို ၂၀၁၂ ခုနှစ်လောက်က ရေးဖြစ်ခဲ့တာပါ။ စိတ်ကူးကတော့ ကချင်အမျိုးသမီးတွေဝတ်ဆင်တဲ့ ဒီကချင်ထဘီ လက်ရက်ကန်းအကြီး၊ အသေးလေးတွေကို လေ့လာရင်းနဲ့ ရေးဖြစ်သွားတာပါ။ နောင်လည်း စာတွေဆက်ရေးဖြစ်နေဦးမှာပါ။ ဒီဆုရရှိတဲ့အတွက် ကျွန်မကို ခွန်အားတွေ အများကြီးဖြစ်စေခဲ့ပါတယ်။ မျှော်မှန်းမထားဘဲ ရခဲ့တဲ့အတွက် ရွေးချယ်ပေးလိုက်တဲ့ ဒီစာပေလောကထဲကို ရဲရဲဝံ့ဝံ့ လျှောက်လှမ်းဖို့ အားတွေအများကြီး ရှိသွားတာပါ။

ယနေ့နိုင်ငံတော်က ချီးမြှင့်သည့် ၂၀၁၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုတို့ကို ရွေးချယ်ချီးမြှင့်ခဲ့ရာတွင် အမျိုးသား စာပေတစ်သက်တာဆုရှင်



ဆရာမ အိအိမွန်(ယဉ်ကျေးမှု)

သုံးဦး၊ အမျိုးသားစာပေဆုရှင် ၁၅ ဦး၊ စာပေဗိမာန်စာမူဆုရှင် ၂၆ ဦး စုစုပေါင်း စာပေပညာရှင် ၄၄ ဦးကို ရွေးချယ်ချီးမြှင့်ခဲ့ပြီး ၂၀၁၄ ခုနှစ်အတွက် ရွေးချယ်ချီးမြှင့်နိုင်ခြင်းမရှိသောဆုများမှာ ဝတ္ထုရှည်ပထမဆု၊ သုတ(သိပ္ပံအသုံးချ) ပထမဆုနှင့် ဒုတိယဆု၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေပထမဆု၊ လူငယ်စာပေ ဒုတိယနှင့် တတိယဆု၊ နိုင်ငံရေး ပထမနှင့် ဒုတိယဆု၊ ပြဇာတ်စာပေ ပထမဆု၊ အင်္ဂလိပ်စာမူ ဒုတိယဆုနှင့် တတိယဆုတို့ကို ချီးမြှင့်နိုင်မှုမရှိခဲ့ကြောင်း သိရသည်။



ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများသည် မိုးပွင့်(အထူး)စီမံချက် (အပိုင်း-၂)ဖြင့် ကွင်းဆင်းစီမံချက်အရ ဒီဇင်ဘာလ ဒုတိယပတ်က ကမာရွတ်မြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၌ အသက် ၁၀ နှစ်ပြည့် ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးစဉ်။ (၃၄၉)

*ကျောဖုံးမှ*

မော်တော်ယာဉ်ရှစ်စီးဖြင့် ယနေ့မှစတင်ပြီး နေပြည်တော်-တမူးမှတစ်ဆင့် အိန္ဒိယနိုင်ငံ အင်ဖာမြို့သို့ ထွက်ခွာသွားကြောင်း သိရသည်။

မြန်မာနိုင်ငံသားများ ထိုင်းနိုင်ငံဘက်သို့ လမ်းကြောင်းကြည့် စမ်းသပ်မောင်းနှင်ခြင်း (Trial Run) အဖွဲ့သည်လည်း ယနေ့မှစတင်ပြီး မော်တော်ယာဉ် ၁၉ စီးဖြင့် နေပြည်တော်-မြဝတီမှတစ်ဆင့် ထိုင်းနိုင်ငံ ပစ္စနလော့သို့ ထွက်ခွာသွားကြောင်း သိရသည်။

အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအကြားနှင့် နိုင်ငံအချင်းချင်း ခရီးသည်နှင့် ကုန်စည်များအား မော်တော်ယာဉ်ဖြင့် သယ်ဆောင်သွားလာမှု သဘောတူစာချုပ်နှင့်သက်ဆိုင်သည့် ညှိနှိုင်းအစည်းအဝေးများကို ဧပြီ ၁၈ ရက်က အိန္ဒိယနိုင်ငံ ချင်းမိုင်မြို့၌လည်းကောင်း၊ ဇွန် ၃ ရက်က အိန္ဒိယနိုင်ငံ ဘန်ကလောမြို့၌လည်းကောင်း၊ ဇူလိုင် ၁၃ ရက်မှ ၁၄ ရက်အထိနှင့် စက်တင်ဘာ ၁၆ ရက်မှ ၁၇ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌လည်းကောင်း ကျင်းပခဲ့ပြီး မြန်မာနိုင်ငံ၌ လက်မှတ်ရေးထိုးချုပ်ဆိုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအကြားနှင့် နိုင်ငံအချင်းချင်းခရီးသည်နှင့် ကုန်စည်များအား မော်တော်ယာဉ်ဖြင့် သယ်ဆောင်သွားလာမှု သဘောတူစာချုပ်နှင့် ယင်း၏ အခြေပြစာချုပ်ငယ် (Protocol) အပေါ် အထောက်အကူဖြစ်ရန်၊ နယ်စပ်ဖြတ်ကျော်သွားလာမှုများ လွယ်ကူချောမွေ့စေရန်နှင့် အခက်အခဲပြဿနာများ ဖော်ထုတ်ရန်ရည်ရွယ်၍ စမ်းသပ်မောင်းနှင်မှု (Trial Run) နှင့် ပတ်သက်သည့်အစည်းအဝေးကို အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ နိုဝင်ဘာ ၁၂ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ရေဘေးသင့်ပြည်သူများအတွက် ကိုရီးယားနိုင်ငံက အမေရိကန်ဒေါ်လာသုံးသိန်း ကူညီထောက်ပံ့

**ရန်ကုန်  ဒီဇင်ဘာ ၁၂**

မြန်မာနိုင်ငံ၌ ယခုနှစ်လယ်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုဒဏ်များကို ကြုံတွေ့ခဲ့ရသော ပြည်သူများအား ကူညီနိုင်ရန် အမေရိကန်ဒေါ်လာ သုံးသိန်းကို မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်သို့ ကိုရီးယားပြည်သူ့သမ္မတနိုင်ငံက ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါအလှူငွေဖြင့် ဆန်မက်ထရစ်တန်ချိန် ၄၀၀ ဝယ်ယူမည်ဖြစ်ကြောင်း၊ မြေပြိုမှုဒဏ်ကို အဆိုးရွားဆုံး ခံခဲ့ရသော ချင်းပြည်နယ်အတွင်းရှိ မြို့နယ်များမှ လူပေါင်း ၁၅၀၀၀ အတွက် ရိက္ခာနှစ်လစာ လုံလုံလောက်လောက် ထောက်ပံ့ပေးနိုင်မည်ဖြစ်ကြောင်း၊ ဆန်များကို ပြည်တွင်းရှိ အသေးစား ဆန်စပါး ရောင်းဝယ်သူများထံမှ ဝယ်ယူသွားမည်ဖြစ်သောကြောင့် ဒေသတွင်း စိုက်ပျိုးရေးနှင့် စီးပွားရေးပြန်လည်အသက်ဝင်လာစေရေးအတွက်လည်း အကူအညီဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် အားကိုးယုံကြည်ရတဲ့ မိတ်ဖက်အနေနဲ့ ကိုရီးယားသမ္မတနိုင်ငံက ရေဘေးနဲ့ မြေပြိုမှုကြောင့် ထိခိုက်နစ်နာခဲ့ရတဲ့ မြန်မာပြည်သူများကို အလွန်စာနာထောက်ထားမိပါတယ်။ ဆိုးဆိုးရွားရွား ထိခိုက်ခံခဲ့ရသူများအတွက် ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်ကတစ်ဆင့် စားနပ်ရိက္ခာထောက်ပံ့ပေးနိုင်တဲ့အတွက်လည်း အလွန်ကျေနပ်မိပါတယ်"ဟု မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး H.E. Lee Baek-soon က ပြောကြားသည်။

၂၀၁၅ ခုနှစ်အတွင်း ရေဘေးနှင့် မြေပြိုမှုကြောင့် မြန်မာနိုင်ငံရှိ လူဦးရေ ၁၇ သိန်းခန့် ထိခိုက်ခံစားခဲ့ကြရသည့်အပြင် လယ်ယာမြေ ဟက်တာ ငါးသိန်းကျော်နှင့် မွေးမြူရေးတိရစ္ဆာန် နှစ်သိန်းခွဲကျော် သေကျေပျက်စီးခဲ့ကြောင်း သိရသည်။ ဩဂုတ်လအစောပိုင်းမှ စတင်ခဲ့သော အရေးပေါ်ကူညီထောက်ပံ့မှုကာလအတွင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်များမှ ရေဘေးသင့်ပြည်သူ ၄၅၅၀၀၀ ကျော်ကို စားနပ်ရိက္ခာထောက်ပံ့ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်အနေဖြင့် ယခုအချိန်တွင် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးများရှိ ရေဘေးဒဏ် ဆိုးရွားစွာခံခဲ့ရသော ဒေသများမှ လူပေါင်းတစ်သိန်းကျော်အတွက် ကနဦးပြန်လည်ထူထောင်ရေး လုပ်ငန်းများကို စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း၊ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ ရေဘေးအတွက် ပြန်လည်ထူထောင်ရေးကို လာမည့် ၂၀၁၆ ခုနှစ် ဇွန်လအထိ ဆက်လက်လုပ်ဆောင်သွားရန် မျှော်မှန်းထားကြောင်း သိရသည်။

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်သည် ကမ္ဘာတစ်ဝန်း ငတ်မွတ်ခေါင်းပါးမှုကိုတိုက်ဖျက်ရာတွင် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကြီးဆုံးအဖွဲ့အစည်းဖြစ်ပြီး နိုင်ငံပေါင်း ၈၀ မှ လူဦးရေ သန်း ၈၀ ခန့်ကို နှစ်စဉ်ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။



**သတင်း – မွန်းဦးနဒီ**
**ဓာတ်ပုံ – WFP Myanmar**

# ကက်သလစ်သာသနာအဖွဲ့က ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်ပေး

**ကလေး  ဒီဇင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးကက်သလစ်သာသနာနယ်မှ ဂိုဏ်းအုပ်ဆရာတော်ကြီး Bishop Filex Dr. Lian Khen Thang ဦးဆောင်သောအဖွဲ့သည် ဒီဇင်ဘာ ၆ ရက်က တမူးခရိုင် ခမ်းပတ်မြို့ ရှီမင်ကက်သလစ်ဘုရားရှိခိုးကျောင်း၌ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ သွားရောက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဂိုဏ်းအုပ်ဆရာတော်ကြီးနှင့်အတူ သွားနှင့် ခံတွင်းအထူးကုဆရာဝန်ကြီး ဒေါက်တာ ထွမ်ခန့်ဆွမ်၊ အရိုးအထူးကုဆရာဝန်ကြီး ဒေါက်တာလဘန်ဂွမ်ဂျက်၊ အထူးကုဆရာဝန်ကြီး (OG) ဒေါက်တာဇမ်ဂိုးညောင်၊ အဖွဲ့ခေါင်းဆောင်ဆရာဝန် Malaria, STD, HIV/AIDS ဒေါက်တာဂိုခန့်နွမ်းနှင့် ကျန်းမာရေးဝန်ထမ်းများ စုစုပေါင်း ၂၆ ဦး ပါဝင်ခဲ့ပြီး အထွေထွေလူနာ ၁၇၆ ဦး၊ ကလေးသူငယ် ၃၈ ဦး၊ အရိုးအကြောလူနာ ၂၂၃ ဦး၊ သွားနှင့်ခံတွင်းလူနာ ၅၂ ဦးနှင့် အထွေထွေခွဲစိတ်လူနာ ၄၇ ဦး စုစုပေါင်းလူနာ ၅၃၆ ဦးတို့အား အခမဲ့ဆေးဝါးကုသ ခွဲစိတ်မှုများပြုလုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ ယင်းသို့ ကွင်းဆင်းဆောင်ရွက်ရာ၌ အထူးသဖြင့် သားဖွားမီးယပ်ရောဂါသည်အများစုမှာ ကျန်းမာရေးအသိပညာ ဗဟုသုတနည်းပါးမှုနှင့် တစ်ကိုယ်ရေသန့်ရှင်းခြင်း နည်းပါးမှုကြောင့်ဖြစ်သည်ဟု သုံးသပ်ရကြောင်း အထူးကုဆရာဝန်ကြီးများ၏ ပြောပြချက်အရ သိရသည်။



ဒေသခံ သက်ကြီးရွယ်အိုတစ်ဦးက "ကျွန်တော့်အသက်ကတော့ ၇၀ လောက်ရှိပါပြီ။ ဒီတစ်ခါကြုံတွေ့ခဲ့ရတဲ့ သဘာဝဘေးအန္တရာယ်က တစ်သက်မှာ အဆိုးဝါးဆုံးနဲ့ ဘယ်တော့မှ မေ့ပျောက်လို့မရနိုင်မယ့် ဖြစ်စဉ်တစ်ခုလို့ ထင်ပါတယ်။ အဲဒီလိုပဲ သဘာဝဘေးလွန်ကာလမှာလည်း ကျွန်တော့်စိတ်ထဲမှာ အမြဲတမ်းလိုလို ခြိမ်းခြောက်မှုတစ်ခုခုရှိသလို ခံစားရပြီး ရှေးလူကြီးတွေရဲ့ အဆိုအမိန့်အရ "စိတ်ထောင်းလို့ ကိုယ်ကြေ" ဆိုတဲ့ ဆောင်ပုဒ်လိုပဲ စားမဝင် အိပ်မပျော်၊ ဟိုတွေးဒီတွေး ခံစားရပါတယ်။ ဒါပေမယ့် ကလေးသာသနာရဲ့ စီစဉ်မှုနဲ့ ကိုယ့်ဒေသမှာ လာရောက်တဲ့ ဆရာတော်ဘုရားနဲ့ ဘုန်းတော်ကြီးတွေ၊ ဆရာဝန်ကြီးများအဖွဲ့တွေကို တွေ့မြင်ရလို့ ခံစားရတဲ့ သောကဝေဒနာတွေကိုလည်း မေ့ပျောက်သလိုခံစားရပြီး ကာယသုခ၊ စိတ္တသုခရရှိပါတယ်"ဟု ပြောသည်။

ယခုနှစ် ဇူလိုင်လနောက်ဆုံးပတ်နှင့် ဩဂုတ်လအတွင်း ရေကြီးရေလျှံမှု ဖြစ်ပွားပြီးနောက် ကလေးကက်သလစ်သာသနာအနေဖြင့် ကလေးမြို့နယ်၊ တီးတိန်မြို့နယ်၊ တွန်းဇံမြို့နယ်၊ တမူးမြို့နယ်များတွင် ရေဘေးသင့်ပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိကာ ယခုတစ်ခေါက်ဆောင်ရွက်ခြင်းမှာ ငါးကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား**

# ကျောင်းကုန်းမြို့၌ ချယ်ရီမေတ္တာဖောင်ဒေးရှင်းက မျက်စိဝေဒနာရှင် ၂၀၀ ကျော် ခွဲစိတ်ကုသပေး

**ကျောင်းကုန်း  ဒီဇင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့တွင် ချယ်ရီမေတ္တာဖောင်ဒေးရှင်းက (၁၄)ကြိမ်မြောက် စက္ခုဒါနအလှူပွဲကြီးကို ဒီဇင်ဘာ ၇ ရက်မှ ဒီဇင်ဘာ ၁၁ ရက်အထိ ပြုလုပ်ခဲ့ပြီး မျက်စိဝေဒနာရှင် ၂၀၀ ကျော်ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

ကျောင်းကုန်းမြို့ အမှတ်(၂)ရပ်ကွက်ရှိ ဓမ္မနန္ဒာဘုန်းကြီးကျောင်း၌ ဒီဇင်ဘာ ၇ ရက်မှ ၁၀ ရက်အထိ လေးရက်အတွင်း မျက်စိဝေဒနာရှင် ၂၂၅၈ ဦးကို စမ်းသပ်ပေးနိုင်ခဲ့ကာ ကျန်းမာရေးဝန်ထမ်းများ၊ ဒေသခံပရဟိတလူငယ်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဓမ္မနန္ဒာကျောင်း အကျိုးတော်ဆောင်များက ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

မျက်စိဝေဒနာရှင်များအား ခွဲစိတ်ကုသပေးခြင်းကို မြို့နယ်ပြည်သူ့ဆေးရုံ၌ ဒီဇင်ဘာ ၉ ရက်မှ ၁၁ ရက်အထိ ဆောင်ရွက်ခဲ့ကာ သုံးရက်အတွင်း ခွဲစိတ်ဝေဒနာရှင် ၁၉၇ ဦး၊ သာမန် ၁၂ ဦး စုစုပေါင်း ၂၀၉ ဦးကို ခွဲစိတ်ပေးနိုင်ခဲ့ပြီး ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီအသင်းဝင်များ၊ သွေးလှူရှင်အဖွဲ့များက ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ကျေးလက်ဖွံ့ဖြိုးရေးလမ်းပေါ်မှ သံကူကွန်ကရစ်တံတားတည်ဆောက်

**ကျောက်ပန်းတောင်း  ဒီဇင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ကျားနေအိုင့်-ကံကုန်းကျေးရွာချင်းဆက် ကုန်ထုတ်လမ်းပေါ်၌ အရှည်ပေ ၂၀ ရှိ သံကူကွန်ကရစ်တံတားကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ရန်ပုံငွေဖြင့် ဒီဇင်ဘာလဆန်းပိုင်းတွင် တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ သံကူကွန်ကရစ်တံတားသည် အကျယ် ၁၂ ပေ၊ အရှည် ပေ ၂၀ နှင့် ကင်းလွတ်အမြင့် ခြောက်ပေရှိပြီး ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကျားနေအိုင့်-ကံကုန်း ကျေးရွာချင်းဆက်လမ်း အရှည်သုံးမိုင် ကျောက်ချောခင်းခြင်းလုပ်ငန်းပေါ်တွင်တည်ရှိကာ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ လုပ်ငန်းမှ ခွဲဝေရရှိငွေ ကျပ် ၄၈ သိန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ကျောက်ချောလမ်းခင်းခြင်းနှင့် ကွန်ကရစ်တံတားတည်ဆောက်ခြင်းကြောင့် ကျားနေအိုင့်/ကံကုန်းနှင့် ဆုံကုံးကျေးရွာများမှ ဒေသခံပြည်သူ ၂၀၀၀ ကျော်အတွက် လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်ပို့ဆောင်ရေးကို လွယ်ကူချောမွေ့စေမည်ဖြစ်ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

# ရှမ်းနှစ်သစ်ကူးပွဲတော် ကျင်းပ

**သီပေါ  ဒီဇင်ဘာ ၁၂**

ရှမ်းတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု အစဉ်အလာ ရှမ်းနှစ်သစ်ကူး ပွဲတော်ကို သီပေါမြို့နယ် ကုန်းသာယာကျေးရွာအုပ်စု အားကစားကွင်း၌ ဒီဇင်ဘာ ၁၁ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

နှစ်သစ်ကူးပွဲတော်တွင် ရှမ်းတိုင်းရင်းသား လူငယ်မောင်မယ်များက 'တို့ပြည်ကို တို့ချစ်တယ်'သီချင်းဖြင့် ဖွင့်လှစ်ခဲ့ပြီး ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းလူနှင့် ရပ်မိရပ်ဖများကို နှစ်သစ်ကူးမင်္ဂလာဆုတောင်းစကားများ ပြောကြားသည်။ ထို့နောက် နှစ်သစ်ကူးပြောင်းမည့် ည ၁၂ နာရီတွင် မီးပုံပွဲကျင်းပကာ ရှမ်းရိုးရာယဉ်ကျေးမှုအဖွဲ့မှ လူငယ်မောင်မယ်များက ရိုးရာအိုးစည်များဖြင့် မင်္ဂလာသီချင်းများ သီဆိုခြင်း၊ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်း၊ ကောက်သစ်ကောက်ညှင်းပေါင်းများ ဝေငှကျွေးမွေးခြင်းများဖြင့် နှစ်သစ်အခါသမယကို ကြိုဆိုခဲ့ကြသည်။

ရှမ်းနှစ်သစ်ကူး မင်္ဂလာအခမ်းအနားများကို ရှမ်းစာပေနှင့် ယဉ်ကျေးမှု ကော်မတီက ကြီးမှူး၍ နမ့်လန်၊ ဆွတ်လန်း၊ မန်ဟဲနှင့် လဲချားမြို့နယ်များ၌လည်း ကျင်းပကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**



အမြို့မြို့အနယ်နယ် ပုံနှိပ်သည့်သတင်းစာ
မြန်မာ့အလင်းတွင် ကြော်ငြာပါ



# စာရေးရာမှာ ရှောင်စရာ(၂)

မောင်ခင်မင် (ဓနုဖြူ)

“ဂဲ . . . စာရေးရာမှာ ရှောင်ရမယ့် အပြစ်တွေအကြောင်း ဆက်ပြောကြရအောင်။ အပြစ်တစ်ခုကတော့ ‘ဖြစ်ရိုးဆန့်ကျင်အပြစ်’တဲ့။ ပါဠိလိုတော့ ‘ဝိရောဓိဒေါသ’ လို့ ခေါ်တယ်”

“ဟုတ်ကဲ့ ဦးလေး”

“အင်း . . . ဒီအပြစ်က ရေးတဲ့အကြောင်းအရာနဲ့ ပိုဆိုင်တယ်။ ဖြစ်ရိုးဖြစ်စဉ်နဲ့ ဆန့်ကျင်နေတဲ့ အချက်ကို မှန်တယ်ထင်ပြီး ပြောမိရေးမိတာမျိုးပေါ့”

“ဟုတ်ကဲ့ပါ”

“အဲဒီလိုဖြစ်ရိုးဖြစ်စဉ်နဲ့ ဆန့်ကျင်ပုံကို ခြောက်မျိုးတောင် ပြထားတယ်။ နေရာဒေသရယ်၊ အချိန်အခါရယ်၊ သီဆိုတီးမှုတ်တာရယ်၊ လောကသဘောရယ်၊ အသင့်ယုတ္တိရယ်၊ ပြီးတော့ ကျမ်းဂန်ရယ်၊ အဲဒီခြောက်မျိုးပေါ့”

“ရှင်းပြပါဦး၊ ဦးလေးရယ်”

“နေရာဒေသနဲ့ ဆန့်ကျင်တယ်ဆိုတာက ‘တောင်ထိပ်မှာကြာပေါက်တယ်၊ အနောက်ဘက်က နေထွက်တယ်’ဆိုတာမျိုးပေါ့။ အချိန်ကလည်းဆန့်ကျင်တယ်ဆိုတာကတော့ ‘မိုးရာသီမှာ နှင်းတွေကျနေတယ်’ ဆိုတာမျိုးပေါ့ကွယ်”

“ပြောတဲ့အကြောင်းအရာက နေရာဒေသတို့၊ အချိန်ကာလတို့နဲ့ မကိုက်တာပေါ့နော် ဦးလေး”

“ဟုတ်တယ်။ သီဆိုတီးမှုတ်တာဆန့်ကျင်တယ်ဆိုတာက ‘မင်္ဂလာဆောင်တွင် ငိုချင်းဆိုရသည်’ ဆိုတာမျိုးပေါ့၊ မင်္ဂလာဆောင်မှာ မင်္ဂလာရှိတဲ့ သီချင်းမဆိုဘဲ ငိုချင်းဆိုရင်ဘယ်အဆင်ပြေပါ့မလဲ”

“ဟုတ်ကဲ့ပါ”

“အဲ . . . လောကသဘောနဲ့ ဆန့်ကျင်တယ်ဆိုတာက ‘မိဘတွေဟာ သားသမီးတွေကို ရိုသေရမယ်’ ဆိုတာမျိုးပေါ့။ အသင့်ယုတ္တိနဲ့ ဆန့်ကျင်တယ်ဆိုတာက ‘အဖေ့ထက် သားတစ်လကြီးတယ်’ ဆိုတာမျိုးပေါ့ကွယ်။ ကျမ်းဂန်နဲ့မညီဘူးဆိုတာက ‘ကုသိုလ်ကောင်းမှုပြုတာ အကျိုးမရှိဘူး’ ဆိုတဲ့ စကားမျိုးပေါ့။ အလင်္ကာကျမ်းထဲက သာဓကတွေကို အကျဉ်းချုပ်ပြောပြတာပါ။ အကျယ်ကိုတော့ မင်းဟာမင်း ဖတ်ကြည့်ပေတော့”

“ဟုတ်ကဲ့ပါ”

“အဲဒီလို ဖြစ်ရိုးဖြစ်စဉ်နဲ့ ဆန့်ကျင်တဲ့အကြောင်းတွေကို ပုံမှန်ပြောရင် ရေးရင်တော့ အပြစ်သင့်တာပေါ့။ ဒါပေမယ့် ဘုရားလောင်းရဲ့တန်ခိုးကြောင့် ထူးထူးခြားခြားဖြစ်ပေါ်လာတဲ့ ဖြစ်ရပ်တွေကို ဖော်ပြတာမျိုးဆိုရင်တော့ အပြစ်လွတ်တာပေါ့။ အဲဒီလိုပဲ သရော်ချင်လို့ ဟာသလုပ်ချင်လို့ ပြောတာမျိုး၊ စိတ်မနှံ့တဲ့သူက ရောက်တတ်ရာရာ ပြောတာမျိုး၊ ဒါမှမဟုတ် တင်စားပြောတာမျိုးဆိုရင်တော့ အပြစ်သင့်တယ်လို့ မသတ်မှတ်ဘူးလေ”

“ရှင်းပြပါဦးလေး”

“ဩော် . . . အေး၊ ‘ဘူးတောင်းနစ်လို့ စောင်ခြမ်းပေါ်’ ဆိုတဲ့ စကားပုံကို မင်းသိမှာပေါ့”

“သိပါတယ်။ ဘူးတောင်းဆိုတာပေါ့ပေါ့ကလေးမို့ ရေထဲချရင်မနစ်ဘူး။ စောင်ခြမ်းဆိုတဲ့ အိုးခြမ်းကွဲကတော့ လေးလို့ ရေထဲချရင် နစ်တယ်။ အဲဒီဖြစ်ရိုးဖြစ်စဉ်နဲ့ ဆန့်ကျင်ပြီး ဘူးတောင်းက ရေထဲနစ်၊ စောင်ခြမ်းက ရေမနစ်ဘဲပေါ်နေတာကိုပြောတာပါဦးလေး”

“အေး . . . အဲဒီစကားက ဖြစ်ရိုးဖြစ်စဉ်နဲ့ ဆန့်ကျင်နေပေမယ့် ‘လောကမှာ အရည်အချင်းရှိတဲ့သူတွေကွယ်ပျောက်နေပြီး အရည်အချင်းမရှိတဲ့သူတွေ ထင်ပေါ်နေတယ်’ ဆိုတဲ့ အဓိပ္ပာယ်နဲ့ ‘ဒီခေတ်ကြီးဟာ ဘူးတောင်းနစ်လို့ စောင်ခြမ်းပေါ်တဲ့ ခေတ်ကြီးပါကွာ ’လို့ တင်စားပြောဆိုတာဆိုရင်တော့ အဲဒီစကားဟာ အပြစ်မသင့်တဲ့အပြင် ထိမိတဲ့ တင်စားချက်ဖြစ်လာတယ် မဟုတ်လားကွယ်”

“ နားလည်ပါပြီ ဦးလေး”

“မင်းကသတင်းစာတွေ၊ ဂျာနယ်တွေမှာ သတင်းတွေ ဆောင်းပါးတွေ ရေးနေတဲ့သူဆိုတော့ နေရာဒေသ မှားရေးမိတာတို့၊ အချိန်ကာလ မှားရေးမိတာတို့ဟာ ဘယ်လောက်ပြဿနာကြီးနိုင်တယ်ဆိုတာ သိမှာပါ။ အဲဒီလိုမဖြစ်အောင် သေသေချာချာ လေ့လာပြီး ရေးဖို့ သိပ်အရေးကြီးတာပေါ့။ ဆိုပါတော့ . . . ချင်းပြည်နယ်မှာရှိတဲ့ မြို့တစ်မြို့ကို ကချင်ပြည်နယ်လို့ မှားရေးမိတယ်ဆိုရင် . . . ”

“နားလည်ပါပြီဦးလေး”

“အဲဒီဝိရောဓိဒေါသတွေထဲမှာ ‘ကာလဝိရောဓိ’ဆိုတဲ့ အချိန်အခါနဲ့ ဆန့်ကျင်တာကို anachronism လို့ စာပေဝေါဟာရ အဘိဓာန်တွေမှာ တွေ့ရတယ်။ သာဓကပြတာက ရှိတ်စပီးယားဟာ ပြဇာတ်တစ်ပုဒ်ထဲမှာ အဲဒီခေတ်က မပေါ်သေးတဲ့ တိုင်ကပ်နာရီပါနေတာမျိုးတဲ့။ ကာတွန်းဆရာကြီး ဦးဘဂျမ်းက မြန်မာ့ရုပ်ရှင်ပေါ်စက ရုပ်ရှင်တွေအကြောင်းရေးရာမှာ ဘုရားရှင်လက်ထက် နောက်ခံထားတဲ့ ရုပ်ရှင်ဇာတ်ကားတစ်ကားမှာ မင်းသားက ကတ္တရာလမ်းပေါ်မှာ မြင်းကို ဒုန်းစိုင်းပြေးရာမှာ သံတလိမ့်တိုးကြီးတွေနဲ့လမ်းပြင်နေတဲ့ ကုလားတွေပါပါနေ တယ်တဲ့။ ဒါပေမယ့် ရုပ်ရှင်ကြိုက်တဲ့ပရိသတ်ကတော့ ဒါဟာ ဘုရားလက်ထက်က မြူနီစီပယ်လုပ်သားတွေဖြစ်မှာပဲလို့ နားလည်လိုက်ကြပြီး သည်းခံပြီးကြည့်ကြတယ်တဲ့။ ကာလဝိရောဓိကြောင့် ဟာသဖြစ်သွားတာလေ”

“မရည်ရွယ်ဘဲ ဟာသဖြစ်သွားတာပေါ့နော်။ သဘောပေါက်လာပြီ”

“နောက်တစ်ခုက ‘စကားလိုအပြစ်’တဲ့ ။ ပြည့်ပြည့်စုံစုံပြောသင့်တာကို မပြောလို့ စကားလိုနေတဲ့အဖြစ်ပေါ့။ ပါဠိလို ‘နေယျဒေါသ’လို့ခေါ်တယ်။

“ဟုတ်ကဲ့ပါ”

“အလင်္ကာကျမ်းမှာတော့ ‘ညအခါတွင် အရပ်ဆယ်မျက်နှာလုံး ဖွေးဖွေးဖြူနေ၏’လို့ဆိုရင် ဘာကြောင့်ဖွေးဖွေးဖြူတယ်ဆိုတာမပါတဲ့အတွက် ဒီအပြစ်သင့်တယ်လို့ပြတယ်။ ‘ညအခါတွင် လရောင်ကြောင့် အရပ်ဆယ်မျက်နှာလုံး ဖွေးဖွေးဖြူနေ၏’ လို့ ဆိုရင်တော့ ‘လရောင်ကြောင့်’ ဆိုတဲ့ ‘အကြောင်း ’ ပါလာတဲ့ အပြစ်လွတ်တယ်ပေါ့ကွယ်။ စကားလိုအပြစ်မှာ အထူးပြုတဲ့ စကားလိုတာလည်း အကျုံးဝင်တယ်။ ပါဠိလို ‘ဝိသေသနာ ပေက္ခဒေါသ’ လို့ ခေါ်တယ်။ ဆရာကြီး ဦးဖိုးစိန်ကတော့ ဒီဒေါသနှစ်မျိုးလုံးကို ‘စကားလိုအပြစ်’ လို့ခေါ်တယ်”

“ဟုတ်ကဲ့ပါ။ သာဓကကလေး ပြောပြပါဦးလေး”

“ကျွန်တော်သည်သူ့ကိုမျက်စိဖြင့်ကြည့်၏ လို့ရေးရင် ‘မျက်စိဖြင့်’ ဆိုတဲ့စကားက ပိုမနေဘူးလား။ ‘မျက်စိနဲ့မကြည့်လို့ဘာနဲ့ကြည့်မှာလဲ’ လို့ မေးရမလိုဖြစ်နေတယ်လေ။ တကယ်တော့ဘယ်လိုသဘောနဲ့ကြည့်တယ်ဆိုတဲ့ အထူးပြုစကား လိုနေတာပါ။ မင်းဖတ်ဖူးသားပဲ။ အခုဆယ်တန်း မြန်မာစာမှာသင်ရတဲ့ သိယ်သူ့သမီးကျောက်စာမှာ သိယ်သူ့သမီးရဲ့ ဆုတောင်းထဲက ‘မျက်စိဖြင့်’ ဆိုတဲ့ စကားပါတဲ့ ဆုတောင်းကလေးလေ”

“ဩော်. . . ဟုတ်ကဲ့ ‘အချင်းချင်းအမျက်အဤ တစ်စေ့ မရှိ၊ ချစ်သောမျက်စိဖြင့်သာ ရှုကြရစေ၏’ ဆိုတာလား ဦးလေး”

“ဟုတ်ပ့ါ။ မိဖုရားတွေ တစ်ဦးနဲ့တစ်ဦး ‘ချစ်သောမျက်စိဖြင့်’ ရှုကြရပါစေလို့ ဆုတောင်းပေးတာလေ။ ‘ချစ်သော’ ဆိုတဲ့ အထူးပြုစကားမပါရင်တော့ ‘မျက်စိဖြင့်’ ဆိုတဲ့စကားဟာ အပိုဖြစ်နေမှာပေါ့။ စကားလို အပြစ်သင့်မှာပေါ့။ ခု ‘ချစ်သောမျက်စိဖြင့်’ လို့ သုံးလိုက်တော့ အပြစ်မသင့်တော့ဘူးလေ”

“နားလည်ပါပြီ ဦးလေး”

“အဲဒီလိုပဲ၊ နေ့တိုင်းသုံးနေတဲ့စကားတွေမှာ အဲဒါမျိုးတွေရှိပါတယ်။ ‘မျက်စိနဲ့မြင်တယ်၊ နားနဲ့ကြားတယ်၊ ပခုံးနဲ့ထမ်းတယ်’လို့ သုံးတာတွေမှာ ‘မျက်စိနဲ့’၊ ‘နားနဲ့’၊ ‘ပခုံးနဲ့’ ဆိုတဲ့ စကားတွေက ပိုသလိုဖြစ်နေတာပေါ့။ မြင်တယ်ဆိုရင် မျက်စိနဲ့ပဲမြင်မှာလေ။

ဒါပေမယ့်အထူးပြုတဲ့အနေနဲ့ပြောတဲ့အခါ ‘ ငါ့မျက်စိနဲ့တပ်အပ်မြင်တာပါ’၊ ‘ငါ့နားနဲ့ဆတ်ဆတ်ကြားတာပါ’၊ ‘ဒီမင်းသမီးကို ကျွန်တော့် ပခုံးနဲ့ထမ်းပြီး တင်ခဲ့တာပါ’ လို့သုံးတာတွေကျတော့ ပိုပြီးလေးနက်သွားတာပေါ့ကွယ်။ အပြစ်လည်းမသင့်တော့ဘူးပေါ့”

“နားလည်ပါပြီ ဦးလေး”

“ခုပြောခဲ့တာတွေကတော့ အလင်္ကာကျမ်းမှာ ပြတဲ့အပြစ်တွေပေါ့။ ဒါ့အပြင် ဆရာကြီးဦးဖိုးစိန် ထပ်ဖြည့်ထားတဲ့ အပြစ်တွေလည်းရှိသေးတယ်။ ခွဲခြားပြီး မှတ်ထားပေါ့”

“ဟုတ်ကဲ့၊ပြောပြပါဦးလေး”

“တစ်ခုက ‘စကားပိုအပြစ်’တဲ့ မလိုအပ်ဘဲစကားအပိုပါနေတဲ့အပြစ်ပေါ့။ ရှေ့မှာပြောခဲ့တဲ့ ‘မျက်စိနဲ့ကြည့်တယ်’ ဆိုတာမျိုး။ ပြီးတော့ ‘ကျွန်တော့်ထက် ငယ်သောညီလေး’ တို့၊ ‘ခြေလေးချောင်းရှိတဲ့နွား’ တို့လို စကားပိုတွေပါတာမျိုးပေါ့။ ‘ညီလေး’ ဆိုမှတော့ ကိုယ့်ထက်ငယ်တယ်ဆိုတာ အထူးပြောစရာ မလိုတော့ဘူးလေ။ နွားဆိုရင်လည်း ခြေလေးချောင်းပါတာ သိပြီးသားပဲ။ အကြောင်းမထူးဘဲ စကားပိုတွေထည့်တာမျိုးရှောင်ဖို့ပါ”

“ဟုတ်ကဲ့ပါ”

“ဆရာကြီး ဦးဖိုးစိန်က အဲ့ဒီစကားပိုအပြစ်ကို သက္ကတအလင်္ကာကျမ်းမှာ အပယောဇကဒေါသလို့ ခေါ်တယ်တဲ့။ ပါဠိအလင်္ကာကျမ်းမှာတော့ မတွေ့ရဘူးလေ”

“ဟုတ်ကဲ့ပါ”

“နောက်တစ်ခုက ‘အနက်ပိုအပြစ်’တဲ့။ ဆရာကြီးက ‘အလွန်မှန်သည်’ ဆိုတဲ့စကားမျိုးဟာ အဲ့ဒီအပြစ်သင့်တယ်လို့ပြတယ်။ မှန်တယ်ဆိုတာအပိုအလိုမရှိတဲ့အတွက် ‘အလွန်မှန်သည်’လို့ ပြောပုံမှာ အနက်ပိုနေတယ်တဲ့ ။ အဲ့ဒီလိုပဲ ‘ရောက်ရှိသည်ကို’ သုံးရာမှာ ‘ရောက်’ ဆိုရင် လိုအပ်တဲ့ အနက်ရနေပြီမို့ ‘ရှိ’ဆိုတဲ့ အနက်ကပိုနေတယ်တဲ့”

“မှတ်သားထားပါ့မယ် ဦးလေး”

“ဆရာကြီးက မြန်မာစာ မြန်မာစကားနဲ့ဆိုင်တဲ့ အပြစ်နှစ်မျိုးကို ထည့်ထားသေးတယ်။ ‘အသတ်ပင့်ရစ်အပြစ်နဲ့’ ၊ ‘သဒ္ဒါနည်းအပြစ်’လို့ ပြတယ်။

“ဟုတ်ကဲ့ ဦးလေး။ ရှင်းပြပါဦး ဦးလေးရယ် ”

“မြန်မာစာရေးရင် လုံးကြီးတင်နဲ့ ညကြီးသတ်၊ ငသတ်နဲ့ ဥငယ်သတ်၊ တသတ် နဲ့ ပသတ်၊ နသတ်နဲ့ မသတ်၊ ယပင့်နဲ့ရရစ် ဆိုတဲ့ အတွဲတွေဟာ အသံတူပေမယ့် စာလုံးပေါင်းသတ်ပုံမတူတဲ့အတွက်မှားရေးရင် အပြစ်သင့်တယ်. . . တဲ့။ အဲ့ဒီလို အသံတူပြီး အရေးမတူတာတွေ ပါဠိမှာမရှိလို့ ဒေါသတွေထဲမှာ မထည့်တာ. . တဲ့။ မြန်မာစာမှာတော့ရှိတယ်. . . တဲ့ ”

“ဟုတ်တာပေါ့နော်”

“အဲဒီလိုပဲ၊ သဒ္ဒါမှားရင်လည်း သဒ္ဒါနည်းအပြစ်သင့်တယ်လို့ ဆရာကြီးကပြထားတယ်။ သဒ္ဒါမှားတာတွေလည်းသာဓကပြထားတယ်။ ဆရာကြီးက မှတ်ချက်တစ်ခုကိုဖော်ပြမယ်။ သေသေချာချာမှတ်ထားနော်”

“ဟုတ်ကဲ့ပါ”

“မြန်မာစကားကို ပါဠိတတ်သူက ပါဠိသဒ္ဒါနည်းနဲ့ရေးသည်။ အင်္ဂလိပ်ဘာသာတတ်သူက အင်္ဂလိပ်သဒ္ဒါနည်းနဲ့ရေးသည်။သင်သည်လည်းရှိ၏။ မသင်သည်က များသောကြောင့် ယခုအခါ မြန်မာစကားအမှားအများပင်တွေ့ရသည်။ ထို့ကြောင့် သဒ္ဒါနည်းအပြစ်ကိုလည်း အရေးယူစေခြင်းမှာ ဒေါသမျိုးတွင် ပြထားသည်’ တဲ့ ”

“ကျေးဇူးပါပဲ ဦးလေးရယ် ”

**“မြန်မာစကားကို ပါဠိတတ်သူက ပါဠိသဒ္ဒါနည်းနဲ့ရေးသည်။ အင်္ဂလိပ်ဘာသာတတ်သူက အင်္ဂလိပ်သဒ္ဒါနည်းနဲ့ရေးသည်။ သင်သည်လည်း ရှိ၏။ မသင်သည်က များသောကြောင့် ယခုအခါ မြန်မာစကားအမှားအများပင်တွေ့ရသည်။**

## ဓာတ်ကြိုးများ အသစ်လဲလှယ်ဆောင်ရွက်

**စဉ့်ကူး ဒီဇင်ဘာ ၁၂**

မန္တလေးဓာတ်အားပေးကော်ပိုရေးရှင်း စဉ့်ကူးမြို့ လျှပ်စစ်ဓာတ်အားပေးခွဲရုံမှ စဉ့်ကူးမြို့အတွင်း ဓာတ်အားပျောက်ဆုံးမှု လျော့နည်းရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်း၊ သစ်သားတိုင်များအစား ကွန်ကရစ်တိုင်များလဲလှယ်စိုက်ထူခြင်း၊ အဆင့်မြင့်ဓာတ်အားကြိုးများလဲလှယ်တပ်ဆင်ခြင်းနှင့်ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စဉ့်ကူးမြို့ လျှပ်စစ်ဓာတ်အားပေးခွဲရုံ၊ မြို့နယ်လျှပ်စစ်ဓာတ်အားပေးကော်ပိုရေးရှင်းနှင့် New Ever Light ကုမ္ပဏီတို့မှ ဒီဇင်ဘာ ၁၀ ရက်က စဉ့်ကူးမြို့ ရပ်ကွက် (၁)အတွင်း ဓာတ်တိုင်များ ကြံ့ခိုင်ကောင်းမွန်ရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် သစ်သားတိုင်များအား ကွန်ကရစ်တိုင်များ အစားထိုးစိုက်ထူခြင်းနှင့်အရှည်ပေ ၅၂၈၀ ရှိအဆင့်မြင့် မီးကြိုးအသစ်များ လဲလှယ်သွယ်တန်းခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ကြသည်။

ယခင်က အဆိုပါရပ်ကွက်ရှိသစ်သားတိုင်များမှာ ဆွေးမြည့်ယိုင်လဲနေမှုများ ဖြစ်ပေါ်နေခြင်း၊ ကြိုးများမှာလည်း ဝန်နဲ့အားမမျှမှုတို့ကြောင့် ရပ်ကွက်နေပြည်သူများအနေဖြင့် လျှပ်စစ်အန္တရာယ်ဖြစ်ပေါ်လာနိုင်မှုတို့ကို စိုးရိမ်လျက်ရှိကြရာ ယခုအခါ လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာသုံးစွဲနိုင်ကြပြီး ဓာတ်အားများလည်း ပြည့်ဝစွာရရှိတော့မည်ဖြစ်ကြောင်း သိရသည်။



**ဝင်းမောင်**

## မဘိမ်းမြို့နယ်ရှိ ကျေးရွာများဆိုလာစနစ်ဖြင့် မီးလင်း

**မိုးမိတ် ဒီဇင်ဘာ ၁၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်ခရိုင် မဘိမ်းမြို့နယ်အတွင်းရှိ ကျေးရွာ ၃၁ ရွာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တပ်ဆင်ပေးသည့် ဆိုလာစနစ်ဖြင့် လျှပ်စစ်ဆိုလာမီးရရှိနေကြပြီဖြစ်ကြောင်း သိရသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျေးလက်ဦးစီးဌာနရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများအတွက် လျှပ်စစ်ဆိုလာမီးနှင့် ဆက်စပ်ပစ္စည်းများအား ကျေးရွာအရောက် သွားရောက်တပ်ဆင်ဆောင်ရွက်ပေးလျက်ရှိရာ ကျေးရွာ၃၁ ရွာတွင်လျှပ်စစ်ဆိုလာမီး ၄၈၈၃ စုံကို မဘိမ်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးဝင်းဆောင်နှင့် ဝန်ထမ်းများက ကုမ္ပဏီရှစ်ခုမှ တာဝန်ရှိသူများနှင့် ပူးပေါင်းကာစက်တင်ဘာလမှ ဒီဇင်ဘာလ ပထမပတ်အတွင်း သက်ဆိုင်ရာကျေးရွာများအရောက် အဖွဲ့များခွဲ၍ တပ်ဆင် ပေးခဲ့ပြီးဖြစ်ကြောင်းနှင့် ကျေးရွာများတွင် လျှပ်စစ်ဆိုလာမီးများရရှိနေမှု ကြောင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် ကျေးလက်နေပြည်သူများဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**ထိန်လင်းဦး(ပြန်/ဆက်)**

# နှမ်းပေါ်ချိန်ကာလ သပိတ်ကျင်းမြို့ ဧရာဝတီမြစ်ဆိပ်တွင် နှမ်းအရောင်းအဝယ်ပြုလုပ်သူများဖြင့် စည်ကားလျက်ရှိ

**သပိတ်ကျင်း ဒီဇင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ်အတွင်း နှမ်းစိုက်ခင်းများမှ နှမ်းများပေါ်ချိန်ဖြစ်ရာ ဧရာဝတီမြစ်ကမ်းတွင် အရောင်းအဝယ်ပြုလုပ်နေသော နှမ်းစိုက်တောင်သူများဖြင့် စည်ကားလျက်ရှိပြီး ဈေးကောင်းရရှိနေသဖြင့် တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

သပိတ်ကျင်းမြို့သို့ ဧရာဝတီမြစ်တစ်ဖက်ကမ်း ခင်ဦးမြို့နယ်အတွင်းရှိ ထနောင်းကိုင်းကြီး၊ ထနောင်းကိုင်းလေး၊ ရွှေမင်းဝံ၊ ငါးဒင်းကြီး၊ မောင်းဂျောက်တော၊ ရှားလွင်၊ ရွာစဉ်၊ သင်ပေါင်း၊ မလယ်၊ မယ်ဇာတော၊ ချောင်းရှည်နှင့် ချောင်းသာကျေးရွာများမှ အများဆုံးလာရောက်ရောင်းချကြကြောင်း သိရသည်။ “ဧရာဝတီမြစ်ကို စက်လှေတွေနဲ့ကူးပြီး သပိတ်ကျင်းကို လာရောင်းတာက ပွဲရုံတွေက အချိန်အတွယ်ကောင်းပြီး ဈေးကိုကြိုက်လို့ပါ။ ဒီနှစ်ဈေးကောင်းတော့ အဆင်ပြေကြပါတယ်”ဟု နှမ်းလာရောက်ရောင်းချသော တောင်သူတစ်ဦးက ပြောသည်။

သပိတ်ကျင်းမြို့မှ ခနတိုးပွဲရုံပိုင်ရှင် ဦးမင်းမင်းထွန်းက “မနှစ်ကနဲ့စာရင် ဈေးက အတက်ဘက်မှာရှိပါတယ်။ နှမ်းစတင်ဝယ်တဲ့နေ့က အောင်လံ(နှမ်းနက်) တစ်တင်းကို



ခြောက်သောင်းခုနှစ်ထောင် ရှိပါတယ်။ နောက်ရက်တွေမှာတော့ ဈေးအနည်းငယ်ကျပြီး ဒီနေ့ပေါက်ဈေးကတော့ ခြောက်သောင်းနှစ်ထောင်လောက်ရှိပါတယ်” ဟု ယခုနှစ် နှမ်းဈေးနှုန်း အခြေအနေကို ရှင်းပြသည်။

သပိတ်ကျင်းမြို့ပေါ်တွင် ပွဲရုံ သုံးရုံရှိပြီး ယခုရက်ပိုင်းအတွင်း နှမ်းတင်း ၂၀၀ မှ ၃၀၀ အတွင်း ဝယ်ယူရသဖြင့် နှမ်းတင်သူများ၊ နှမ်းချင်တွယ်ထုပ်ပိုးသူများဖြင့် စည်ကားနေပြီး ဒေသခံများအလုပ်အကိုင်ရရှိကာမြို့ပေါ်ရှိ မော်တော်ယာဉ်လိုင်းများလည်း မန္တလေးမြို့ပေါ်သို့ နေ့စဉ် နှမ်းများတင်ပို့နေရသဖြင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။ ယခုနှစ်တွင် သပိတ်ကျင်းမြို့နယ် အတွင်း ဒေသနှင့်ကိုက်ညီသည့် သက်တမ်းတိုးအောင်လံ(နှမ်းနက်)မျိုးကို ပိုမိုစိုက်ပျိုးခဲ့ကြပြီး ရှစ်မြောင့်ခေါ်နှမ်းကြီးမျိုးကိုလဲ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **စိုးနိုင်ဝင်း(သပိတ်ကျင်း)**

# မိုဘိုင်းအဖွဲ့ဖြင့် တီဘီလူနာများ ရှာဖွေဖော်ထုတ်ကုသမည်

**မြဝတီ ဒီဇင်ဘာ ၁၂**

ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်း တီဘီရောဂါရှိမရှိ တီဘီဆေးယဉ်ပါးမှု ရှိမရှိကို ဒုတိယအကြိမ်အဖြစ် ဒီဇင်ဘာ ၁၄ ရက်မှ ၁၈ ရက်အထိ ရွေ့လျားအဖွဲ့ (Mobile Team) ဖြင့် ရှာဖွေဖော်ထုတ်ကုသသွားမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁၁ ရက်က ခရိုင်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည့် တီဘီရောဂါ ကွင်းဆင်းရှာဖွေဖော်ထုတ်ကုသရေးနှင့် နယ်လှည့်ဆေးကုသခြင်းအကြောင်း အသိပေးဆွေးနွေးပွဲမှ သိရသည်။

တီဘီရောဂါ ကွင်းဆင်းရှာဖွေဖော်ထုတ်ကုသရေးနှင့် နယ်လှည့်ဆေးကုသခြင်း၊ တီဘီရောဂါရှိမရှိ စစ်ဆေးခြင်းနှင့် တီဘီဆေးယဉ်ပါးမှု ရှိမရှိ စစ်ဆေးခြင်းအကြောင်းသိကောင်းစရာ အသိပေးဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၁ ရက်က ခရိုင်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ပြီး ဆွေးနွေးပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက အမှာစကားပြောကြားကာ ပြည်နယ်တီဘီတိုက်ဖျက်ရေးဆရာဝန်ကြီး ဒေါက်တာဦးဝင်းနိုင်က တီဘီရောဂါကွင်းဆင်းရှာဖွေဖော်ထုတ်ကုသရေး နယ်လှည့်ဆေးကုသခြင်းနှင့် ပတ်သက်၍ အသိပေးဆွေးနွေးသည်။ ထို့နောက် ဘားအံခရိုင် ကျန်းမာရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာနေဝန်းလင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဒေါက်တာသိန်းမြင့်နှင့် တက်ရောက်လာသည့် ဧည့်သည်တော်များက ဖြည့်စွက်ဆွေးနွေးခဲ့သည်။ မြဝတီမြို့နယ်အတွင်း မိုဘိုင်းအဖွဲ့ဖြင့် တီဘီလူနာ ရှာဖွေဖော်ထုတ်ကုသပေးခြင်းကို ပထမအကြိမ် ဆောင်ရွက်ခဲ့ရာတွင် တီဘီသံသယရှိလူနာ ၁၆၅ ဦးတွေ့ရှိခဲ့ပြီး အမှန်တကယ်တီဘီပိုးရှိသည့်လူနာ ၁၇ ဦးတွေ့ရှိခဲ့ကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**




# စတုတ္ထအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ကျောက်မျက်ရတနာပြပွဲ မန္တလေး၌ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၁၂**

Asia Connect International Limited မှကြီးမှူး၍ အပြည်ပြည်ဆိုင်ရာ ကျောက်မျက်ရတနာပြပွဲကို မန္တလေး ချမ်းအေးသာစံမြို့နယ်ရှိ ဒိုင်းမွန်းပလာဇာ စတုတ္ထထပ်၌ ဒီဇင်ဘာ ၁၁ ရက်က စတင်ကျင်းပခဲ့ပြီး ဒီဇင်ဘာ ၁၄ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ပြသမည်ဖြစ်ကြောင်းသိရသည်။

ဖွင့်ပွဲတွင် မန္တလေးမြို့တော်ဝန်ဦးအောင်မောင်း၊ မြန်မာနိုင်ငံကျောက်မျက်ရတနာအသင်းအတွင်းရေးမှူး ဦးထွန်းလှအောင်၊ မြန်မာနိုင်ငံကျောက်မျက်ရတနာအသင်း(မန္တလေး) ဒုတိယဥက္ကဋ္ဌ ဦးတော်မီသိန်းနှင့် Aisa Connect International Limited မှ တာဝန်ရှိသူများက ပြပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ ပြပွဲသည် မန္တလေးမြို့၌ ပထမအကြိမ်ကျင်းပသော ပြပွဲဖြစ်ပြီး ဂျာမနီ၊ အိန္ဒိယ၊ အမေရိကန်၊ အီတလီ၊ ဘယ်လ်ဂျီယံ၊ ထိုင်း၊ ဟောင်ကောင်နှင့် မြန်မာနိုင်ငံတို့မှ ဒီဇိုင်းအမျိုးမျိုးဖြင့် ပြုလုပ်ထားသည့် ဆန်းသစ်လှပသော လက်ဝတ်ရတနာများနှင့် ခေတ်မီ လက်ဝတ်ရတနာဒီဇိုင်းများ ပြုလုပ်ဖန်တီးနိုင်သည့် စက်ပစ္စည်းများကို ခင်းကျင်းပြသထားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်ထူး(မန္တလေး)**

# ညောင်ဦးမြို့နယ်အတွင်းရှိ ကျွဲနွားများအား ရောဂါသုံးမျိုးကာကွယ်ဆေး ထိုးနှံပေး

**မန္တလေး ဒီဇင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ မွေးမြူထားသော ကျွဲနွားများကို ညောင်ဦးခရိုင်နှင့် မြို့နယ် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ကာကွယ်ဆေးသုံးမျိုးကို လိုက်လံထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါ်ဆောင်းနှင်းဖြူဖြူနှင့် ဒုဦးစီးမှူး ဒေါ်အိမြတ်မွန်တို့ ဦးဆောင်သည့်အဖွဲ့က ညောင်ဦးမြို့နယ်အတွင်းရှိ အင်တိုင်းကျေးရွာ၊ ရေတွင်းညောင်ပင်ကျေးရွာ စည်သာကျေးရွာ၊ မြေနဲလေးကျေးရွာ ကမ္ဘာနီကျေးရွာ၊ အထက်ညဥ့်ကျေးရွာတောင်ဘက်တန်းကျေးရွာများသို့ ဒီဇင်ဘာ ၁၁ ရက်မှ ဒီဇင်ဘာလကုန်အထိ ကွင်းဆင်းထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျွဲနွားများအား လည်ချောင်းကွဲ၊ အာခေါင်ကွဲရောဂါ ကာကွယ်ဆေးနှင့် ပေါင်ပုပ်လက်ပုပ်ရောဂါ ကာကွယ်ဆေးများကို အခမဲ့ထိုးနှံပေးပြီး ခွာနာလျှာနာရောဂါကာကွယ်ဆေးကို တစ်ကောင်လျှင် ကျပ်၂၅၀၀ဖြင့် ထိုးနှံပေးခြင်းဖြစ်ကြောင်း ရေတွင်းညောင်ပင်ကျေးရွာမှ ရွာသားတစ်ဦးက ပြောသည်။ “ကျွန်တော့်နွားတွေက ခွာနာလျှာနာဝင်ပြီးသွားပြီ။ ပျောက်တော့ မပျောက်သေးဘူး။ ခွာနာလျှာနာဝင်နေတော့ မထိုးချင်တော့ပါဘူးဗျာ။ ခွာနာလျှာနာဆေးက တစ်ကောင်ထိုးရင် ၂၅၀၀ ကျပ်ပေးရတယ်။ အဲ့ဒီတော့ အဖိုးကုန်ပါတယ်။ အချို့ဆိုရင် ကာကွယ်ဆေးထိုးပြီးသားနွားတွေလည်း ဝင်တယ်လို့ ပြောတယ်။ ကာကွယ်ဆေးထိုးတာ နောက်ကျသွားတဲ့သဘောပဲဗျ”ဟု ၎င်းက ဆက်ပြောသည်။

နွားပိုင်ရှင်များအနေဖြင့် ရောဂါပြင်းထန်သော ပေါင်ပုပ်လက်ပုပ်ရောဂါနှင့် ဒေါင့်သန်းရောဂါများကိုသာ ကြောက်ကြပြီး ခွာနာလျှာနာရောဂါမှာ နွားအသက်မသေဆုံးနိုင်သဖြင့် နွားပိုင်ရှင်များက ကြောက်စရာရောဂါဆိုးတစ်ခုအဖြစ် မသတ်မှတ်ကြကြောင်း သိရသည်။

“ကျွန်တော်တို့က ပေါင်ပုပ်လက်ပုပ်ရောဂါ ကာကွယ်ဆေးကိုပဲ ပိုပြီးသဘောကျတယ်။ ပေါင်ပုပ်လက်ပုပ်ဖြစ်ပြီဆိုရင် တန်းသေတယ်။ ခွာနာလျှာနာရောဂါက နွားမသေဘူး။ သေတဲ့ရောဂါကိုပဲ ဦးစားပေးထိုးတယ်။ ခွာနာလျှာနာကာကွယ်ဆေးက တစ်ကောင် ကျပ် ၂၅၀၀ ဆိုတော့ ထိုးရင်လည်း ကျွန်တော်တို့ အများကြီးကုန်မှာ။ ကျွန်တော့်နွားတွေက အများကြီးပဲ။ ခွာနာလျှာနာကာကွယ်ဆေးကိုလည်း အခမဲ့ထိုးပေးမယ်ဆိုရင် ပိုကောင်းတာပေါ့” ဟု ဒေသခံရွာသားတစ်ဦးက ပြောသည်။

ကာကွယ်ဆေးများ ထိုးနှံပေးရာတွင် ဒေသခံကျွဲနွားပိုင်ရှင်အများစုက ပေါင်ပုပ်လက်ပုပ်နှင့် အာခေါင်ကွဲ၊ လည်ချောင်းကွဲရောဂါကာကွယ်ဆေးများကိုသာ ထိုးနှံသူများပြားပြီး ခွာနာလျှာနာရောဂါကာကွယ်ဆေးကို ထိုးနှံသူနည်းပါးကြောင်း သိရှိရသည်။ ကျော်ဌေး(ညောင်ဦး)


## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ Shangri-La Hotel, Grand Ballroom ၌ ကျင်းပပြုလုပ်သော (၂၇)ကြိမ်မြောက် အာဆီယံနှစ်ပတ်လည် ထိပ်သီးအစည်းအဝေးပွဲ၏ ASEAN Winner for the ASEAN Business Awards (2015) အာဆီယံစီးပွားရေးထူးချွန်ဆုချီးမြှင့်ပွဲတွင် အာဆီယံအဖွဲ့ဝင်(၁၀)နိုင်ငံအနက် **“အမျိုးသမီးစီးပွားရေးထူးချွန်လုပ်ငန်းရှင် ပထမဆု”**(ASEAN Woman Entrepreneur of the Year 2015 Award) ကို မြန်မာနိုင်ငံမှ ပထမဆုံးအကြိမ်အဖြစ် **“**KBZ BANK နှင့် KBZ Group of Companies**”**၏ ဒုတိယဥက္ကဋ္ဌ သီဟသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းသန်းထွေး လူမှုထူးချွန်ပထမဆင့်မှ လက်ခံရရှိခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

**ရွှေဆံတော် စေတီတော်မြတ်ကြီး**
**တန်ဆောင်တိုင်ပွဲတော် ရွှေကူယိမ်း**
**ကြီးကြပ်ရေးကော်မတီ၊ ပြည်မြို့**

# တရားမဝင်သစ် တမလန်းခားရှေတုံးများ ယာဉ်နှင့်အတူ ဖမ်းဆီးရမိ

**စစ်ကိုင်း ဒီဇင်ဘာ ၁၂**

စစ်ကိုင်းမြို့နယ်အတွင်း စစ်ကိုင်း-ရွှေဘိုကားလမ်း ဆားတောင်ကျေးရွာအနီး၌ ဒီဇင်ဘာ ၁၀ ရက်ညက တရားမဝင်သစ်တမလန်းခားရှေတုံးများ သယ်ဆောင်မောင်းနှင်လာသည့် 5F/ ---- ဒိုင်နာယာဉ်တစ်စီး ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးခင်မောင်ထွေး၊ တောအုပ်ကြီး ဦးအောင်စိုးမြင့်၊ သစ်တောဝန်ထမ်းများနှင့် ခရိုင်မှုခင်းနှိမ်နင်းရေးမှ တပ်ကြပ်ကြီး တင်အေးကိုတို့ ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၀ ရက်ညက တရားမဝင်သစ်ရှာဖွေဖမ်းဆီးခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ် ည ၁၁ နာရီ ၁၅ မိနစ်က စစ်ကိုင်း-ရွှေဘိုကားလမ်း ဆားတောင်ကျေးရွာအနီး ကျွန်းလှမြို့နယ်ဘက်မှ မန္တလေးသို့သွားမည့် ယာဉ်မောင်း ဦးသန့်ဇင်ထွန်း ကျွန်းလှမြို့နယ် တင်းတိမ်ရုံကျေးရွာနှင့် ယာဉ်ပေါ်ပါ ဦးမြင့်မောင် မြနှင်းသာကျေးရွာ ကျွန်းလှမြို့နယ်နေသူတို့မောင်းနှင်လာသော 5F/---- ဒိုင်နာယာဉ်အားရပ်တန့်စစ်ဆေးရာ တရားမဝင် သစ်တမလန်းခားရှေတုံးများ သယ်ဆောင်မောင်းနှင်လာသည်ကိုတွေ့ရသဖြင့် မြို့နယ်သစ်တောရုံးသို့ မောင်းနှင်ပြီးစစ်ဆေးရာ တရားမဝင် သစ်တမလန်းခားရှေ ၂၂ တုံးအား ဖမ်းဆီးရမိခဲ့သည်။



ဖြစ်စဉ်နှင့်ပတ်သက်၍ မြို့နယ်သစ်တောဦးစီးဌာနက ဖမ်းဆီးရမိသော တရားမဝင်သစ်တမလန်းခားရှေတုံးများအား ပိုးတန်းမြို့နယ် သစ်တောရုံးတွင် သိမ်းဆည်းထားပြီး ယာဉ်အား ဆားတောင်ရဲစခန်းသို့လွှဲပြောင်းပေးအပ်၍ သယ်ဆောင်မောင်းနှင်လာသူ ယာဉ်မောင်း သန့်ဇင်ထွန်းနှင့် ယာဉ်ပေါ်ပါ ဦးမြင့်မောင်အား ဆားတောင်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မျိုးဝင်း (စစ်ကိုင်း)**

# နှစ်ပေါင်း ၁၀၀ ကျော်သက်တမ်းရှိ ကြေးဆင်းတုတော်နှစ်ဆူ အခိုးခံရ

**တောင်တွင်းကြီး ဒီဇင်ဘာ ၁၂**

တောင်တွင်းကြီးမြို့နယ် ကံလှကန်ကျေးရွာ ရွာဦးဘုန်းကြီးကျောင်းရှိ သိမ်ကျောင်း၌ကိုးကွယ်ထားရှိသော နှစ်ပေါင်း ၁၀၀ ကျော်ကိုးကွယ်ခဲ့သည့် ကြေးဆင်းတုတော်နှစ်ဆူအခိုးခံရမှု ဒီဇင်ဘာ ၁၁ ရက်က ဖြစ်ပွားခဲ့ကြောင်း တောင်တွင်းကြီး မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ တောင်တွင်းကြီးမြို့နယ် ကံလှကန်ကျေးရွာနေ ဦးမြင့်လှိုင် (၅၇ နှစ်) သည် ဂေါပကအဖွဲ့ဝင် ဦးဆန်းကြိုင်က ကျောင်းဝင်းအတွင်းရှိသိမ်၌ အမြဲခတ်ထားလေ့ရှိသောသော့မှာ မတွေ့ရှိတော့ကြောင်းပြောပြသဖြင့် အတူသွားကြည့်ရာ သိမ်ကိုခတ်ထားသည့်သော့အုံမှာ မရှိတော့ဘဲ ပျောက်ဆုံးနေပြီး သိမ်ထဲ၌ကိုးကွယ်ထားသော ဘုရားသုံးဆူရှိသည့်အနက် ကြေးဆင်းတုတော်ဘုရားကြီးသာ ကျန်ရှိခဲ့သည်။ ဘေးနှစ်ဖက်တွင် ကျောင်းဆောင်ဖြင့် ကိုးကွယ်ထားသော ညာဏ်တော်အမြင့် နှစ်ပေခန့်ရှိ ကြေးဆင်းတုတော်တစ်ဆူနှင့် ညာဏ်တော်အမြင့်နှစ်ပေခန့်ရှိ ကြေးဆင်းတုတော်တစ်ဆူတို့ ပျောက်ဆုံးနေသည်ကိုတွေ့ရှိရသည်။ အဆိုပါဆင်းတုတော်များမှာ နှစ်ပေါင်း ၁၀၀ ကျော်ခန့်က ကိုးကွယ်ခဲ့သော ဘုရားများဖြစ်သည်။ ဖြစ်စဉ်နှင့်ပတ်သက်ပြီး ခိုးယူသွားသူကို ဖော်ထုတ် အရေးယူပေးရန် တောင်တွင်းကြီး မြို့နယ် ဆတ်သွားနယ်မြေရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# ရေနံချောင်း၌ နေအိမ်ပေါ်တက်ပြီး ရွှေဆွဲကြိုးဖြတ်ယူမှုဖြစ်ပွား

**ရေနံချောင်း ဒီဇင်ဘာ ၁၂**

ရေနံချောင်းမြို့နယ် ချိုင်းကျေးရွာတွင် မိသားစုနှင့်အတူ နေအိမ်အပေါ်ထပ်၌အိပ်ပျော်နေသော အမျိုးသမီးတစ်ဦးထံမှ ရွှေဆွဲကြိုးဖြတ်ယူထွက်ပြေးမှု ဒီဇင်ဘာ ၁၁ ရက် ညပိုင်းကဖြစ်ပွားခဲ့ကြောင်း ရေနံချောင်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ ရေနံချောင်းမြို့နယ် ချိုင်းကျေးရွာနေ မငြိမ်းငြိမ်း (၂၆ နှစ်) သည် နေအိမ်အပေါ်ထပ်အိပ်ခန်းအတွင်း အစ်မဖြစ်သူ မခင်ဝင်းမြင့်နှင့် အတူအိပ်နေပြီး အိမ်အောက်ထပ်၌ မိခင်ဖြစ်သူ ဒေါ်ကြည်စိန်၊ အစ်မဖြစ်သူ ဒေါ်ဌေးဌေးဝင်း၊ အစ်ကိုဖြစ်သူ ကိုဝကြီးတို့အိပ်ပျော်နေစဉ် ည ၁၁ နာရီက မငြိမ်းငြိမ်း၏လည်ပင်းတွင် ဆွဲထားသော MC တစ်ကျပ်သား ရွှေဆွဲကြိုးကို လူတစ်ဦးက ဆွဲဖြတ်နေသဖြင့် အိပ်ရာမှလန့်နိုးပြီး ကြည့်လိုက်ရာ နေအိမ်အပေါ်မှ လူတစ်ဦး ဆင်းပြေးသွားကြောင်း၊ မိသားစုကို နှိုး၍ လိုက်ကြည့်ခဲ့ရာ နေအိမ်လှေကားရင်းတွင် ၎င်း၏မြင်းကြယ်ညှပ်ဖိနပ်စိမ်းပြာတစ်ရန်၊ နေအိမ်အနောက်တောင်ဘက် ခြံထောင့်၌ အရိုးအသွား ၁၆ လက်မခန့်ရှိသော ဓားဦးချွန်တစ်ချောင်း၊ ခြံဝင်းအပြင် တောင်ဘက်လမ်းမတွင် ဓာတ်မီးတစ်လက်တို့ ကျန်ခဲ့သည်ကိုတွေ့ရှိရကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရေနံချောင်းမြို့နယ် ညောင်လှနယ်မြေရဲစခန်းတွင် အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# အမှတ်(၃၂၁)အဆန် ကုန်တင်ရထား တွဲချော်

**ဝန်းသို ဒီဇင်ဘာ ၁၂**

ဝန်းသိုမြို့နယ် နမ်းခမ်းဘူတာမှ ဘုံချောင်းသို့ထွက်ခွာလာသော စက်ခေါင်း အမှတ် DD-953 စက်ခေါင်းမောင်း ဦးကျော်မြင့်၊ ရထားထိန်း ဦးအုန်းလွင်တို့ မောင်းနှင်လာသည့် အမှတ် (၃၂၁) အဆန်ကုန်တင်ရထားသည် ဒီဇင်ဘာ ၁၁ ရက် ည ၁၁ နာရီ ၂၂ မိနစ်က နမ်းခမ်းနှင့် ဘုံချောင်းအကြား မိုင်တိုင်အမှတ်(၅၆၁/၁၈) နှင့် (၅၆၁/၂၀)ကြား စက်ခေါင်း၏နောက်တွဲအမှတ် LHN-7013 တွဲ၏ ဘီးအမှတ်(၂) မှာ သံလမ်းအတွင်း၊ ဘီးအမှတ် (၃) မှာ သံလမ်းအပြင်ဘက်သို့ကပ်ကျကာ တွဲချော်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရထားတွဲချော်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်းနှင့် ရထားတွဲချော်သည့်နေရာသို့ နမ်းခမ်းတွဲပြင်ဌာနမှ ဦးဇာနည်ဦးအဖွဲ့နှင့် အင်ဂျင်နီယာသံလမ်းမှ လမ်းဗိုလ်လေးဦးကျော်မျိုးထွန်းနှင့်အဖွဲ့တို့ သွားရောက်ပြုပြင်လျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# လက်ပစ်ဗုံးတစ်လုံးနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

**မော်လမြိုင် ဒီဇင်ဘာ ၁၂**



ဒီဇင်ဘာ ၂ ရက်မှ ၁၀ ရက်အထိ မွန်ပြည်နယ် မူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့မှ မူးယစ်တပ်ဖွဲ့စု (၃၈) ဒုတိယရဲမှူး နိုင်ထန်းမနား၊ ရဲအုပ်သန်းတင်နှင့် တပ်ဖွဲ့ဝင်များသည် မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက် ဖက်ခင်းလမ်း ရွှေဇီးကွက်စားသောက်ဆိုင်အနီး စောင့်ဆိုင်း၍ ဝင်/ထွက် မော်တော်ယာဉ်များ စစ်ဆေးစဉ် ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၄) ရပ်ကွက် အောင်ဒီပါလမ်းနေ မျိုးမင်း(ခ) မင်းမင်း(၃၉ နှစ်) မောင်းနှင်လာသည့် 4G/----- NISSAN အမျိုးအစားယာဉ်ကို စစ်ဆေးရာ မျိုးမင်း(ခ)စိတ်ကြွရူးသွပ်ဆေးပြားများနှင့် လက်ပစ်ဗုံး တစ်လုံး၊ ကားတစ်စီးတို့ကို ဖမ်းဆီးရမိခဲ့ပြီး ယာဉ်မောင်း မျိုးမင်း(ခ) မင်းမင်းကို မုပွန် နယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရ သည်။

**ကျော်သန်း(မော်လမြိုင်)**

## မုံရွာစီးပွားရေးတက္ကသိုလ်
## (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ မုံရွာစီးပွားရေးတက္ကသိုလ် ၂၀၁၄- ၂၀၁၅ ပညာသင်နှစ် (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လျှောက်လွှာပုံစံများကို မုံရွာစီးပွားရေးတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် ရယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန်(သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန်အတွက် တစ်လအတွင်းမြန်မာဝတ်စုံဖြင့် ရိုက်ကူးထားသော ၂လက်မ× ၁လက်မခွဲအရွယ် ဓာတ်ပုံ ၃ ပုံကို ပူးတွဲလျက် ၁၆-၁၂-၂၀၁၅ ရက်မှစ၍ ၈-၁-၂၀၁၆ ရက်အထိ လျှောက်ထားနိုင်ကြပါသည်။

| စဉ် | အစမ်းလေ့ကျင့်မည့်ရက် | ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက် | အပ်နှင်းမည့်ဘွဲ့အမျိုးအစားနှင့် ခုံအမှတ် |
|---|---|---|---|
| ၁။ | ၁၄-၁-၂၀၁၆ ကြာသပတေးနေ့ နံနက်ပိုင်း ၉း၀၀နာရီ | ၁၆-၁-၂၀၁၆ ရက် စနေနေ့ ပထမပိုင်း ၁၀း၀၀နာရီ | - မဟာစီးပွားရေးပညာဘွဲ့(ဘောဂဗေဒ)<br>- မဟာစာရင်းကိုင်ပညာဘွဲ့<br>- မဟာဝါဏိဇ္ဇဗေဒဘွဲ့<br>- ဝါဏိဇ္ဇဗေဒဘွဲ့ (စဇ-၁ မှ စဇ-၃၀ထိ)<br>- စာရင်းကိုင်ပညာဘွဲ့(စစက-၁ မှ စစက-၂၀ ထိ)<br>- စီးပွားရေးစီမံခန့်ခွဲမှုပညာဘွဲ့(စစမ-၁ မှ စစမ-၃၇ ထိ)<br>- စာရင်းအင်းပညာဘွဲ့(စစ-၁ မှ စစ-၄၀ ထိ)<br>- ဘောဂဗေဒဘွဲ့(စဘ-၁ မှ စဘ-၄၅ ထိ) |
| ၂။ | | ၁၆-၁-၂၀၁၆ ရက် စနေနေ့ ဒုတိယပိုင်း ၁၄း၀၀နာရီ | - ဝါဏိဇ္ဇဗေဒဘွဲ့(စဇ-၃၁မှ စဇ-၆၀ထိ)<br>- စာရင်းကိုင်ပညာဘွဲ့ (စစက-၂၁ မှ စစက-၄၀ထိ)<br>- စီးပွားရေးစီမံခန့်ခွဲမှုပညာဘွဲ့(စစမ-၃၈ မှ စစမ-၉၁ထိ)<br>- စာရင်းအင်းပညာဘွဲ့(စစ-၄၁ မှ စစ-၈၅ ထိ)<br>- ဘောဂဗေဒဘွဲ့(စဘ-၄၆ မှ စဘ-၉၅ ထိ) |
| ၃။ | ၁၄-၁-၂၀၁၆ ကြာသပတေးနေ့ မွန်းလွဲပိုင်း ၁၄း၀၀နာရီ | ၁၇-၁-၂၀၁၆ တနင်္ဂနွေနေ့ တတိယပိုင်း နံနက် ၁၀း၀၀နာရီ | - စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုမဟာဘွဲ့ (MBA)<br>- ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့ (MPA)<br>- ဝါဏိဇ္ဇဗေဒဘွဲ့ (စဇ-၆၁ မှ စဇ-၈၁ထိ)<br>- စာရင်းကိုင်ပညာဘွဲ့(စစက-၄၁ မှ စစက-၆၀ထိ)<br>- စီးပွားရေးစီမံခန့်ခွဲမှုပညာဘွဲ့(စစမ-၉၂ မှ စစမ-၁၁၁ ထိ)<br>- စာရင်းအင်းပညာဘွဲ့(တစ-၈၆ မှ တစ-၁၀၇ထိ)<br>- ဘောဂဗေဒဘွဲ့ (စဘ-၉၆ မှ စဘ-၁၁၇ ထိ)<br>- နောက်ဆက်တွဲအောင်မြင်သူများ။ |
| ၄။ | ၁၄-၁-၂၀၁၆ ကြာသပတေးနေ့ မွန်းလွဲပိုင်း ၁၄း၀၀နာရီ | ၁၇-၁-၂၀၁၆ တနင်္ဂနွေနေ့ စတုတ္ထပိုင်း ၁၄း၀၀နာရီ | - ဝါဏိဇ္ဇဗေဒဘွဲ့(စဇ-၈၂ မှအဆုံးထိ)<br>- စာရင်းကိုင်ပညာဘွဲ့(စစက-၆၁မှ အဆုံးထိ)<br>- စီးပွားရေးစီမံခန့်ခွဲမှုပညာဘွဲ့(စစမ-၁၁၂ မှအဆုံးထိ)<br>- စာရင်းအင်းပညာဘွဲ့(စစ-၁၀၈ မှ အဆုံးထိ)<br>- ဘောဂဗေဒဘွဲ့(စဘ-၁၁၈ မှ အဆုံးထိ)နှင့်<br>- Dip. DS 9th Batch၂၀ ဦး |

၂။ ဘွဲ့နှင်းကြေးတက်ရောက်ဘွဲ့အတွက် ကျပ် ၁၅၀၀၀/-နှင့် အဝေးရောက်ဘွဲ့ကြေးအတွက် ကျပ် ၁၀၀၀၀/-ကို ပေးသွင်းရမည်။
၃။ ဘွဲ့လျှောက်လွှာများကို ကာယကံရှင်ကိုယ်တိုင်ဖြည့်စွက်၍ ဖြည့်စွက်ထားသည့် အချက်အလက်များမှန်ကန်ကြောင်း ခံဝန်ချက်နှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်နှင့် ကျောင်းသားမှတ်ပုံတင်ကတ်မူရင်း၊ မိတ္တူများနှင့် ပူးတွဲတင်ပြရမည်။
၄။ အစမ်းလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသား) နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရပါမည်။
၅။ ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာကို ၁၃-၁-၂၀၁၆ ရက်မှစတင်၍ မုံရွာစီးပွားရေးတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် ထုတ်ပေးပါမည်။ ဘွဲ့ဝတ်စုံငှားရမ်းရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးခဲ့ရမည်။
၆။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့တက်ရောက်မယူသောသူများ၏ ဘွဲ့လက်မှတ်များနှင့် အဝေးရောက်ဘွဲ့လက်မှတ်များကို (၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်မကျင်းပမီ တစ်လအလိုမှ ထုတ်ပေးမည်ဖြစ်ပါသည်။
၇။ အသေးစိတ်သိရှိလိုသော အချက်အလက်များရှိပါက မုံရွာစီးပွားရေးတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် စုံစမ်းနိုင်ပါသည်။
အခြားပညာသင်နှစ်များမှ ဘွဲ့စာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့လျှောက်ထားနိုင်ပါသည်။

**မှတ်ချက်။** ။အခြားပညာသင်နှစ်များမှ ဘွဲ့စာမေးပွဲ အောင်မြင်သူများသည် အဝေးရောက်ဘွဲ့ လျှောက်ထားနိုင်ပါသည်။

**စုစုထွန်း**
**ဌာနမှူး၊ သင်တန်းရေးရာ**
**မုံရွာစီးပွားရေးတက္ကသိုလ်**


**မိဘအမည်မှန်**
ပြည်မြို့၊ အထက(၅)၊ တက္ကသိုလ်ဝင်တန်း(E)မှ မချိုနှင်းဝေနှင့် အမက(မူယာပင်)၊ ဆဋ္ဌမတန်း(A)မှ မစုပြည့်အောင်တို့၏ မိဘအမည်မှန်မှာ ဦးအေးနိုင် KTG-၁၄၄၉၂၅- ဒေါ်သင်းသင်းအေး ၇/ပမန(နိုင်)၁၂၀၃၀၅ ဖြစ်ပါကြောင်း။
**ဦးအေးနိုင်-ဒေါ်သင်းသင်းအေး**

**မြေကွက်ဝယ်လိုသည်**
ပဲခူးမြစ်ကြောင်း တစ်လျှောက် ကုလားဝဲတံတားမှ ဒဂုံဆိပ်ကမ်း သဘော်ကျင်းထိ မြစ်ကမ်းဘေး မြေကွက်များ ဝယ်ယူလိုသည်။ ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။
ပွဲစားမလို
**ဆက်သွယ်ရန်ဖုန်း-၀၉-၈၅၉၁၈၈၃**

**တရားတော်သင်တန်းဓမ္မဒါနဖွင့်မည်**
လယ်တီအဘိဓမ္မာ(ပရမတ္ထသံခိပ်)နှင့် မေတ္တာသုတ်ကျင့်စဉ်သင်တန်းကို အပတ်စဉ်စနေ၊ တနင်္ဂနွေနေ့တိုင်း ဓမ္မဒါန သင်ကြားပို့ချမည်ဖြစ်ပါ၍ မည်သူမဆို တက်ရောက်သင်ကြားနိုင်ကြောင်း သတင်းကောင်းပါးဖိတ်ကြားအပ်ပါသည်။
**သင်ကြားမည့်ဆရာတော်** အရှင်ကဝိန္ဒာဘိဝံသ(သိရီပဝရ၊ ဓမ္မာစရိယ၊ ပါဠိပါရဂူ၊ တိပိဋကဒီဃဘာဏက)
**အချိန်** နံနက် ၈း၀၀နာရီမှ နံနက် ၁၁း၀၀နာရီထိ။
**နေရာ** ပစ်တိုင်းထောင်မိသားစုဓမ္မာရုံ၊ ပေါက်တောဝမီးပွိုင့်အနီး၊ အင်းစိန်။
**ဆက်သွယ်ရန်ဖုန်း ဖုန်း-၀၉-၄၅၀၀၅၈၅၀၂၊ ၀၉-၇၉၆၃၃၈၄၃၈**

**ဖခင်အမည်မှန်**
ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(B)မှ မောင်ကျော်ဇင်မင်းခန့်၏ ဖခင်အမည်မှန်မှာ ဦးသိန်းလှိုင် ၇/ဒဥန(နိုင်) ၀၆၆၅၁၀ ဖြစ်ပါကြောင်း။
**ဦးသိန်းလှိုင်**

## ပိုလီယိုရောဂါကာကွယ်ဆေး (ထိုးဆေး)အသစ် အသိပညာပေး

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ရန်ကုန်မြို့ ဗဟန်းမြို့နယ်အတွင်းရှိ အသက်တစ်နှစ်အောက်ကလေးများ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်း ပိုလီယိုရောဂါ ကာကွယ်ဆေး(ထိုးဆေး)အသစ် စတင်ထည့်သွင်းထိုးနှံခြင်းလုပ်ငန်း မြို့နယ်အဆင့် အသိပညာပေး ဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၀ ရက်က ဗဟန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဗဟန်းမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဒေါ်နီနီသော်က ပိုလီယိုရောဂါ ကာကွယ်ဆေး(ထိုးဆေး)အသစ်နှင့်ပတ်သက်၍ အသိပညာပေးရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသော ဧည့်သည်တော်များက သိလိုသည်များ ပြန်လည်ဆွေးနွေး မေးမြန်းခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ၂၀၁၅ ခုနှစ် ဒီဇင်ဘာအားကစားလှုပ်ရှားမှု မြန်မာ့ရိုးရာလွန်ဆွဲအားကစားပြိုင်

**မန္တလေး ဒီဇင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ဒီဇင်ဘာ အားကစားလှုပ်ရှားမှု မြန်မာ့ရိုးရာလွန်ဆွဲအားကစားပြိုင်ပွဲကို ယနေ့ နံနက် ၇ နာရီက မန္တလေးပညာရေးကောလိပ်အားကစားကွင်း၌ ကျင်းပရာ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်း (၁၉/၁၄) ဒုတိယနှစ်နှင့် (၂၀/၁၅) ပထမနှစ် သင်တန်းသားများမှ အသင်းပေါင်း ၁၄ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ မြန်မာ့ရိုးရာလွန်ဆွဲ အားကစားပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပထမဆုကို (၂၀/၁၅) ပထမနှစ် ဝိဇ္ဇာတန်းခွဲ(၂) အသင်း၊ ဒုတိယဆုကို (၁၉/၁၄) ဒုတိယနှစ် သိပ္ပံတန်းခွဲ(၃)အသင်းနှင့် တတိယဆုကို (၂၀/၁၅) ပထမနှစ် ဝိဇ္ဇာတန်းခွဲ(၂)အသင်းတို့က ရရှိကြရာ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး၊ ပညာရေးကောလိပ်ကျောင်းအုပ်ကြီးနှင့်တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



## ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် ပြိုင်ပွဲဝင် စာမူနှင့် ဓာတ်ပုံပေးပို့ရန်နှိုးဆော်

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုများကို နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများက အပတ်စဉ် စနေနေ့တိုင်း တက်တက်ကြွကြွဆင်နွှဲနေကြပြီဖြစ်သည်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ်အဖြစ် အားကစားဝန်ကြီးဌာနက ဓာတ်ပုံ၊ ဆောင်းပါးနှင့် ဝတ္ထုတိုပြိုင်ပွဲကျင်းပမည် ဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲတွင် ကွန်ပျူတာစာလုံး Font Size (14) အရွယ်အစားဖြင့် A4 စာမျက်နှာ ခုနစ်မျက်နှာထက်မနည်း ရှစ်မျက်နှာထက်မများ၊ ဝတ္ထုတိုပြိုင်ပွဲအတွက် ကွန်ပျူတာစာလုံး Font Size (14)အရွယ်အစားဖြင့် A4 စာမျက်နှာ ၁၀ မျက်နှာထက်မနည်း ၁၁ မျက်နှာထက်မများ မိမိကြိုက်နှစ်သက်ရာ ခေါင်းစဉ်ဖြင့် ရေးသားယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင်ဓာတ်ပုံများကို (၁၀×၁၂) လက်မအရွယ် အရေအတွက် အကန့်အသတ်မရှိ တင်သွင်းယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်ဝတ္ထုတို၊ ဆောင်းပါး စာမူနှင့် ဓာတ်ပုံများကို ညွှန်ကြားရေးမှူး၊ လူထုအားကစားနှင့် ပညာပေးရေးဌာနခွဲ အားကစားဝန်ကြီးဌာန နေပြည်တော် ရုံးအမှတ် (၃၁)သို့ လိပ်မူကာ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက် နောက်ဆုံးထားပေးပို့ကြရန် အားကစားဝန်ကြီးဌာနက နှိုးဆော်ထားကြောင်း သိရသည်။

**ကိုချစ်**

## ပရီမီယာလိဂ် ပွဲစဉ်(၁၆) နော့ဝှစ်ချ်နှင့် အဲဗာတန်တို့ သရေဖြစ်

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၁၆) ဒီဇင်ဘာ ၁၂ ရက် အစောဆုံးပွဲစဉ်ဖြစ်သည့် နော့ဝှစ်ချ်နှင့် အဲဗာတန်တို့ပွဲတွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေဖြစ်ခဲ့သည်။

အိမ်ကွင်း၌ အသင်းကြီးများကိုပင် ခံကန်အားကောင်းသည့် နော့ဝှစ်ချ်သည် ယခုပွဲတွင်လည်း အဲဗာတန်ကို အပြန်အလှန်တုံ့ပြန်ကစားခဲ့သည်။ အဲဗာတန်အတွက် ဂိုးကို တိုက်စစ်မှူး လူကာကူက ပွဲချိန် ၁၅ မိနစ်တွင် သွင်းယူပေးခဲ့သည်။ နော့ဝှစ်ချ်အတွက် ဂိုးကို ဒုတိယပိုင်း ပွဲအစ ၄၇ မိနစ်တွင် ဟူးလဟန်က သွင်းယူပေးခဲ့သည်။ ပွဲပြီးဆုံးသည်အထိ နှစ်သင်းစလုံး ထပ်မံဂိုးမသွင်းနိုင်ဘဲ တစ်ဖက်တစ်ဂိုးစီ သရေဖြစ်ခဲ့သည်။ ယခုပွဲအပြီး အဲဗာတန်က ၂၃ မှတ်၊ နော့ဝှစ်ချ်က ၁၄ မှတ်ရရှိထားသည်။ **သီဟ**

## ထိုင်းဘုရင်မင်းမြတ်မွေးနေ့အထိမ်းအမှတ် စက်ဘီးစီးပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၂**

မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးက ကြီးမှူးကျင်းပသော ထိုင်းဘုရင်မင်းမြတ်၏ (၈၈)နှစ်မြောက် မွေးနေ့အထိမ်းအမှတ် "Bike for Dad" စက်ဘီးစီးပွဲကို ဒီဇင်ဘာ ၁၁ ရက် မွန်းလွဲ ၂ နာရီခွဲက ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ကျင်းပရာ ရှေ့ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက မြန်မာနိုင်ငံရောက် ထိုင်းနိုင်ငံသား စက်ဘီးစီးသမားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကာ စက်ဘီးစီးသမားများ စတင်တာထွက်သည်ကို ကြည့်ရှုအားပေးသည်။

အဆိုပါ စက်ဘီးစီးပွဲကို စုရပ်မှ ပြည်သူ့ရင်ပြင်အတိုင်း ရေပန်းအဝိုင်းကိုဖြတ်၍ မြန်မာယဉ်ကျေးမှုစင်တာ၊ ယင်းမှတစ်ဆင့် ရင်ပြင်အတွင်း လမ်းအတိုင်း၊ ယင်းမှ ပြည်လမ်းနှင့်အပြိုင် ဝါးရှေ့ဝါလမ်း၊ ယင်းမှ Yangon Gallery လမ်းကြောင်းအတိုင်း ကြိုးတံတားအနီး စုရပ်သို့ စီးနင်းကြသည်။

ယင်းစက်ဘီးစီးပွဲကို မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ မိသားစုဝင်များ၊ မြန်မာနိုင်ငံရောက် ထိုင်းနိုင်ငံဖွား စီးပွားရေးလုပ်ငန်းရှင်များ၊ ဝန်ထမ်းများအပါအဝင် စက်ဘီးစီးနင်းသူ ၂၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြောင်း၊ ယင်းစက်ဘီးစီးပွဲကို နိုင်ငံပေါင်း ၈၀ တွင် တစ်ပြိုင်နက်တည်း ကျင်းပကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


### (၃၉)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်ဆုတောင်း

ချစ်လှစွာသောဖေဖေ ဗိုလ်မှူးကြီးအောင်ငြိမ်း(ငြိမ်း)နှင့် မေမေ ဒေါ်စန်းစန်းလွင်တို့၏ ၁၂-၁၂-၂၀၁၅ရက်တွင် ကျရောက်သော (၃၉)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် သက်ဆုံးတိုင် နိုင်ငံအကျိုး၊ ဘာသာ၊ သာသနာအကျိုးများကို မိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ ထမ်းဆောင်နိုင်ပါစေ။

**သားကြီး ဗိုလ်ကြီးဖြိုးဇော်ငြိမ်း(ငြိမ်း)-မမွှေးမွှေး**
**သားငယ် ကိုရဲသွေးနောင်-မနန်းဇင်မာဝင်း**
**သားလေး ကိုဝေမျိုးကျော်နှင့် မြေးများ**

**အမည်ပြောင်း**

ဦးစိုးမြင့်သိန်း၏သား အထက(မလွန်)၊ အဋ္ဌမတန်း(A) မှ မောင်သူရစိုးဟန်အား မောင်ဝသုန်စိုးဖေဟု ပြောင်းလဲခေါ်ပါရန်။

**POST** ရာထူးဝင်ခွင့်သင်တန်း ၀၉၄၂၀၁၂၉၃၃၃
၁၆၅၊ ဆိပ်ကမ်းသာလမ်းလယ်(ပထပ်)ကျောက်တံတားမြို့နယ်။ ပန်းဆိုးတန်းမှတ်တိုင်ဆင်း
စနေ-တနင်္ဂနွေ (၉း၀၀-၁၂း၀၀)
တနင်္ဂနွေ တစ်ရက်တက် (၁၀း၀၀-၂း၀၀)
ညနေတန်းခွဲ (၅း၃၀-၇း၀၀)
ဘာသာစုံ (၄၀၀၀၀)
**L.O.(4)**
**ဥပဒေအရာရှိ အဆင့်(၄)ရေးဖြေ-နှုတ်ဖြေ သင်တန်း**

**7Stars(ရာထူးဝင်သင်တန်းကြီး)**
☆ ရွှေးကောက်ပွဲကော်မရှင် (အနီးကပ်)
☆ ကျူတာ ဝင်ခွင့် (တန်းခွဲများအားလုံး ရပြီ)
လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းသွင်းနိုင်ပါပြီ ။
တိုက်(18 / 3B) ၊ သပြေညီုကွန်ဒို(၁)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ကျောင်းခွဲ (လုံး၀) မရှိပါ ။
09.789107733, 09.780080052, 09421052736, 09.799860155

### ကန့်ကွက်နိုင်ပါကြောင်း

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂ ဧက်^၁၊ မြေကွက်အမှတ် V Class ၂၀၀၊ မြေကွက်တည်နေရာအမှတ် ၇၆၁၊ မဟာဗန္ဓုလလမ်း၊ လမ်းမတော်မြို့နယ် နှစ် ၆၀ မြေငှားဂရန် အမည်ပေါက်ဒေါ်တင်ရွှေမြေအား ဒေါ်တင်ရွှေအမည်ပေါက်သည် ၁၆-၇-၂၀၁၃ရက်တွင်လည်းကောင်း၊ ခင်ပွန်း ဦးဟန်တင်သည် ၅-၁၂-၂၀၀၃ရက်တွင်လည်းကောင်း ကွယ်လွန်ခဲ့ပြီး သားသမီးသုံးဦးအနက် သားတစ်ဦးဖြစ်သူ ဦးအောင်ထွဋ်သည် လူပျိုကြီးဘဝဖြင့် ကိတ္တိမသားသမီးမွေးစားခဲ့ခြင်းမရှိဘဲ ၁၆-၉-၁၉၉၈ရက်တွင် ကွယ်လွန်ခဲ့ပြီး ကျန်မောင်နှမနှစ်ဦးဖြစ်သူ ဦးရဲထွဋ် ၁၂/လမတ(နိုင်)၀၂၅၈၁၄ နှင့် ဒေါ်လွဲလွဲဝင်း ၁၂/လမတ(နိုင်)၀၀၉၅၂၂တို့က ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊အိမ်ထောင်စုစာရင်း၊ သေစာရင်းတို့ကို တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အမည်ပြောင်း**

ဦးဇော်လတ်၏သား အထက(၁) မြောင်းမြ၊ ပထမတန်း(ခ)မှ မောင်စွမ်းထက်ဇော်အား မောင်ဖွဲ့အောင်ဝင့်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဖွဲ့အောင်ဝင့်**

### ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဆောင်ရွက်သည့် ရွှေပြည်သာမြို့နယ်၊ စက်မှုလမ်းနှင့်ပိတောက်လမ်းထောင့်ရှိ ရှစ်ခန်းတွဲ ခြောက်ထပ်တိုက် RC အဆောက်အအုံလေးလုံး၊ ၄၉၀ စတုရန်းပေ (၁၄'×၃၅')ရှိ အခန်းပေါင်း ၁၉၂ ခန်းကို အထပ်အလိုက် တန်ဖိုးသတ်မှတ်၍ လက်ငင်းစနစ်ဖြင့် အောက်ပါအတိုင်း ရောင်းချပေးသွားမည်ဖြစ်ပါသည်။

(က) Level 1 ရှိ **အခန်းတစ်ခန်း - ကျပ် ၁၇၄ သိန်း**
(ခ) Level 2 ရှိ **အခန်းတစ်ခန်း - ကျပ် ၁၅၄ သိန်း**
(ဂ) Level 3 ရှိ **အခန်းတစ်ခန်း - ကျပ် ၁၄၄ သိန်း**
(ဃ) Level 4 ရှိ **အခန်းတစ်ခန်း - ကျပ် ၁၃၃ သိန်း**
(င) Level 5 ရှိ **အခန်းတစ်ခန်း - ကျပ် ၁၂၂ သိန်း**
(စ) Level 6 ရှိ **အခန်းတစ်ခန်း - ကျပ် ၁၀၉ သိန်း**

(၂) တိုက်ခန်းလျှောက်လွှာများကို ၂၂-၁၂-၂၀၁၅ရက်(အင်္ဂါနေ့)နောက်ဆုံးထား၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ စာပေးစာယူဌာနတွင်ကျပ် ၁၀၀၀၀/-ဖြင့် ဝယ်ယူတင်သွင်းနိုင်ပါသည်။

(၃) ရောင်းချမည့်တိုက်ခန်းအရေအတွက်ထက် လျှောက်ထားသူအရေအတွက်များပါက မဲစနစ်ဖြင့် ရောင်းချပေးသွားပါမည်။

**မှတ်ချက်**။ ။နိုင်ငံတော်မှ တိုက်ခန်း၊ မြေကွက်ရရှိပြီးသူများ လျှောက်ထားခွင့်မရှိပါ။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

### Hilux Surf ငှားရန်ရှိသည်

Driver ပါမည်။
လချုပ်ဖြင့်ငှားမည်။ (မြို့တွင်း/နယ်ဝေး)
**ဆက်သွယ်ရန် ဖုန်း-၀၉-၈၇၅၀၂၃၃၅၄**

### CLAIMS DAY NOTICE
### M.V VIKING AMBER VOY:NO(5)

Consignees of cargo carried by M.V VIKING AMBER VOY:NO(5)are here by notified that the vessel will arrive on about 14-12-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

### CLAIMS DAY NOTICE
### M.V TRANS FUTURE -1 VOY:NO(235)

Consignees of cargo carried by M.V TRANS FUTURE-1 VOY:NO(235)are here by notified that the vessel will arrive on about 14-12-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါ က အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

ရန်ကုန်မြို့ပြအမွေအနှစ်များ၏ ရာဇဝင်

# တစ်ချိန်က မြန်မာပြည်၏ ပင်လယ်တံခါးပေါက်ကို ထိန်းချုပ်ခဲ့သည့်နေရာ သို့မဟုတ် ယခုမြန်မာ့ဆိပ်ကမ်းအာဏာပိုင်အဆောက်အအုံ

သတင်းဆောင်းပါး-ခင်ရတနာ
ဓာတ်ပုံ-မေဦးမိုး

*လွန်ခဲ့သည့်နှစ်ပေါင်းများစွာကတည်းက ရန်ကုန်မြို့သည် ပင်လယ်တံခါးပေါက်မြို့တစ်မြို့ဖြစ်ခဲ့ပြီး နိုင်ငံတကာနှင့်လည်း ကုန်စည်ကူးသန်းရောင်းဝယ်ရာ မြို့ကြီးတစ်ခုဖြစ်သည်။ ကိုလိုနီခေတ် ရန်ကုန်မြို့သည် ပင်လယ်ရေကြောင်းမှတစ်ဆင့် မြန်မာနိုင်ငံ၏ ပို့ကုန်သွင်းကုန်ကဏ္ဍသစ်တစ်ခုကို ဖွင့်လှစ်နိုင်သည့် ခေတ်ကာလဖြစ်ခဲ့ပြီး ကုန်သွယ်မှုအင်အားလည်း အကောင်းဆုံးဖြစ်ခဲ့ဖူးကြောင်း သမိုင်းမှတ်တမ်းများအရ သိရှိရသည်။ ထိုကဲ့သို့ ရေကြောင်းကုန်သွယ်ရေးကို ထိန်းချုပ်နိုင်ရန်အတွက် ဆိပ်ကမ်းထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း အထူးဂရုပြု ဆောင်ရွက်နိုင်ရန်အတွက် အဖွဲ့အစည်းတစ်ခုရှိခဲ့သည်။*




ယနေ့မြင်ကွင်း

"မျှော်စင်အပေါ်ကနေ တက်ကြည့်ရင် ကမ်းနားက လှေတွေကအစ ပင်လယ်ဝအထိ အသာလေးမြင်နိုင်ပါတယ်။ အဘတို့ငယ်ငယ်က အဆောက်အအုံကြီးကနေ မိုးလေဝသနဲ့ဆိုင်တဲ့အချက်အလက်တွေကို ကြေညာပေးတာကြုံဖူးတယ်။ အခုထိရုံးကြီးက လှပတယ်။ ခုံးကျော်တံတားနဲ့နီးတော့ အလှအပကို သိပ်မမြင်ရတော့ဘူး။ ဒါပေမယ့် ရှေးဟောင်းအဆောက်အအုံကြီးက အခုထိ တာဝန်ထမ်းဆောင်နေဆဲပဲ"ဟု နန်းသီတာဆိပ်ကမ်းတွင် လုံခြုံရေးတာဝန်ထမ်းဆောင်နေသေးသည့် အသက် ၇၀ အရွယ် ဦးတင်မောင်ညွန့်က ပြောသည်။

၁၈ ရာစုအလယ် ရန်ကုန်မြို့သည် တံငါရွာငယ်လေးတစ်ခုဖြစ်ခဲ့ပြီး "ဒဂုံ"ဟု အမည်တွင်ခဲ့ဖူးသည်။ ထိုစဉ်က မြန်မာနိုင်ငံ၏ ဆိပ်ကမ်းမြို့များအဖြစ် သန်လျင်၊ ပုသိမ်၊ မုတ္တမနှင့် ပဲခူးမြို့များကို အသုံးပြုခဲ့ရကြောင်း ၁၉၅၂ ခုနှစ်ကရေးသားခဲ့သည့် ရန်ကုန်ရာဇဝင်စာအုပ်တွင် ဖော်ပြထားသည်။

၁၇၅၅ ခုနှစ်အရောက် အလောင်းမင်းတရားသည် ဧရာဝတီမြစ်တစ်လျှောက်ရှိ ဒေသများကို သိမ်းပိုက်ပြီး ဒဂုံမြို့သို့ ရောက်ရှိလာခဲ့ရာမှတစ်ဆင့် ရန်များကို ကုန်စင်အောင်မြင်သည့် အထိမ်းအမှတ်အဖြစ် ရန်ကုန်ဟု သမုတ်ခဲ့ပြီး ထိုအချိန်မှစတင်ကာ ပင်မဆိပ်ကမ်းမြို့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၁၈၅၂ ခုနှစ်အရောက် ဗြိတိသျှတို့က မြန်မာနိုင်ငံအောက်ပိုင်းကို သိမ်းပိုက်ပြီးချိန်တွင် ရန်ကုန်သည် ပင်လယ်ကူးသင်္ဘောများ ဝင်ထွက်သွားလာရန် အချက်အချာနေရာကောင်းဖြစ်၍ စီးပွားရေးနှင့် အုပ်ချုပ်ရေးတို့အခြေစိုက်ရာ မြို့ပြအခင်းအကျင်းသစ်ကို စတင်ခဲ့ကြပြီး အဓိကရည်ရွယ်ချက်မှာ ဝင်ထွက်သွားလာမှုအတွက် ပင်လယ်တံခါးပေါက်ကို ချုပ်ကိုင်ခဲ့ကြခြင်းဖြစ်သည်။

ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သည့် အားလျော်စွာ ၁၈၅၂ ခုနှစ်မှစတင်ကာ ရန်ကုန်ဆိပ်ကမ်းသစ်ကို မြှင့်တင်ဆောင်ရွက်ခဲ့ပြီး ရေကြောင်းအရာရှိ တစ်ဦးခန့်အပ်၍ ရေကြောင်းသွားလာရေးကိုထိန်းချုပ်ခဲ့ကြကြောင်း သမိုင်းမှတ်တမ်းများအရ သိရှိရသည်။

ထို့နောက် ၁၈၇၆ ခုနှစ်တွင် မြစ်ကမ်းနားကော်မတီအဖြစ်ပြောင်းလဲအုပ်ချုပ်ခဲ့ပြီး ၁၈၇၉ ခုနှစ်တွင် ဆိပ်ကမ်းအက်ဥပဒေကို ဗြိတိသျှတို့က ပြဌာန်းကာ ၁၈၈၀ ပြည့်နှစ်မှစတင်၍ မြန်မာနိုင်ငံ၏ ရေကြောင်းကုန်သွယ်ရေးကို လက်ဝါးကြီးအုပ်ခဲ့သည်။

၁၉၀၅ ခုနှစ်တွင် ရန်ကုန်ဆိပ်ကမ်းအက်ဥပဒေသစ်ကို ပြဌာန်းခဲ့ပြီးနောက် ရေကြောင်းကုန်သွယ်ရေးလုပ်ငန်းကို စနစ်တကျ ပိုမိုလုပ်ကိုင်ရန်အတွက် ယနေ့မြင်တွေ့ရသည့် ခမ်းနားထည်ဝါသော အဆောက်အအုံသစ်ကြီးကို ဆောက်လုပ်ရန် အစီအမံများ စတင်ရေးဆွဲခဲ့ကြသည်။

ထိုခေတ်က ဗြိတိန်တွင်ခေတ်အစားဆုံး ဖြစ်ခဲ့သည့် ဗိသုကာလက်ရာများကို အဓိကထား ရုပ်လုံးဖော်ခဲ့ကြပြီး ပင်လယ်ဝအထိ လှမ်းမျှော်ကြည့်ရှုနိုင်သော မျှော်စင်တစ်ခုကိုလည်း ထည့်သွင်းတည်ဆောက်ထားသလို ပင်လယ်ရေကြောင်းနှင့် ပြည်တွင်းရေကြောင်း ကုန်သွယ်မှုနှင့် ခရီးသွားလာရေးလုပ်ငန်းများအားလုံးကို ထိန်းချုပ်လုပ်ကိုင်ခဲ့သည်။

"စဆောက်တဲ့ကာလကိုတော့မမီတော့ပါဘူး။ ဒါပေမယ့် အဘသိတတ်တဲ့အရွယ်မှာ အတွင်းနဲ့အပြင် နှစ်မျိုးလုံးမှာ သေသပ်တဲ့ဗိသုကာအပြင်အဆင်ကို တွေ့ရတယ်။ လေဝင်လေထွက်ကောင်းမွန်တဲ့အပြင် အဲဒီခေတ်က အလွန်ကြီးမားတဲ့ အဆောက်အအုံတစ်ခုလည်းဖြစ်ခဲ့ပြီး ကမ်းနားလမ်းကို အလှဆင်တဲ့ထဲမှာပါခဲ့တယ်" ဟု ဦးတင်မောင်ညွန့်က ပြန်ပြောင်းပြောပြသည်။

အဆိုပါအဆောက်အအုံကြီးကို ဗြိတိသျှလူမျိုးများ၊ အင်ဂျင်နီယာများနှင့် ပြည်တွင်းပန်းရန်ကျော်များ စုပေါင်းကာ ၁၉၁၀ ပြည့်နှစ်တွင် တည်ဆောက်ခဲ့ကြပြီး ၁၉၂၀ ပြည့်နှစ်တွင် အလုံးစုံပြီးစီးခဲ့ပြီး ရန်ကုန်ဆိပ်ကမ်းကော်မရှင်နာက ထိန်းချုပ်ခဲ့ကြောင်းသိရသည်။

ပန်းဆိုးတန်းလမ်းမကြီးနှင့် ကမ်းနားလမ်းတို့ဆုံရာ ထောင့်တွင်တည်ရှိသည့် အဆိုပါအဆောက်အအုံကြီးသည် ဗြိတိသျှတို့တည်ဆောက်ခဲ့သည့် ကိုလိုနီခေတ် ရုံးဌာန အဆောက်အအုံများအနက် အထူးအရေးပါခဲ့သည့် အဆောက်အအုံတစ်ခုလည်းဖြစ်သည့်အပြင် အဆောက်အအုံ၏ ဗိသုကာလက်ရာများကို လေ့လာကြည့်ပါက အောက်ဆုံးထပ်တွင် ရိုးစင်းသည့် လက်ရာများကိုမြင်တွေ့ရမည်ဖြစ်သည်။ အပေါ်ထပ်အတွင်းအပြင် လက်ရာများသည် ယနေ့အထိ ခေတ်မီဆဲပင်ဖြစ်ကြောင်း ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ရန်ကုန်မြို့သို့ လမ်းလျှောက်ခြင်းအစီအစဉ်တွင် ပါဝင်ခဲ့ဖူးသူ ဒေါ်မြမြအေးက ပြောသည်။

အဆောက်အအုံမှာ ကျယ်ဝန်းပြီး တစ်ချိန်ကပြည်တွင်းသို့ တရားမဝင်ကုန်သွယ်လာသည့် ကုန်စည်များနှင့် ခိုးထုတ်မည့် ကုန်စည်များကိုလည်း အဆိုပါ အဆောက်အအုံ၌ပင် သိမ်းဆည်းနိုင်ရန် ရည်ရွယ်ကာ မြေညီထပ်ကို မြင့်မားကျယ်ဝန်းသည့် ခန်းဆောင်များဖြင့် ဖွဲ့စည်းထားသကဲ့သို့ အပေါ်ထပ်ခန်းဆောင်များနှင့် လေဝင်ပေါက်များသည်လည်း ဝိတိုရိယခေတ် လက်ရာဟန်များအတိုင်း ဂန္ထဝင်မြောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုအဆောက်အအုံ၏ ထူးခြားချက်မှာ ခေတ်ကာလအဆင့်ဆင့်ရွှေ့ပြောင်းလာခဲ့သော်လည်း ရေကြောင်းနှင့် ဆိပ်ကမ်းဆိုင်ရာ လုပ်ငန်းဆောင်တာများကိုသာ တစိုက်မတ်မတ်ဆောင်ရွက်ခဲ့ရပြီး ယနေ့တိုင် တာဝန်ထမ်းဆောင်နေဆဲဖြစ်သည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးချုပ်အဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ဆဲ အဆိုပါအဆောက်အအုံသည် မြန်မာ့ဆိပ်ကမ်းအတွင်းသို့ ဝင်ရောက်လာသော သင်္ဘောများနှင့် ကမ်းရိုးတန်းသွားသင်္ဘောများကို သင့်လျော်သည့် ဆိပ်ကမ်းတံတားများတွင် ဆိုက်ကပ်နိုင်ရန်အတွက် စီစဉ်နေရာချထားပေးခြင်း၊ ဆိပ်ကမ်းသုံးစွဲသူများထံမှ ဆိပ်ကမ်းအခွန်အခများ ကောက်ခံခြင်း၊ သွင်းကုန်များကို သင်္ဘောပေါ်မှတစ်ဆင့် ချထားပြီး ခေတ္တထိန်းသိမ်းပေးခြင်းနှင့် ကုန်ပိုင်ရှင်များထံသို့ ထုတ်ပေးခြင်း၊ ပို့ကုန်များအား သင်္ဘော၏ သိုလှောင်ရေးစီမံချက်နှင့်အညီ တင်ဆောင်ပေးခြင်းနှင့် ခွင့်ပြုချက်ကာလကျော်လွန်သည့် သွင်းကုန်များကို လေလံစာရင်းသွင်းကာ ပြန်လည်လေလံရောင်းချခြင်းများ ဆောင်ရွက်ခြင်း၊ ကုန်တင်ကုန်ချလုပ်ငန်းများ၊ သင်္ဘောကြီး ကုန်တင်ကုန်ချ ကျွမ်းကျင်လုပ်သားများနှင့် ကုန်ကိုင်တွယ်စက်ပစ္စည်းများကို စုဆောင်းလေ့ကျင့်ကာ တာဝန်ချထားပေးခြင်းများ ဆောင်ရွက်ခြင်း၊ ဆိပ်ကမ်းပိုင်မြေများ၊ သိုလှောင်ရုံများကို ခေတ်စနစ်နှင့်အညီ စီမံချက်များ ရေးဆွဲကာ ထိန်းသိမ်းကြီးကြပ်ခဲ့သည်မှာ ယခုဆိုလျှင် နှစ်ပေါင်း ၉၅ နှစ်တိုင်ခဲ့ပြီဖြစ်သည်။



ရန်ကုန်မြစ်ဝထိ မြင်တွေ့နိုင်သည့် ဆိပ်ကမ်းအာဏာပိုင်ရုံးအဆောက်အအုံနှင့် မျှော်စင်ကို ၁၉၃၈ ခုနှစ်က တွေ့ရစဉ်။

ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့်အားလျော်စွာ လူဦးရေသိပ်သည်းမှုသည်လည်း အဆမတန် မြင့်မားလျက်ရှိသည်။ ပန်းဆိုးတန်းလမ်းမနှင့် ကမ်းနားလမ်းထောင့်သည် နေ့စဉ်လူဦးရေ နှစ်သောင်းမှ ခြောက်သောင်းအထိ ဖြတ်သန်းသွားလာသည့် ပန်းဆိုးတန်း-ဒလသွား ကူးတို့ဆိပ်ကမ်းရှိသဖြင့် ယင်းထောင့်တွင် တည်ရှိသည့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အဆောက်အအုံကြီးသည် လူပေါင်းများစွာတို့ ထိတွေ့ဖြတ်သန်းရာ နေရာတစ်ခုဖြစ်လာခဲ့သည်။

"အဆောက်အအုံကြီးကို အပြည့်အဝ ကွယ်တာတော့ မဟုတ်ပါဘူး။ သို့သော် ရှေးဟောင်းအမွေအနှစ်မျက်နှာစာ အနီးတစ်ဝိုက်မှာ လူသွားစကြံ တည်ဆောက်ထားတော့ မျက်နှာစာအလှကို အနှောင့်အယှက်ဖြစ်စေပါတယ်။ ဒါပေမယ့် အဆောက်အအုံရှိတဲ့နေရာက အချက်အချာနေရာတစ်ခုဖြစ်နေပြီး မဖြစ်မနေလည်း ခုံးကျော်တံတား ဆောက်ပေးသင့်နေတာဆိုတော့ တာဝန်ရှိသူတွေက တည်ဆောက်ဖို့ ရွေးချယ်ခဲ့ကြပုံရပါတယ်။ ခုံးကျော်တံတားပေါ်ကနေ အဆောက်အအုံကြီးရဲ့ အပေါ်ပိုင်းကို မြင်ရတာ အလွန်ကျက်သရေရှိတယ်။ ခံ့ညားတယ်"ဟု ပန်းဆိုးတန်း -ဒလ ခရီးသွားတစ်ဦးက သူ့အမြင်ကို ပြောပြသည်။

ခေတ်ကာလပြောင်းလဲလာသည်နှင့်အမျှ မပြောင်းရွှေ့နိုင်သည့် အဆောက်အအုံများသည်လည်း ရွှေ့လျားပျောက်ကွယ်ရသည်မှာ ဓမ္မတာပင်ဖြစ်သည်။ သို့သော် ရှေးဟောင်းအဆောက်အအုံများသည် ရှေးခေတ်၏ ပုံရိပ်များပင်ဖြစ်ပြီး နောင်းလူတို့အတွက် အတုယူဖွယ်ရာ၊ သင်ခန်းစာယူစရာနှင့် သမိုင်းကိုလေ့လာစရာများပင်ဖြစ်ပြီး တန်ဖိုးထား ထိန်းသိမ်းတတ်ကြရန် လိုအပ်ပါကြောင်း။ ။

**ပန်းဆိုးတန်းလမ်းမနှင့် ကမ်းနားလမ်းထောင့်သည် နေ့စဉ်လူဦးရေ နှစ်သောင်းမှ ခြောက်သောင်းအထိ ဖြတ်သန်းသွားလာသည့် ပန်းဆိုးတန်း-ဒလသွား ကူးတို့ဆိပ်ကမ်းရှိသဖြင့် ယင်းထောင့်တွင် တည်ရှိသည့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အဆောက်အအုံကြီးသည် လူပေါင်းများစွာတို့ ထိတွေ့ဖြတ်သန်းရာ နေရာတစ်ခုဖြစ်လာခဲ့**

# အရုဏ်ဦးမှာ ဖူးခဲ့သည်

ခ ရီး သွ ာ း ဆေ ာ င် း ပါ း

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-မောင်ချစ်ကြည်

**ပုပ္ပားမှ ဗျတ္တပန်းဆက်လမ်းအတိုင်း မော်တော်ကားဖြင့် လာရောက်ခဲ့သော ကျွန်တော်တို့ အလိုတော်ပြည့် ဘုန်းတော်ကြီးကျောင်းသို့ရောက်ချိန်၌ မိုးချုပ်နေပြီဖြစ်သည်။ ဆရာတော်ကိုဦးခိုက်ရင်း တစ်ညတာတည်းခို အိပ်စက်ခွင့်တောင်းရာ ခွင့်ပြုသဖြင့် ဝမ်းမြောက်စွာ တည်းခိုခဲ့ရသည်။ ဆရာတော်ကျောင်းမှ တည်းခိုရာ ကျောင်းဆောင်သို့လာရင်း ပုဂံဘုရားများဆီသို့ မျှော်ကြည့်လိုက်ရာ အမှောင်ထုကြောင့် မြင်ကွင်းက ပီပြင်မှုမရှိတော့။**

ပုပ္ပားသို့ တာဝန်ဖြင့်လာရောက်ခဲ့ရာ အလုပ်များပြီးချိန်တွင် ညနေစောင်းနေပြီဖြစ်သဖြင့် ပုပ္ပား၌ပင် ညအိပ်ရန်ဖြစ်သော်လည်း ပုဂံနေထွက်ချိန်မြင်ကွင်းကို ကိုယ်တိုင်ကြည့်ရှုချင်စိတ် ပြင်းပြနေမှုကြောင့် ပုဂံ၌ ညလာအိပ်ခြင်းပင် ဖြစ်သည်။ အချိန်လုလာရခြင်းဖြစ်သော်လည်း ပင်ပန်းသည်ဟု မခံစားမိ၊ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားများက ပုဂံနေဝင်အလှ၊ ပုဂံဆည်းဆာကို တမေ့တမော လာရောက်ကြည့်ရှုခံစားကြလေ့ရှိသလို မိမိလည်း ပုဂံ နေထွက်စမြင်ကွင်းသို့မဟုတ် ပုဂံ၏ အရုဏ်ဦးကိုဖူးတွေ့လိုမှု ဆန္ဒကြီးမားနေသည်က အမှန်။ ခရီးပန်းလာသော်လည်း ညဦးနက်သည်အထိ တော်တော်နှင့် အိပ်မပျော်ခဲ့။

"ထတော့. . . ထတော့" ဟု လက်ဖြင့်အသာပုတ်နှိုးနေသော ရဟန်းတစ်ပါးကြောင့် ကမန်းကတန်းထပြီး လက်အုပ်ချီကာ အိပ်ရာမှ ထလိုက်ရသည်။ မိမိတို့ ပုဂံအရုဏ်ဦးကို လာရောက်ဖူးမြော်ခြင်းဖြစ်ကြောင်းသိ၍ လာနှိုးခြင်းဖြစ်သည်။ နာရီကြည့်လိုက်တော့ နံနက် ၄ နာရီခွဲ၊ မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ပြီး အလိုတော်ပြည့် ဆရာတော်ကျောင်းမှ ထွက်လာခဲ့သည်။ ဒီဇင်ဘာ နံနက်ခင်းမို့လားမသိ။ ပုဂံဝန်းကျင်တွင် အအေးဓာတ်က သိသာစွာလွှမ်းခြုံနေသည်။

"ပုဂံအရုဏ်ဦး မြင်ကွင်းကိုကြည့်ရင်တော့ ရွှေဆံတော်ဘုရားက အကောင်းဆုံးပဲ" ဟု ပုဂံကိုအကြိမ်ကြိမ်ရောက်ဖူးပြီး ပုဂံအရုဏ်ဦးကို မကြာခဏ ကြည့်ရှုခံစားဖူးသည့် အတူလိုက်လာသော ညောင်ဦးမြို့သား ကိုရွှေလှက ပြောသည်။ ရွှေဆံတော်ဘုရားသို့လာရင်း ဝန်းကျင်ဝဲယာမှ ပုဂံဘုရားများကို လှမ်းလာမိသည်။ မပီဝိုးတဝါးအလင်းရောင်အောက်တွင် တည်ငြိမ်သပ္ပာယ်စွာတည်ရှိသော ရှေးဟောင်းစေတီပုထိုးများက လက်ညှိုးထိုးမလွဲ၊ မြန်မာတို့၏သမိုင်း အမွေအနှစ် အစစ်အမှန် ပုဂံ။

ပုဂံဘုရားများအကြားဖြတ်သန်းရင်း ကိုးရာစုနှစ်၊ ၁၃ ရာစုအကြား ထွန်းကားစည်ပင်ခဲ့သော ပုဂံပုံရိပ်များကို ပြန်လည်မြင်ယောင်မိသည်။ မူလက စေတီပုထိုးပေါင်း ၁၀၀၀၀ ကျော် တည်ထားကိုးကွယ်ခဲ့သော ပုဂံဒေသသည် အကျယ်အဝန်း စတုရန်းမိုင် ၄၀ ခန့်ရှိနေသည်။ မှတ်တမ်းများအရ ပုဂံဒေသတွင် ၁၉၀၄ ခုနှစ်မှ ၁၉၇၅ ခုနှစ်အကြား ငလျင်ပေါင်း ၄၀၀ ကျော် လှုပ်ခဲ့သည်။ အကြီးမားဆုံးငလျင်မှာ ၁၉၇၅ ခုနှစ် ဇူလိုင် ၈ ရက်၌ လှုပ်ခဲ့သောငလျင်ဖြစ်ပြီး ရစ်ချ်တာစကေး ၈ အထိရှိခဲ့ရာ စေတီပုထိုးများစွာ ပြိုကျပျက်စီးခဲ့သည်။ ယခုအခါစေတီပုထိုးပေါင်း ၂၂၂၉ ဆူခန့်ကို ထိန်းသိမ်းထားနိုင်လျက်ရှိရာ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို မပျက်စီးအောင် ထိန်းသိမ်းနေခြင်းကို သာဓုခေါ်နေမိသည်။

ပုဂံသည် မြန်မာတို့အတွက် အကောင်းဆုံး ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ပင် ဖြစ်သည်။ သမိုင်းဂုဏ်ရောင် ထွန်းပြောင်တောက်ပခဲ့သော မြန်မာလူမျိုးတို့၏ ပုံရိပ်ကို ထင်ထင်ရှားရှား ညွှန်ပြ

**ပုဂံစေတီပုထိုးများကို နေဝင်ချိန် ကြည့်ရှုသူ ကမ္ဘာလှည့်ခရီးသွားများပြားသဖြင့် ပုဂံရှိ စူဠာမဏိ စေတီဘေးရှိ ကန်ပေါင်ကို အဆင့်မြှင့်တင်ပြီး နေဝင်ချိန်ကြည့်ရှုနိုင်သည့် နေရာသစ်တစ်ခု ဖန်တီးပေးရန်၊ ပုဂံဒေသ တစ်ခုလုံးရှိ စေတီပုထိုးများကို အပေါ်စီးမှ မြင်တွေ့လေ့လာနိုင်ရန် ပေ ၂၀၀ အမြင့်ရှိသော မျှော်စင်တစ်ခုလည်း တည်ဆောက်ရန် စီစဉ်လျက်ရှိ**



ဖော်ဆောင်နေသည့် ဒေသလည်းဖြစ်သည်။ ပုဂံဘုရားများအကြား ဖြတ်သန်းသွားနေရင်း ရှေးခေတ် ပုဂံပြည်အတွင်း ရောက်ရှိနေသလို ခံစားရသည်။ မြင်မြင်သမျှ ရှေးဟောင်းစေတီပုထိုးများက ပုဂံသမိုင်းကို ဖွင့်လှစ်ပြသနေသည့်အလား။

"ရှေ့ကမြင်ရတာ ရွှေဆံတော်စေတီပါ" ဟု ကိုရွှေလှက ပြောလိုက်သဖြင့် အတွေးစကို ရပ်လိုက်ရသည်။ ရွှေဆံတော်စေတီတော်သည် မြေပြင်မှ အတန်မြင့်သော စေတီဖြစ်သည်။ စေတီကို ပစ္စယာများဖြင့် တည်ဆောက်ထားရာ ရှေးခေတ်လက်ရာဖြစ်သော်လည်း ဗိသုကာဒီဇိုင်းပုံစံက ဆန်းသစ်ကာ ဆွဲဆောင်မှုရှိနေသည်။ ရွှေဆံတော်စေတီခြေရင်း မြေပြင်တွင်ထိုင်ကာ ဦးချရင်း ဖူးမြော်ကြည်ညိုမိသည်။ မိမိတို့ ဘိုးဘွားဘီဘင်များ၏ ကောင်းမှုကုသိုလ်အလျှုဟု စိတ်ထဲခံစားရသည်က အမှန်ပင်။

ရွှေဆံတော်ဘုရားကို အနော်ရထာဘုရင်က ၁၀၅၇ ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည်။ သထုံမှ ရယူခဲ့သော ဗုဒ္ဓဆံတော်ကို ဌာပနာသွင်း ပူဇော်ခဲ့သဖြင့် ရွှေဆံတော်ဟု အမည်တွင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ၁၉၇၅ ခုနှစ် ဇူလိုင် ၈ ရက်က လှုပ်ခဲ့သော ငလျင်ဒဏ်ကြောင့် စေတီတော်ဦးထိပ်ပိုင်း ပြိုကျမြေခဲ့သဖြင့် ပြန်လည်ပြုပြင်ထိန်းသိမ်းထားခြင်းလည်း ဖြစ်သည်။ ရွှေဆံတော်စေတီမှာ ယခုအခါ နှစ်ပေါင်း ၉၅၈ နှစ်ခန့်ရှိနေပြီဖြစ်သော သက်တမ်းရင့် စေတီဖြစ်သည်။

ရွှေဆံတော်စေတီပေါ်သို့ အုတ်လှေကားမှတစ်ဆင့် တက်ခဲ့သည်။ မြေပြင်မှတက်တက်ချင်း အုတ်လှေကားမှာ အုတ်များပေါ်ထွက်နေပြီး အုတ်ချပ်များကို စနစ်တကျ ထည့်သွင်း ပြုလုပ်ထားခြင်းဖြစ်သည်။ ရွှေဆံတော်စေတီသည် ပစ္စယာငါးဆင့်ရှိရာ အထက်အမြင့်ဆုံး ပဉ္စမပစ္စယာအထိ တက်ရောက်နိုင်ရန် အုတ်လှေကားငါးဆင့်ကို စေတီတော်တည်ထားကတည်းက ထည့်သွင်းတည်ဆောက်ခဲ့ခြင်းဖြစ်သည်ကို တွေ့ရသည်။

အုတ်လှေကားတစ်ခုတွင် လှေကားထစ်ပေါင်း ကိုးထစ်စီပါဝင်လျက်ရှိရာ ပဉ္စမပစ္စယာအထိ အုတ်လှေကားတိုင်းတွင် လှေကားကိုးထစ်စီဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ အုတ်လှေကားများစတင်ရာ ပထမဆုံးလှေကားမှ သံချောင်းလက်ရန်းကို လှေကားညာဘက်ခြမ်းတွင် တစ်ဖက်တည်း တပ်ဆင်ထားသည်ကို တွေ့ရသည်။ ကျွန်တော်တို့ သံချောင်းလက်ရန်းကို ဆွဲကိုင်ကာ အုတ်လှေကားကို တစ်ထစ်ချင်းနင်းပြီး တက်ရောက်ခဲ့ရာ ဒုတိယပစ္စယာသို့ ရောက်ခဲ့သည်။

ဆက်လက်ပြီး တတိယပစ္စယာအထိ တက်ရောက်ခဲ့ပြီးချိန်တွင် နံနက် ၅ နာရီ မိနစ် ၂၀ ရှိနေပြီဖြစ်သည်။ တတိယ ပစ္စယာမှ ပုဂံအရုဏ်ဦးကို ကြည့်ရှုလေ့လာလိုက်ရာ နံနက်ခင်းအလင်းရောင်ပျို့စအချိန် ပုဂံစေတီပုထိုးများပေါ်သို့ အရုဏ်ဦးအလင်းတန်းဖျော့ဖျော့များ ကျရောက်နေချိန် ဆန်းသစ်ကြည်လင်နေသည့် မြင်ကွင်းကြောင့် ရုတ်တရက် မှင်သက်မိသလိုဖြစ်သွားသည်။ လိမ္မော်ရောင် ပက်ဖျန်းထားသော ပုထိုးစေတီများ၊ ပုထိုးစေတီများအကြားမှ စိမ်းစိုနေသော သစ်ပင်များ၊ သစ်ပင်နှင့် စေတီပုထိုးများအကြား မြူနှင်းများက ဝေ့ဆိုင်းလျက်။

မျှော်လင့်မထားသော မြင်ကွင်းကြောင့် နစ်မျောငေးမောနေသော ကျွန်တော် ရုတ်တရက် သတိပြန်ဝင်လာကာ ပါလာသော ကင်မရာကိုထုတ်ပြီး ဓာတ်ပုံမှတ်တမ်းများ တဖျတ်ဖျတ် ရိုက်ကူးနေမိသည်။ တဖြည်းဖြည်းနှင့် အလင်းရောင် ပြောင်းလဲလာမှုကြောင့် ပုဂံပုထိုးစေတီများ၏ ပုံရိပ်နှင့်အရောင်များက ကြည့်ရှုနေစဉ်မှာပင် တစ်လှည့်ချင်း တစ်ချပ်ချင်း မှုန်ဝါးဝါးဖြင့် ခွာချပြသနေသည့် ကမ္ဘာကျော် ပန်းချီဆရာတစ်ဦး၏ လက်ရာမြောက် ပန်းချီကားချပ်များသဖွယ် ဖြစ်နေသည်။

မျက်စိရှေ့တွင် ကြည့်နေရင်း အရုဏ်ဦးအလင်းရောင်နှင့်အတူ မြင်ကွင်းက ပြောင်းသွားသည်။ တစ်မျှော်တစ်ခေါ်ရှိ စေတီပုထိုးများကို မြင်တွေ့ရသည်။ တဖြည်းဖြည်းနှင့် ပီပြင်ထင်ရှားလာသော စေတီပုထိုးများ၊ စိမ်းစိုနေသော သစ်ပင်များ၊ ကားလမ်း၊ လူသွားလမ်းနှင့် လှည်းလမ်းများ သွားလာလှုပ်ရှားစ ပြုနေပြီဖြစ်သော ဘုရားဖူးများ၊ ကမ္ဘာလှည့်ခရီးသွားများကို မြင်တွေ့ရသည်။

ရွှေဆံတော်ဘုရား၏အရှေ့တောင်ဘက်တွင် ဓမ္မရံကြီးဘုရားကို ထုထည်ကြီးမားစွာ ဖူးတွေ့ရသည်။ ထုမှာ ဓမ္မရံဆိုသည့်အတိုင်း ကြီးမားခန့်ထည်စွာဖြင့် ကြည်ညိုသပ္ပာယ်မှုအပြည့်ရှိနေသည်။ ဓမ္မရံကြီးဘုရားတောင်ဘက်တွင် မြောက်ဂူနီဘုရားနှင့် တောင်ဂူနီဘုရားတို့ကိုလည်း မြင်တွေ့ရသည်။ မြောက်ဂူနီဘုရားက တောင်ဂူနီဘုရားနှင့် နီးကပ်စွာတည်ရှိရာ အဝေးမှပင် လှမ်းမြင်ဖူးတွေ့ရသည်။

အရှေ့ဘက်မှ နေဝန်းက တဖြည်းဖြည်းနှင့် ခေါင်းပြူစ ပြုလာသဖြင့် ပုဂံဒေသမြင်ကွင်းက တဖြည်းဖြည်း ကြည်လင်လာသည်။ ရွှေဆံတော်ဘုရား၏ အနောက်ဘက်သို့ ပစ္စယာအတိုင်း ထွက်လာခဲ့ရာ ခပ်ဝေးဝေးတွင် လောကဦးသျှောင်ဘုရားကို လှမ်းမြင်ဖူးမြော်ရသည်။ ကင်မရာဖြင့် ဓာတ်ပုံမှတ်တမ်း ရိုက်ယူသော်လည်း မှန်ဘီလူး အားနည်း၍ ပီပြင်သောပုံရိပ် မရခဲ့။ သို့သော် မြင်ကွင်းကို ဓာတ်ပုံ ၂၀ ခန့် ရိုက်ယူခဲ့သည်။

ရွှေဆံတော်ဘုရား အရှေ့ဘက်သို့ ပစ္စယာအတိုင်း ပြန်ထွက်ခဲ့ပြီး ပတ်ဝန်းကျင်မြင်ကွင်းကို ကြည့်ရှုလိုက်ရာ ခပ်လှမ်းလှမ်းတွင် အင်းဘုရားကို ဖူးတွေ့ရသည်။ တစ်ဖန် စေတီအမှတ် ၇၇၇ နှင့် စေတီအမှတ် ၄၅၆ တို့ကိုလည်း ခပ်ဝေးဝေး၌ လှမ်းမြင်ရသည်။ ပြန်လည်ပြုပြင် ထိန်းသိမ်းထားသဖြင့် စေတီပုထိုးများမှာ သက်တမ်းရင့်မှု၊ ဗိသုကာ လက်ရာမြောက်မှုများကို ညွှန်းဆိုပြသလျက်ရှိသည်။ မြင်ကွင်းက အလင်းရောင်ကြောင့် ထင်ရှားလာပြီဖြစ်သည်။

ရွှေဆံတော်ဘုရားမြောက်ဘက်သို့ ပစ္စယာအတိုင်း ထွက်လာခဲ့သည်။ အလင်းရောင်ဖြာကျနေသော မြင်ကွင်းက ပုဂံစေတီပုထိုးအားလုံးကို လွှမ်းခြုံမြင်တွေ့နိုင်ပြီဖြစ်သည်။ ရွှေဆံတော်ဘုရားမြောက်ဘက်တွင် မြေဘုံသာဘုရားနှင့် စေတီအမှတ် ၁၆၈၆ ကို ဖူးမြင်ရသည်။ အရှေ့မြောက်ဘက်တွင် စေတီအမှတ် ၂၃၅၆ နှင့် စေတီအမှတ် ၁၇၀၀ တို့ ထင်ရှားစွာလှမ်းမြင်ရသည်။

ရွှေဆံတော်ဘုရား အနောက်မြောက်ဘက်တွင် ရတနာမာန်အောင်ဘုရား၊ ဆင်များရှင်ဘုရားနှင့် ဘုရားများကို အဝေးမှ ခပ်ရေးရေးဖူးတွေ့ရသဖြင့် စိတ်နှလုံးချမ်းမြေ့စရာ ကြည်နူးသပ္ပာယ်စရာ ခံစားရသည်။ နံနက်ခင်း အလင်းရောင်ဖြန့်ကြက်လာသည်နှင့်အမျှ ပုဂံဒေသ စေတီပုထိုးများအပေါ်သို့ အလင်းရောင်များ ဖြန့်ကြက်ထားမှု၊ အရှေ့ဘက်မှ နေဝန်းထွက်ပေါ်လာမှုများက တန်ဖိုးမဖြတ်နိုင်သော မြန်မာ့ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်များကို ထင်ထင်လင်းလင်း ဖော်ညွှန်းနေသကဲ့သို့ ရှိနေသည်။

ပုဂံစေတီပုထိုးများကို အပေါ်စီးမှ ကြည့်ရှုလေ့လာ ဓာတ်ပုံရိုက်ကူးနိုင်သည့် မီးပုံးပျံများလည်း ဝေဟင်တွင် အနိမ့်ပျံသန်း စီးမျောနေသည်ကိုလည်း မြင်တွေ့ရသည်။ နိုင်ငံခြားသား ခရီးသွားတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၃၀၀ ခန့်ပေးရသော ပုဂံဒေသ မီးပုံးပျံစီးခရီးစဉ်ကိုလည်း ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားပြီး စီးနင်းလိုက်ပါကာ ပုဂံနေထွက်ချိန်နှင့် နေဝင်ချိန်တို့ကို ကြည့်ရှုမှတ်တမ်းတင် လေ့လာကြသည်။

ပုဂံသည် မြန်မာနိုင်ငံတွင် ခရီးသွားဧည့်သည်များကို အဓိကဆွဲဆောင်နိုင်ရာ ခရီးစဉ်တစ်ခုဖြစ်ရာ ၂၀၁၁ ခုနှစ်က ပုဂံသို့ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ တိုးမြင့်ရောက်ခဲ့သည်။ ၂၀၁၄ ခုနှစ်၌ နိုင်ငံခြားခရီးသွားဧည့်သည် ၂၄၀၀၀၀ ရောက်ရှိခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ပုဂံဒေသသို့ ကမ္ဘာလှည့်ခရီးသွား ၂၅၀၀၀၀ ကျော်သည်အထိ ရောက်ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။

နေတက်လာသည်ကိုကြည့်ရင်း ပုဂံမြင်ကွင်းကို စိတ်တိုင်းကျ တစ်ဝကြီး ငေးမောနေမိသည်။ ပုဂံနေထွက်ချိန်မြင်ကွင်းက ကြည်နူးစရာ ကောင်းသလို၊ ဂုဏ်ယူစရာလည်း ကောင်းသည်။ မြန်မာတို့ တစ်ချိန်က ဤလို စေတီပုထိုးများကို တည်ထားကိုးကွယ်နိုင်ခဲ့သည်ဟု တွေးရင်းတွေးရင်း ဂုဏ်ယူဝမ်းမြောက်စိတ် ဖြစ်ပေါ်နေမိသည်။

နေတက်လာသည်ကို ကြည့်ပြီး ရွှေဆံတော်မှ ပြန်ဆင်းခဲ့ကြသည်။ အဆင်းမတ်စောက်သော်လည်း သံတန်းလက်ကိုင်ကို ထိန်းကိုင်ရင်း ဖြည်းဖြည်းဆင်းခဲ့သည်။ ပုဂံစေတီပုထိုးများကို နေဝင်ချိန်ကြည့်ရှုသူ ကမ္ဘာလှည့်ခရီးသွားများပြားသဖြင့် ပုဂံရှိ စူဠာမဏိစေတီဘေးရှိ ကန်ပေါင်ကို အဆင့်မြှင့်တင်ပြီး နေဝင်ချိန်ကြည့်ရှုနိုင်သည့် နေရာသစ်တစ်ခု ဖန်တီးပေးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ လက်ရှိတွင် ပုဂံနေဝင်ချိန်ကို ကြည့်ရှုရန် ရွှေဆံတော်ဘုရား၊ ပြဿဒ်ကြီးဘုရားနှင့် ဧရာဝတီမြစ်အတွင်းမှ လှေများဖြင့် ကြည့်ရှုခွင့်ပြုထားသည်။ ပုဂံဒေသတစ်ခုလုံးရှိ စေတီပုထိုးများကို အပေါ်စီးမှ မြင်တွေ့လေ့လာနိုင်ရန် ပေ ၂၀၀ အမြင့်ရှိသော မျှော်စင်တစ်ခုလည်း တည်ဆောက်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ရွှေဆံတော်ဘုရားမှ ပြန်ထွက်ခဲ့ပြီးနောက် ပုဂံစေတီပုထိုးများအကြား ဖြတ်သန်းရင်း ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ရေရှည်တည်တံ့ခိုင်မြဲရန် ထိန်းသိမ်းရေး အရေးကြီးပုံကို တွေးနေမိသည်။ ရန်ကုန်သို့ ပြန်လာသည်ကို လမ်းတစ်လျှောက် ပုဂံအရုဏ်ဦးကို ဖူးမြော်ခဲ့ရပုံများကို အတွေးထဲရစ်ဝဲလျက်ရှိရာ တော်တော်နှင့် မေ့ပျောက်၍မရအောင် စွဲစွဲထင်ထင် ဖြစ်ပေါ်နေမိသည်။ ။

# အထူးကုန်စည်ခွန်ဥပဒေကြမ်း

## ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

**အထူးကုန်စည်ခွန်ဥပဒေ**

**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် )**

**၁၃၇၇ ခုနှစ်၊ လ ရက်**

**(၂၀၁၅ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်၊ အကျိုးသက်ရောက်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **အထူးကုန်စည်ခွန် ဥပဒေဟု** ခေါ်တွင်စေရမည်။

၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစ၍ နိုင်ငံတော်တစ်ဝန်းလုံးတွင် အကျိုးသက်ရောက်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အခွန်** ဆိုသည်မှာ ဤဥပဒေအရ ပေးဆောင်ရမည့် အထူးကုန်စည်ခွန်ကိုဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေအရ တပ်ရိုက်သည့် ဒဏ်ငွေလည်း ပါဝင်သည်။

(ခ) **အခွန်ထမ်း** ဆိုသည်မှာ ဤဥပဒေအရ အခွန်ပေးဆောင်ရန် တာဝန်ရှိသူကို ဆိုသည်။

(ဂ) **အထူးကုန်စည်** ဆိုသည်မှာ ဤဥပဒေ၏ နောက်ဆက်တွဲဇယားပါ ကုန်စည်များကို ဆိုသည်။

(ဃ) **ထုတ်လုပ်မှု** ဆိုသည်မှာ အထူးကုန်စည်ကို မိမိပိုင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနတွင်ဖြစ်စေ၊ အခြားသူအားအပ်နှံ၍ဖြစ်စေ ထုတ်လုပ်ခြင်းကိုဆိုသည်၊ ယင်းစကားရပ်တွင် သဘာဝနည်းဖြင့်ဖြစ်စေ၊ ဖန်တီးပြုပြင်သည့် နည်းဖြင့်ဖြစ်စေ ကုန်စည်များထုတ်လုပ်သည့် လုပ်ငန်းအဆင့်ဆင့်တို့ပါဝင်သည့်အပြင် အောက်ပါတို့လည်း ပါဝင်သည်-

(၁) **အရက်၊ ဘီယာ၊ ဝိုင်အပါအဝင်** အဖျော်ယမကာ ထုတ်လုပ်ခြင်းနှင့် သက်ဆိုင်သည့်ကိစ္စ၌ ဝယ်ယူသူ၏တောင်းဆိုချက်အရ ရောစပ်ပြုပြင်ခြင်းမှတစ်ပါး ပေါင်းခံခြင်း၊ သန့်စင်ရန်နှင့် အနံ့အရသာဖြည့်စွက်ရန် ထပ်မံပေါင်းခံခြင်း၊ အချဉ်ဖောက်ခြင်း၊ ပုလင်းသွတ်ခြင်း၊ သောက်သုံးရန် ယမကာအဆင့်အတွက် လိုအပ်သည့်ပစ္စည်းများ ဖြည့်စွက်ခြင်းနှင့် အခြားနည်းပြုပြင်ခြင်း။

(၂) ဆေးရွက်ကြီးနှင့် သက်ဆိုင်သည့်ကိစ္စ၌ ဆေးရွက်ကြီးအရွက် သို့မဟုတ် ဆေးရွက်ကြီးကုန်ကြမ်းမှ သောက်သုံးရန်၊ ရှူရှိုက်ရန်၊ ဝါးရန်သင့်လျော်သည်အထိ ပြုပြင်ပြောင်းလဲသည့်ဖြစ်စဉ်နှင့် ဆေးရွက်ကြီးမှ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ စီးကရက်နှင့် အလားတူပစ္စည်းများ ပြုလုပ်ခြင်း။

(၃) အခြားအထူးကုန်စည်များနှင့် သက်ဆိုင်သည့်ကိစ္စ၌ စက်ဖြင့်ဖြစ်စေ၊ လက်ဖြင့်ဖြစ်စေထုတ်ယူခြင်း၊ ပြောင်းလဲခြင်း၊ သို့မဟုတ် အရည်အသွေးကိုလည်းကောင်း၊ သဘာဝ၊ အရွယ်အစား၊ ပုံပန်းသဏ္ဍာန်၊ ပေါင်းစပ်ဖွဲ့စည်းမှုကိုလည်းကောင်း ပြောင်းလဲခြင်းနှင့် အစိတ်အပိုင်းတစ်ခု သို့မဟုတ် အစိတ်အပိုင်းများစုစည်းခြင်း။

(င) **ထုတ်လုပ်သူ** ဆိုသည်မှာ အထူးကုန်စည်များကို မိမိပိုင်စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနတွင် ဖြစ်စေ၊ အခြားသူအား အပ်နှံ၍ ဖြစ်စေ ထုတ်လုပ်သူကိုဆိုသည်။

(စ) **တင်သွင်းသူ** ဆိုသည်မှာ အခွန်ကျသင့်ရန် သတ်မှတ်ထားသော အထူးကုန်စည်များကို ပြည်ပမှတင်သွင်းသူကို ဆိုသည်။

(ဆ) **ရောင်းချခြင်း** ဆိုသည်မှာ အထူးကုန်စည်ကို လက်ငင်းစနစ်ဖြင့်ဖြစ်စေ၊ အကြွေးစနစ်ဖြင့်ဖြစ်စေ၊ ဆိုင်းငံ့စနစ်ဖြင့်ဖြစ်စေ၊ ကြိုတင်အရောင်းစနစ်ဖြင့်ဖြစ်စေ ရောင်းချခြင်းကိုဆိုသည်။

(ဇ) **အထူးကုန်စည်ပိုင်ရှင်** ဆိုသည်မှာ အထူးကုန်စည်ကို ပိုင်ဆိုင်ရရှိထားသူကို ဆိုသည်။ ယင်းစကားရပ်တွင် အထူးကုန်စည်၏ပိုင်ရှင် သို့မဟုတ် ထုတ်လုပ်သူကလွှဲအပ်သည့် အထူးကုန်စည်ကို စီမံခန့်ခွဲ ဆောင်ရွက်ပိုင်ခွင့်ရှိသော ကိုယ်စားလှယ် သို့မဟုတ် အထူးကုန်စည်နှင့် စပ်လျဉ်း၍ အကျိုးခံစားခွင့်ရှိသူလည်း ပါဝင်သည်။

(ဈ) **ခရီးသွားသူ** ဆိုသည်မှာ ပြည်ပခရီးစဉ်ဆိုင်ရာ သွားလာမှုအထောက်အထားများ ကိုင်ဆောင်ထားသူကိုဆိုသည်။ ယင်းစကားရပ်တွင် တိုက်ရိုက်ခရီးသွားလက်မှတ်ကိုင်ဆောင်၍ ခရီးစဉ်အရ တစ်ထောက်နား ခရီးအဖြစ်ရောက်ရှိပြီး အခြားနိုင်ငံတစ်ခုခုသို့ ဆက်လက်ထွက်ခွာမည့်သူလည်း ပါဝင်သည်။

(ည) **ကုန်းပေါ်ရောက်တန်ဖိုး** ဆိုသည်မှာ ပြည်ပမှတင်သွင်းသော အထူးကုန်စည်အတွက် အကောက်ခွန်ဥပဒေအရ သတ်မှတ်သည့်တန်ဖိုး၊ ယင်းကုန်စည်အပေါ် စည်းကြပ်သည့် အကောက်ခွန်နှင့် ကုန်ချစရိတ်တို့ ပေါင်းစပ်ပါဝင်သောငွေကို ဆိုသည်။

(ဋ) **အခွန်လွတ်အရောင်းဆိုင်** ဆိုသည်မှာ အထူးကုန်စည်များကို ခရီးသွားသူများအား ရောင်းချရန် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်ခွင့်ရရှိထားသည့် အရောင်းဆိုင်ကို ဆိုသည်။

(ဌ) **စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန ရောင်းဈေးတန်ဖိုး** ဆိုသည်မှာ ဤဥပဒေအရ ကျသင့်သည့် အခွန်မပါသော စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန၏ ရောင်းဈေးတန်ဖိုးကို ဆိုသည်။

(ဍ) **ဈေးကွက်ပေါက်ဈေး** ဆိုသည်မှာ ရောင်းသူဝယ်သူတို့အကြား ဈေးနှုန်းထိန်းချုပ်ထားခြင်းမရှိဘဲ ရောင်းလိုအားနှင့်ဝယ်လိုအားတို့က အဆုံးအဖြတ်ပြုသည့် လက်လီရောင်းဈေး သို့မဟုတ် လက်လီရောင်းဈေး သတ်မှတ်နိုင်ခြင်းမရှိသည့် ကိစ္စရပ်များအတွက် သတ်မှတ်ချက်နှင့်အညီတွက်ချက်ရရှိသည့် ခန့်မှန်းရောင်းဈေးကို ဆိုသည်။

(ဎ) **ကြေညာလွှာ** ဆိုသည်မှာ ဤဥပဒေအရ အခွန်ထမ်းက မိမိ၏ ထုတ်လုပ်ပြီးဖြစ်သည့် အထူးကုန်စည်များ ထုတ်လုပ်ရောင်းချခြင်းအတွက် တင်သွင်းသောပုံစံကို ဆိုသည်။

(ဏ) **စည်းကြပ်ခြင်း**ဆိုသည်မှာ ဤဥပဒေအရ အခွန်ထမ်းက ပေးဆောင်ရမည့် အခွန်သတ်မှတ်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ အခွန်ထမ်းကိုယ်တိုင်က တွက်ချက်အခွန်ပေးဆောင်ပြီး၊ ကြေညာလွှာတင်သွင်း စည်းကြပ်မှုခံယူခြင်းလည်း ပါဝင်သည်။

(တ) **နှစ်** ဆိုသည်မှာ ဘဏ္ဍာရေးနှစ်ကို ဆိုသည်။

(ထ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရဘဏ္ဍာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဒ) **ဦးစီးဌာန** ဆိုသည်မှာ ပြည်တွင်းအခွန်များဦးစီးဌာနကို ဆိုသည်။

(ဓ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(န) **မြို့နယ်အခွန်ဦးစီးဌာနမှူး** ဆိုသည်မှာ ဤဥပဒေအရ အခွန်ထမ်းက ပေးဆောင်ရမည့်အခွန်ကို ကောက်ခံပေးရန် တာဝန်ပေးထားသည့် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၏ တာဝန်ခံအရာရှိကို ဆိုသည်။ ယင်းစကားရပ်တွင် အခွန်ထမ်းကြီးများ ဆိုင်ရာအခွန်ရုံး၊ အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးတို့၌ အခွန်စည်းကြပ်ကောက်ခံရန် တာဝန်ပေးအပ်ထားသည့် ဦးစီးအရာရှိများလည်း ပါဝင်သည်။

**အခန်း(၂)**

**အခွန်ကျသင့်စေခြင်းနှင့် အခွန်ပေးဆောင်ရန်တာဝန်ရှိစေခြင်း**

၄။ (က) မည်သူမဆို အောက်ဖော်ပြပါ ဆောင်ရွက်မှုများအတွက် ဤဥပဒေ၏ နောက်ဆက်တွဲဇယားတွင် ဖော်ပြထားသည့်အတိုင်းအခွန် ကျသင့်စေရမည်။

(၁) အထူးကုန်စည်ကို ပြည်တွင်းသို့ တင်သွင်းခြင်း၊

(၂) အထူးကုန်စည်ကို ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊

(၃) အထူးကုန်စည်ကို ပြည်ပသို့ တင်ပို့ခြင်း။

(ခ) ဤဥပဒေအရ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များကို လက်ဝယ်ထားရှိသူ သို့မဟုတ် ပိုင်ဆိုင်သူများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ဂ) အထူးကုန်စည်များကို တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ ထုတ်လုပ်ခြင်း၊ လက်ဝယ်ထားရှိခြင်း ဆောင်ရွက်သူတို့သည် ဤဥပဒေနှင့်ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည်။

၅။ ဥပဒေပုဒ်မ ၄ အရ အခွန်ကျသင့်သည့် အထူးကုန်စည်နှင့် စပ်လျဉ်း၍-

(က) ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက-

(၁) အထူးကုန်စည်ကို တင်သွင်းသူက ပေးဆောင်ရမည်။

(၂) ပုဒ်မခွဲငယ် (၁)အရ ပေးဆောင်ရမည့်အခွန်ကို အကောက်ခွန်ကောက်ခံသည့် နည်းလမ်းများအတိုင်း အကောက်ခွန်ဦးစီးဌာနက အကောက်ခွန်နှင့်အတူ ကောက်ခံပေးရမည်။

